တက္ကသိုလ်

# သိဟအောင်

## လဝန်းနှင့်ကျောက်တုံး

ပထမပိုင်း

ဝမ်အင်း၏ထင်းမှင်



တက္ကသိုလ်

**သီဟအောင်**

# လဝန်းနှင့်ကျောက်တုံး

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၉၀၂၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၈၈၉၀၇၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ☆ ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကျောက်တိုး

ကျောက်တိုး...

ကျောက်တိုးသည် သစ်သားတိုးထက်လည်းကောင်း၊ ဝါးလုံးထက်လည်းကောင်း၊ မြေကြီးတိုးထက်လည်းကောင်း ပို၍ မာကျောသည်ကို လူတိုင်း သိကြမည် ဖြစ်ပါသည်။

ကျောက်တိုးသည် အေးစက်သည်၊ မာကျောသည်၊ စဉ်းစားတတ်သည်၊ ဦးနှောက်လည်း မရှိပါ။

ဝမ်းနည်းဝမ်းသာ ခံစားချက်လည်း ရှိမည်မဟုတ်ပါ။

သက်မဲ့ကျောက်တိုးတစ်တိုးနှင့် တူလှသော လူသားတစ်ယောက်အား ကျောက်တိုးဟု အမည် သညာပေး ကင်ပွန်းတပ်မည်ဆိုလျှင်လည်း မှားယွင်းလိမ့်မည် မဟုတ်ပါချေ။

ကျီးကန်း၊ ဘဲဥ၊ ခွေးလေး၊ ကျားကလေး စသော နာမည်များ ပေးမိပါမှ မှားယွင်းလိမ့်မည် ဖြစ်ပါသည်။

ထို့ကြောင့် အမှန်အတိုင်း ဖြစ်စေရန် ကျောက်တိုးနှင့် တူလှ

သော လူသားတစ်ယောက်အား ကျောက်တုံးဟု အမည်ပေးခဲ့ကြလေသည်။

♣ ♣ ♣

'ကျန်းမာ'...

ကျန်းမာကို အားလုံးက 'အစ်ကိုကြီး'ဟု ခေါ်ကြသည်။

ထို့ကြောင့် နောက်ပိုင်းတွင် 'ကျန်းမာ'ဟူသော အမည်ရင်းကိုပင် လူအများ မေ့လျော့သွားကြလေသည်။

ကျန်းမာကိုယ်တိုင်ကလည်း သူ့အား အစ်ကိုကြီးဟု ခေါ်ကြသည်ကို နှစ်သက်သဘောကျမိလေသည်။

အစ်ကိုကြီးဟူသည် အကြီးအကဲ၊ ဦးစီးခေါင်းဆောင်၊ ဦးညွှတ်အရိုအသေပေးခြင်းခံရသူစသည့် အဓိပ္ပါယ်ဆောင်သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ကျန်းမာက သူ့အား အစ်ကိုကြီးဟု ခေါ်သည်ကို နှစ်သက်သဘောကျမိခြင်း ဖြစ်လေသည်။ သို့သော်...

ကျန်းမာသည် အစ်ကိုကြီးဟူသော အမည်နှင့် တကယ်တမ်း လိုက်ဖက်ခြင်းမရှိသူ တစ်ယောက် ဖြစ်လေသည်။

ကျန်းမာသည် တစ်ကိုယ်ကောင်းဆန်သူ၊ လောဘကြီးသူ၊ ရက်စက်ကြမ်းကြုတ်သူတစ်ယောက် မဟုတ်ပါလား။

လူကောင်းများကြား၌ အစ်ကိုကြီးသည် နွေးထွေးသူ ဖြစ်သည်။



လူကောင်းများအတွက်ကား သူတို့၏အစ်ကိုကြီးသည် အေးစိမ့်သူ ဖြစ်ပေမည်။

ကျန်းမာသည် အေးစိမ့်သော အစ်ကိုကြီး ဖြစ်လေသည်။

♣ ♣ ♣

ကျန်းမာ(ဝါ)အစ်ကိုကြီးအား ရှောင်စီးတစ်နယ်လုံး သိထားကြသည်။

ကျန်းမာသည် ရှောင်စီးနယ်တွင် တပည့်ငယ်သားများဖြင့် ထင်တိုင်းကျဲနေခြင်းကြောင့် ဖြစ်လေသည်။

ကျန်းမာ၏အလုပ်က ထွေထွေထူးထူး မရှိပါ။

မကောင်းမှုမှန်သမျှ လုပ်ကိုင်ဆောင်ရွက်ရန် တပည့်တပန်းများအား စီစဉ်ညွှန်ကြားပေးရုံသာ ဖြစ်လေသည်။

တပည့်ငယ်သားများသည် ကျန်းမာကို လွန်ဆန်ဝံ့ခြင်း မရှိကြပါချေ။

ကျန်းမာ သေဆိုသေ ရှင်ဆိုရှင် ဖြစ်လေသည်။

မည်မျှပင် အခက်အခဲ အန္တရာယ် ရှိနေပါစေ ကျန်းမာက စေခိုင်းလျှင် အသက်စွန့် ဆောင်ရွက်တတ်ကြလေသည်။

တပည့်များအတွက် အေးစိမ့်သော အစ်ကိုကြီးကျန်းမာသည် မည်သူက မည်မျှပင် လုပ်ကိုင်ဆောင်ရွက်ပေးပါစေ စိတ်တိုင်းကျတတ်သည် မဟုတ်ပါ။

လောကပေါ်၌ အစ်ကိုကြီးကျန်းမာ စိတ်တိုင်းကျသူတစ်

ယောက်ထဲသာ ရှိသည်။

ထိုလူမှာ ကျောက်တုံး ဖြစ်လေသည်။

သို့သော်...

ကျောက်တုံးကလည်း ကျောက်တုံးကဲ့သို့ လူစားမျိုး ဖြစ်ရကား အခြားသော တပည့်များနှင့် မတူပါ။

ကျန်းမာကို ဂရုစိုက်ခြင်း မရှိပါ။

သူက စိတ်ပါလျှင် ကျန်းမာထံသို့ လာပြီး ခိုင်းစေသမျှ လုပ်ကိုင်ဆောင်ရွက်တတ်သော်လည်း စိတ်မပါလျှင်ကား ကျန်းမာထံသို့ မလာဘဲ အရိပ်အရောင်ပင် ရှာမတွေ့ရအောင် သွားချင်ရာ သွားနေတတ်သူ ဖြစ်လေသည်။

ထို့ကြောင့် ကျန်းမာက ကျောက်တုံးကို သဘောကျမိသည်မှာ အလွန်ထူးဆန်းသည်ဟု ဆိုနိုင်သည်။

တကယ်တော့ ထူးဆန်းခြင်း မရှိကြောင်း ကျန်းမာကော ကျောက်တုံးပါ သူတို့နှစ်ဦးစလုံး သိရှိနားလည်ထားကြလေသည်။

ကျောက်တုံးက ကျန်းမာကို အသုံးချလိုသည်။

ကျန်းမာကလည်း ကျောက်တုံးကို အသုံးချလိုသည်။

ထိုအချိန်အခါမျိုး၌ သူတို့နှစ်ယောက် လက်တွဲမိတတ်ကြသည်။

တစ်ယောက်ကိုတစ်ယောက် အသုံးချစရာ မရှိသော အချိန်မျိုးတွင် တစ်ယောက်အရိပ်ကိုပင် တစ်ယောက် မတွေ့နိုင်ကြတော့ပေ။

♣ ♣ ♣



ရှောင်ကျင်း...

ရှောင်ကျင်းသည် အစ်ကိုကြီးကျန်းမာ၏တပည့်တစ်ယောက် ဖြစ်သည်။

ကျန်းမာအတွက် လိုလေသေးမရှိ ဆောင်ရွက်ပေးရန် အမြဲတမ်း အသင့်ရှိနေတတ်သူလည်း ဖြစ်လေသည်။

ယခု ရှောင်ကျင်းသည် ကျန်းမာထံသို့ အပြေးအလွှား ရောက်ရှိလာလေသည်။

ကျန်းမာက တစ်ယောက်ထဲထိုင်ကာ ရေနွေးကြမ်း သောက်နေစဉ် ရှောင်ကျင်း ရောက်ရှိလာခြင်း ဖြစ်လေသည်။

ကျန်းမာက မျက်မှောင်ကုပ်ကာ ကြည့်လိုက်သည်။

"ရှောင်ကျင်း၊ မင်း ဘယ်လိုလဲ၊ ဘီလူးသရဲတစ်ကောင်ကို တွေ့လာသလိုမျိုးပါလား"

ရှောင်ကျင်းက...

"ကျုပ်က ဘီလူးသရဲထက်ဆိုးတဲ့ လူတစ်ယောက်ကို တွေ့လာတာပါ အစ်ကိုကြီး"

ကျန်းမာ ပိုပြီး မျက်မှောင်ကုပ်သွားလေသည်။

"ဘီလူးသရဲထက်တောင် ပိုပြီး ဆိုးတယ် ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"မင်းစကားက အဆန်းပါလား၊ ကဲ ဘယ်သူ့ကို တွေ့ခဲ့သလဲဆိုတာ ငါ့ကို ပြောစမ်းပါဦး"

"ဖေးယွင်ကို တွေ့ခဲ့တာပါ"

"ဘာ"

ကျန်းမာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လက်ထဲမှ ရေနွေးကြမ်းပန်းကန်လည်း လွတ်ကျသွား မတတ် ဖြစ်သွားလေသည်။

ရောင်ကျင်းကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ဖေးယွင်ကို တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီး"

"ဘယ်မှာ တွေ့ခဲ့တာလဲ"

"မြို့ထဲမှာ.."

"ဟာ မဖြစ်နိုင်တာ"

"ကျွန်တော် သေသေချာချာ တွေ့ခဲ့တာပါ အစ်ကိုကြီး"

ရောင်ကျင်းက သူ၏မျက်လုံးအစုံကို ညွှန်ပြသက်သေထူ ယင်း ပြောလေသည်။

ရောင်ကျင်းသည် အပြစ်တင်ခံပြီး လိမ်ညာပြောဆိုမည့် သူတစ်ယောက် မဟုတ်ပါချေ။သူ၏စကားမှားလျှင် ဆူပူကြိမ်းမောင်း အပြစ်ပေးခံရမည်ကို မသိဘဲ နေမည်မဟုတ်ပါ။

ဖေးယွင်ကို အမှန်တကယ် တွေ့ခဲ့ခြင်းကြောင့်သာ အမော တကော ပြေးလာပြီး ပြောပြနေခြင်း ဖြစ်ရပေမည်။

ကျန်းမာက ရောင်ကျင်း၏စကားကို ယုံကြည်လိုက်လေ သည်။

"သည်ကောင်က ပြန်လာရဲသေးတာ နည်းတဲ့သတ္တိ မဟုတ် ဘူး"

ဟုရေရွတ်လိုက်ပြီး တဆက်တည်းပင် ရောင်ကျင်းအား



တာဝန်ပေးလိုက်လေသည်။

"ရောင်ကျင်း၊ မင်းက ဖေးယွင် ဘာလုပ်တယ်၊ ဘယ်သွား တယ်၊ သူ့မှာ ဘယ်လို အကြံအစည် ရှိတယ်ဆိုတာ သိရအောင် မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်ပါ"

"ကောင်းပါပြီ အစ်ကိုကြီး"

"မင်းသွားတော့"

ကျန်းမာ လက်ဝှေ့ယမ်းပြလိုက်လျှင် ရောင်ကျင်းလည်း ဦးညွတ်ဂါရဝပြုပြီး ပြန်ထွက်သွားတော့သည်။

တစ်ယောက်ထဲ ကျန်ရစ်ခဲ့တော့မှ ကျန်းမာက ရေနွေးကြမ်း တစ်ခွက် ငုံ့သောက်လိုက်သည်။

စိတ်တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။

ဖေးယွင် ပြန်ရောက်လာခြင်းကြောင့် ရောင်ကျင်း အလန့် တကြား ဖြစ်နေသည်မှာ အကြောင်းရှိပါသည်။

ရေနွေးကြမ်း သုံးလေးခွက်လောက် သောက်လိုက်ပြီးမှ ကျန်းမာ စိတ်တည်ငြိမ်သွားလေသည်။

"ကျောက်တုံးက ဘယ်ရောက်နေပါလိမ့်"

ဟုလည်း ရေရွတ်လိုက်လေသည်။

ကျန်းမာက ကျောက်တုံးအား အဘယ်ကြောင့် သတိရလိုက် ပါသနည်း။ အံ့သြစရာကောင်းသည်မှာ ကျန်းမာက သတိရလိုက် ချိန်၌ ကျောက်တုံးကလည်း ကျန်းမာအား သတိရနေခြင်း ဖြစ်ပေ တော့သည်။

♣ ♣ ♣

## လေယူရာ

ရှမ်းစီးနယ်သည် တောတောင်ရေမြေသဘာဝ အလှအပများဖြင့် သာယာလှပပြီး စည်ကားသိုက်မြိုက်သော နယ်မြေဒေသကြီးတစ်ခု ဖြစ်လေသည်။

ရုတ်တရက်ဆိုလျှင် အလွန်နေချင်စဖွယ်ကောင်းသော နယ်မြေဒေသကြီးဟု ထင်ရမည် ဖြစ်သော်လည်း အမှန်စင်စစ် ဒုစရိုက်မှု အလွန်ပေါများသော ဒေသ ဖြစ်လေသည်။

ရှမ်းစီးနယ်၏တစ်ခုသော လမ်းကလေးအတိုင်း မြင်းစီးသမားတစ်ယောက် ခရီးနှင်လာလေသည်။

မြင်းစီးသမားသည် အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသော လူငယ်လူရွယ်တစ်ယောက် ဖြစ်သည်။



သူ၏ရုပ်သွင်က ချောမောခန့်ညားခြင်းတော့ မရှိပါ။

သူလို၊ ကိုယ်လို၊ သာမန်ရုပ်သွင်မျိုး ဖြစ်လေသည်။

လူငယ်၏အဝတ်အစားများကလည်း သစ်လွင်တောက်ပြောင်ခြင်း မရှိပါ။

သာမန်ခရီးသွား မြင်းစီးသမားတစ်ယောက်ဟု ဆိုရအောင် ခရီးသွား အသုံးအဆောင်ပစ္စည်း မယ်မယ်ရရ ပါလာခြင်းလည်း ရှိပါ။

အဝတ်တစ်ထည်ကိုယ်တစ်ခု၊ မြင်းတစ်ကောင်ဖြင့် ခြေဦးတည့်ရာ သွားနေသူတစ်ယောက်ဟုဆိုလျှင် မမှားနိုင်သော လူငယ်တစ်ယောက် ဖြစ်လေသည်။

သို့သော်...

ထိုလူငယ်ကို သေသေချာချာ ကြည့်ပါက သာမန်လူများနှင့် မတူဘဲ ထူးခြားမှု တစ်စုံတစ်ခု ရှိနေသည်ဟု ထင်ရမည် ဖြစ်လေသည်။

လူငယ်ထံမှ အေးစက်ခြင်း၊ မာကျောခြင်း စသည့် အငွေ့အသက်များ လွင့်ပျံ့ထွက်ပေါ်နေသည်ဟု ခံစားသိရှိရမည် ဖြစ်လေသည်။

သာမန်လူတစ်ယောက်ဟု ထင်ရပြီး သာမန်လူ မဟုတ်သော မြင်းစီးသမားလူငယ်မှာ 'ကျောက်တုံး' ဖြစ်လေသည်။

ကာလအတန်ကြာ ပျောက်ဆုံးနေသော ကျောက်တုံးသည် ရှမ်းစီးနယ်သို့ ပြန်လည် ရောက်ရှိလာပြီ ဖြစ်လေသည်။

♣ ♣ ♣

ကျောက်တုံးက မြင်းကို ခြေလှမ်းမှန်မှန် မောင်းနှင်ကာ အေးအေးဆေးဆေး စီးနင်းလာခဲ့လေသည်။

မြင်းကျောပေါ်၌ သက်တောင့်သက်သာထိုင်ရင်း တေးသီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးလေး သီဆိုနေသေး၏။

ကျောက်တုံးသည် ဘယ်သောအခါမဆို ကျောက်တုံးတစ်တုံးကဲ့သို့ အေးတိအေးစက် ရှိနေတတ်လေသည်။ ခပ်အေးအေး ရှိနေတတ်လေသည်။

ကျောက်တုံး စီးနင်းလာသော မြင်းမှာ ခရီးဝေးနှင်နိုင်သော မျိုးကောင်းမျိုးသန့် မြင်းတစ်ကောင် မဟုတ်ပါ။

မည်သည့်နေရာ၌မဆို ဈေးပေါပေါနှင့် ဝယ်ယူနိုင်သည့် အညံ့စားမြင်းတစ်ကောင် ဖြစ်လေသည်။

ယခု...

ကျောက်တုံးစီးနင်းလာသော မြင်းမှာ ခြေကုန်လက်ပမ်းကျကာ မောပန်းနွမ်းနယ်နေပုံ ပေါ်လွင်နေသည်။

ကျောက်တုံးက ပူပြင်းသော နေရှိန်အောက်၌ တစ်နေ့လုံး မရပ်မနား မောင်းနှင်စီးနင်းလာခဲ့သည် မဟုတ်ပါလား။

ခပ်ညံ့ညံ့မြင်းတစ်ကောင်အား တစ်နေ့လုံး မရပ်မနား မောင်းနှင်ကာ ခရီးနှင်သူသည် သူကိုယ်တိုင်လည်း ခပ်ညံ့ညံ့လူတစ်ယောက် ဖြစ်ရပေမည်။

ကျောက်တုံးက ခပ်ညံ့ညံ့လူတစ်ယောက်တော့ မဟုတ်ပါ။

သူက ခပ်ညံ့ညံ့မြင်းကို အသုံးပြုနေရခြင်းမှာ မြင်းကောင်းတစ်ကောင် ဝယ်ယူဖို့ ငွေမရှိသောကြောင့် ဖြစ်လေသည်။



သူ၏အိတ်ထဲ၌ ငွေတစ်ပြားတစ်ချပ်မျှ မရှိတော့ဟုပင် ဆိုနိုင်သည်။

ဘာမှ မတတ်နိုင်ခြင်းကြောင့် ခပ်ညံ့ညံ့မြင်းကို စီးနင်းပြီး သီချင်းဆိုကာ ခပ်အေးအေး ခရီးနှင်လာခဲ့ခြင်း ဖြစ်ပါတော့သည်။

ကျောက်တုံးအတွက် မြင်းကောင်းတစ်ကောင် လိုအပ်နေသကဲ့သို့ အဝတ်အစားနှင့် စားစရာလည်း လိုအပ်နေပါသည်။

ကျောက်တုံးသည် လမ်းကလေးအတိုင်း မသွားတော့ဘဲ မြင်းကို လမ်းဘေးသို့ မောင်းချလိုက်သည်။

ထို့နောက် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းမောင်းနှင်သွားလိုက်လေသည်။

သစ်ပင်ရိပ်များက ပူပြင်းသော နေရောင်ခြည်ကို ထိုက်သင့်သလောက် အကာအကွယ်ပေးလေသည်။

လမ်းမရှိသော တောအုပ်ထဲမှ ကွေ့ပတ်စီးနင်းကာ ခရီးနှင်ခြင်းဖြင့် လူကော မြင်းပါ အပူရှိန်ဒဏ်မှ သက်သာသွားစေခဲ့လေသည်။

ကျောက်တုံးက တေးသီချင်း ဆိုညည်းမပျက် ခပ်အေးအေးပင် ဆိုညည်းနေသည်။

သူ့အတွက် ပူပင်သောကဟူသမျှ မြူမှုန်မျှပင် မရှိသည့်သဘောမျိုး ဖြစ်လေသည်။ ရုတ်တရက်...

သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် ခုန်ထွက်လာလေသည်။

ထိုလူ၏လက်ထဲ၌ လေးမြှားတစ်လက် ကိုင်ထားသည်။

ကျောက်တုံးအား ပစ်ခတ်ဖို့ အသင့်ချိန်ရွယ်ထားပြီး ဖြစ်သည်။

သို့သော် ထိုလူသည် ကျောက်တုံးအား တွေ့မြင်လိုက်သည်နှင့် ပစ်ခတ်ခြင်း မပြုတော့ချေ။

သူ၏မျက်နှာတွင် အလွန်အံ့ဩသော အသွင် ဖြစ်ပေါ်လာလေသည်။

"မင်း...မင်းက ကျောက်တုံး မဟုတ်လား"

ထိုလူသည် ကျောက်တုံးကို သိနေပါတော့သည်။

ကျောက်တုံးက ပြန်မဖြေပါ။

ထိုလူကို အမှုလည်း မထားပါ။

သီချင်းဆိုမပျက်ဘဲ မြင်းကို ဆက်လက်မောင်းနှင် စီးနင်းသွားလေသည်။

ထိုလူ၏နံဘေးမှ ဖြတ်သန်းစီးနင်းသွားလိုက်ခြင်း ဖြစ်လေသည်။

ထိုလူသည် ကျောက်တုံးကို မျက်လုံးကြီးပြူး၍ ကြည့်ရင်းနောက်က လိုက်သွားလေသည်။

သူ၏လက်ထဲ၌ လေးမြှားကိုင်ဆောင်ထားသော်လည်း အသုံးမပြုခြင်းကြောင့် ဘာမှ အသုံးမကျ အရာမဝင်သည့် ပစ္စည်းတစ်ခုပမာ ဖြစ်သွားလေသည်။

လေးမြှားကြောင့်လည်းကောင်း၊ တောအုပ်ထဲ၌ တွေ့ရခြင်းကြောင့်လည်းကောင်း ထိုလူမှာ အမဲလိုက်မုဆိုးတစ်ယောက် ဖြစ်မည် ထင်စရာရှိ၏။



သူက မုဆိုးမဟုတ်ပါ။

မုဆိုး ဖြစ်ခဲ့လျှင်လည်း တောတိရစ္ဆာန်များကို လိုက်လံဖမ်းဆီးသည့် မုဆိုး မဟုတ်ပါ။

ထိုလူသည် လူများအား အမဲလိုက်သည့် မနုဿမုဆိုးသာ ဖြစ်ပေမည်။

ထိုလူမှာ လူဆိုးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

အစ်ကိုကြီးကျန်းမာ၏တပည့် လူဆိုးလူမိုက်တစ်ယောက် ဖြစ်ပေတော့သည်။

ကျန်းမာသည် 'ရှောင်စီးနယ်'၌သာမက အခြားပြည်နယ်ကြီး ငါးခု၌ပါ ဆုငွေထုတ်ခံထားရသည့် လူဆိုးကြီးတစ်ဦး ဖြစ်လေသည်။

ကျန်းမာအား ဆုံးမ သုတ်သင်လိုသူများ ဖမ်းဆီးလိုသူများ ရှိနေခြင်းကြောင့် ကျန်းမာက တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ရှောင်တိမ်းနေခဲ့သည်။

အထူးသဖြင့် ရှောင်စီးနယ်ထဲ၌ပင် လှည့်လည်နေထိုင်ခဲ့လေသည်။

ယနေ့ ရှောင်စီးနယ်မြောက်ပိုင်း၌ ကျန်းမာကို တွေ့လိုက်ရသော်လည်း နောက်တစ်နေ့တွင် ကျန်းမာသည် ရှောင်စီးနယ်မြောက်ပိုင်းသို့ ရောက်ချင်ရောက်နေတတ်လေသည်။

ရှောင်စီးနယ်ဇာတိဖြစ်၍ ရှောင်စီးနယ်ထဲ၌ လှည့်ပတ်ရှောင်တိမ်းနေထိုင်ရာ၌ အလွန်ကျွမ်းကျင်သူ ဖြစ်သည်။

ဖမ်းဆီးဆုံးမလိုကြသူများ မည်မျှပင် ကြိုးစားကြသော်

လည်း ကျန်းမာမှာ ယနေ့ထက်တိုင် လွတ်မြောက်နေဆဲ ဖြစ်လေသည်။

ကျောက်တုံးက လမ်းရိုးလမ်းမှန်မှ [illegible]သွားဘဲ လမ်းဘေးသို့ ဖဲ့ဆင်းကာ တောအုပ်ထဲမှ ဖြတ်သွားရသည်မှာ အဘယ်ကြောင့်ပါနည်း။

ထိုတောအုပ်ထဲ၌ ကျန်းမာနှင့် သူ၏တပည့်များ ခိုအောင်းနေကြောင်း သိထား၍လော။

လေးမြားကိုင်ထားသူက အံ့ဩစိတ်နှင့်အတူ ကျောက်တုံးနောက်သို့ လိုက်သွားလေသည်။

ကျောက်တုံးက မြင်းကို ဆက်လက်စီးနင်းသွားရာ မကြာပါ တောအုပ်အလယ်မှ လူသားတို့ ခုတ်ထွင်ရှင်းလင်းထားသော မြေကွက်လပ်တစ်ခုသို့ ရောက်ရှိသွားလေတော့သည်။

♣ ♣ ♣

မြေကွက်လပ်ကြီးသည် သဘာဝအလျောက် ဖြစ်ပေါ်နေခြင်း မဟုတ်ပါ။

လူသားတို့က သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းထားခြင်းကြောင့် မြေကွက်လပ်ကြီး ဖြစ်လာရလေသည်။

မြေကွက်လပ်ပေါ်၌ ကြီးမားသော ရွက်ဖျဉ်တဲကြီးတစ်လုံး ရှိသည်။ ရွက်ဖျဉ်တဲနံဘေး၌ မြင်းလေးငါးကောင် ချည်နှောင်ထားသည်။



မီးဖို၊ အိုးခွက်ပန်းကန်မှအစ အခြားလူ့အသုံးအဆောင်ပစ္စည်းများလည်း ဟိုနားသည်နား တွေ့ရလေသည်။

ဤနေရာ၌ လူတစ်စု စခန်းချနေထိုင်လျက် ရှိကြောင်း ထင်ရှားလေသည်။

တောတောင်ထဲ၌ လျှို့ဝှက်စွာ နေထိုင်ကြသူများမှာ မည်သူများ ဖြစ်ကြပါသနည်း။

ကျောက်တုံး၏ခပ်ညှို့ညှို့မြင်းသည် မြေကွက်လပ်သို့ ရောက်လျှင် အလိုလို ရပ်တန့်သွားလေသည်။

မြင်းညှို့က ရပ်တန့်လိုက်သော်လည်း ကျောက်တုံးက အော်ငေါက်ကြိမ်းမောင်းခြင်း မပြုပါ။

သီချင်းဆို မပျက်ပါ။

သူက ကျောက်တုံး ဖြစ်သည်။

ဘယ်တော့မဆို၊ မတုန်မလှုပ်၊ ခပ်အေးအေး၊ ခပ်ပျော်ပျော်နေတတ်သည် မဟုတ်ပါလား။

သူက မိတ်ဆွေများကို ခင်မင်ရင်းနှီးစွာ ပျော်ပျော်ရွှင်ရွှင်ဆက်ဆံတတ်သည်။ ထို့အတူ...

ရန်သူများကိုလည်း ခပ်ပျော်ပျော်ပင် ရင်ဆိုင်တတ်လေသည်။

သူ၏အကျင့်စရိုက်သည် ဘယ်သောအခါမှ ပြောင်းလဲသွားလိမ့်မည် မဟုတ်ပါချေ။

မြင်းညှို့က ရပ်တန့်လိုက်သည်နှင့် ကျောက်တုံးကလည်း မြင်းပေါ်မှ ဆင်းလိုက်လေသည်။

ရွက်ဖျင်တဲကြီးကြောင့် ကျောက်တုံးအတွက် အဖော်များ တွေ့ရတော့မည် ဖြစ်သည်။

မြင်းညံ့ကလည်း လွတ်လပ်ပေါ့ပါးစွာဖြင့် အဖော်မြင်းများ ရှိရာသို့ လှမ်းသွားလေတော့သည်။

ရုတ်တရက် ရွက်ဖျင်တဲထဲမှ လူတစ်ယောက် လှမ်းထွက်လာလေသည်။ထိုလူက ကျောက်တုံးကို လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

"ကျောက်တုံး၊ ငါက မင်းကို ခုလို မမျှော်လင့်ဘဲ တွေ့ရမယ် မထင်မိဘူး"

ကျောက်တုံးက...

"တစ်ယောက်ကိုတစ်ယောက် မကြာခဏ တွေ့နေကြတာထက် ခုလို မမျှော်လင့်ဘဲ တွေ့ရတာက အရသာတစ်မျိုးပေါ့ဗျာ"

သူ၏စကားက လွတ်လပ်ပေါ့ပါးကာ ဟာသဆန်လေသည်။

သို့သော် ရွက်ဖျင်တဲထဲမှ ထွက်လာသူက ရယ်မောခြင်း မပြုပါချေ။ ကျောက်တုံးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းကို ကြည့်ရတာ ခရီးဝေးက လာခဲ့သလိုပဲ၊ ဘယ်တွေ ရောက်ခဲ့သလဲ ပြောစမ်းပါဦး"

ကျောက်တုံးက...

"နေရာအနှံ့အပြားပါပဲလေ"

"ဩော်"

ထိုလူ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။



"မင်းက နေရာအနှံ့အပြားကို ရောက်ခဲ့တာကိုး၊ ဒါထက် မင်း အခု စီးလာတဲ့မြင်းက တော်တော်ညံ့တာပဲ၊ မင်းမှာ အဖိုးတန် မြင်းကောင်းတစ်ကောင် ရှိပါတယ်၊ ဘယ်ရောက်သွားလို့လဲ ပြောစမ်းပါဦး"

"နန်ကင်းမှာ ကျန်ခဲ့တယ်"

"မင်းရဲ့ အဝတ်အစားနဲ့ အသုံးအဆောင်ပစ္စည်းတွေက ကော"

"နန်ကင်းမှာပဲ"

"မင်းရဲ့ ငွေတွေကော"

"ပြောရဦးမှာလားဗျာ၊ နန်ကင်းမှာပဲပေါ့"

နန်ကင်း...

နန်ကင်းသည် အပျော်အပါး၊ လောင်းကစားဝိုင်းများ၊ မှိုလိုပေါများသော အရပ်ဒေသ ဖြစ်လေသည်။

မည်သူမဆို လက်ထဲ ငွေများများ ရှိလာလျှင် နန်ကင်းသွားကာ ပျော်ပါးသုံးဖြုန်းမည်ဟု စိတ်ကူးမိကြမည်သာ ဖြစ်လေသည်။

အထူးသဖြင့် ဒုစရိုက်သမားများအတွက် နန်ကင်းသည် ပျော်စရာသုခဘုံကြီးတစ်ခု ဖြစ်ပါတော့သည်။

ကျောက်တုံးက အရာရာအားလုံး နန်ကင်း၌ ကျန်ရစ်ခဲ့သည်ဟု ပြောနေသည်မှာ မည်သို့သောသဘော ဖြစ်ပါသနည်း။

ထိုလူ သက်ပြင်းချလိုက်သည်။

"မင်းကို ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေတဲ့အပြင် ဆာလောင်မွတ်သိပ်နေပုံလည်း တွေ့ရတယ်"

"ဟား...ဟား...ဟား"

ကျောက်တုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

"အစ်ကိုကြီး၊ ခင်ဗျားက မတွေ့ရတာ ဘာမှ မကြာသေးဘူး လူကဲခတ်ပညာ အတော်တိုးတက်လာပါလားဗျာ"

"ဟား...ဟား...ဟား"

ထိုလူကလည်း ရယ်မောလိုက်လေသည်။

ထိုလူမှာ အထင်ကရ နာမည်ကြီး၊ အစ်ကိုကြီး'ကျန်းမာ' ဖြစ်လေသည်။

ကျောက်တုံးက...

"အစ်ကိုကြီး ခန့်မှန်းတာ မဆိုးဘူး၊ ကျုပ် ဘာမှ မစားရတာ သုံးရက်လောက် ရှိနေပြီ၊ ခုချိန်မှာ ကြက်ကင်သုံးကောင်၊ အရက်တစ်အိုးနဲ့ အသားလွတ်ပေါက်စီ ဆယ့်လေးငါးလုံးလောက် စားရမယ်ဆိုယင် မျက်တောင်တစ်ခတ်တောင် ကြာမှာ မဟုတ်ဘူး၊ အားလုံး တက်တက်စင်ပြောင်သွားမှာပဲ"

ကျန်းမာက...

"စိတ်ချ ရမယ်၊ မင်းပြောသလို စားနိုင်ဖို့ကပဲ အရေးကြီးပါတယ်"

"စောင့်ကြည့်လိုက်ပေါ့ဗျာ"

ကျန်းမာက ခေါင်းဆောင်သွားရာ ကျောက်တုံးလည်း လိုက်ပါသွားလေတော့သည်။

♣ ♣ ♣



ကျောက်တုံးက အပိုစကားပြောခြင်း မဟုတ်ပါ။

သူပြောခဲ့သည့်အတိုင်း ကြက်ကင်သုံးကောင်၊ အရက်တစ်အိုးနှင့် ပေါက်စီဆယ့်ငါးလုံးကို တစ်ထိုင်တည်းကုန်အောင် စားပစ်လိုက်လေသည်။

ဗိုက်တင်းကားသွားသည်နှင့် မျက်ခွံများ လေးလံကာ အိပ်ချင်လာလေတော့သည်။ သို့သော် သူမအိပ်ဖြစ်သေးပါ။

အစ်ကိုကြီးကျန်းမာက တစ်ချိန်လုံး သူ့အား မျက်တောင်မခတ် အကဲခတ်ကြည့်နေသည် မဟုတ်ပါလား။

ယခုအချိန်တွင် သူဘာတွေ လုပ်ခဲ့သည်၊ ဘာတွေ ဖြစ်ခဲ့သည်ကို အစ်ကိုကြီးကျန်းမာ လွန်စွာမှပင် စိတ်ဝင်စားနေပေလိမ့်မည်။

ကျောက်တုံး တွေးထားသည့်အတိုင်း ကျန်းမာ မအောင့်အည်းနိုင်တော့ဘဲ မေးလာလေတော့သည်။

"ကျောက်တုံး"

"ဗျာ...အစ်ကိုကြီး..."

"မင်းမှာ ရှိသမျှ အားလုံးကုန်ပြီ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ကျန်းမာက...

"မင်းအတွက် ခုချိန်မှာ ငွေလိုမယ်၊ အရက်လိုမယ်၊ အဝတ်အစားလိုမယ်၊ မြင်းကောင်းတစ်ကောင် လိုမယ်"

ကျောက်တုံးက...

"အားလုံး လိုနေတာပါပဲဗျာ"

"ဒါကြောင့် မင်းက ငါ့ဆီကို လာခဲ့တာလား"

"ကျုပ်က.."

"ကျောက်တုံး၊ မင်းလိုချင်တာတွေကို ငရဲပြည်မှာ သွားရှာပေတော့၊ သည်နေရာမှာတော့ မရဘူးကွ"

ကျောက်တုံးက...

"ဟုတ်တာပေါ့၊ အစ်ကိုကြီး ပြောတာ မှန်တာပေါ့"

ဟုထောက်ခံလိုက်လေသည်။ တဖန်...

"အစ်ကိုကြီးက စကားပြောလိုက်တော့ ကျုပ်ဗိုက်ပြည့်နေတာ လျော့သွားတာပေါ့"

စားပွဲပေါ်၌ ရှိနေသော ပန်းသီး၊ ငှက်ပျောသီးများကို ယူစားလိုက်လေသည်။ ကျန်းမာ ဒေါပွသွားလေသည်။

"မင်းနေရာမှာ တခြားတစ်ယောက်ဆိုယင် ငါချက်ချင်းမောင်းထုတ်လိုက်ပြီ"

"ကျုပ်ကို မောင်းမထုတ်တာ အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ်ဗျာ"

ကျောက်တုံးက ပြောလည်းပြော ကြက်ဥပြုတ်တစ်လုံး ယူစားလိုက်သည်။

အရက်ကိုလည်း ငုံ့မသောက်ဘဲ အိုးလိုက်မ,ယူကာသောက်လိုက်လေသည်။ ကျန်းမာ မျက်လုံးပြူးသွား၏။

"မင်း သည်လောက်တောင် စားနိုင်တယ် ဟုတ်လား"

ကျောက်တုံးက...

"အစ်ကိုကြီးက ထပ်ပြောနေယင် ကျုပ်က ဗိုက်ချောင်သွား



ပြီး ထပ်စားမိဦးမှာပဲ"

"အေး သည်လောက်တောင် စားနေယင် ဘယ်လိုလုပ်ပြီး အစာကြေတော့မှာလဲ"

"ကိစ္စမရှိဘူး၊ ကျုပ်အတွက် စိတ်မပူပါနဲ့၊ ကျုပ်က အစာကြေလွယ်ပါတယ်ဗျာ"

ကျောက်တုံးမှာ တကယ့် အာဂလူတစ်ယောက် ဖြစ်နေပါသည်။

အစ်ကိုကြီးကျန်းမာသည် ကျောက်တုံးကို မျက်တောင်မခတ်ကြည့်ယင်း သက်ပြင်းချလိုက်လေသည်။

"အင်းပေါ့လေ၊ ငါလည်း မင်းတို့လို အရွယ်တုန်းကဆိုယင် သည်လို စားသောက်နိုင်ခဲ့တာပါပဲလေ"

"ကျုပ်ယုံပါတယ်ဗျာ"

"ဒါထက် မင်းက နန်ကင်းကို သွားတော့ လျှံငွေ နှစ်သောင်းငါးထောင်လောက် ပါသွားတယ် မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါ အားလုံး ကုန်သွားတာပဲလား"

ကျောက်တုံး ခေါင်းခါယမ်းလိုက်လေသည်။

"အားလုံးတော့ ကုန်မသွားပါဘူးဗျာ၊ ငွေတစ်ရာလောက်တော့ ကျန်ပါသေးတယ်"

"ဘာကွ ငွေတစ်ရာ ဟုတ်လား"

"ဟုတ်တယ်၊ ခြေစောင့်လက်စောင့် ချန်ထားတာလေ"

"ကောင်းကွာ"

ကျောက်တုံးက ဦးညွတ်လိုက်သည်။

"ကျုပ်ကို ကျွေးမွေးပြုစုတဲ့အတွက် အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်က ဗိုက်ဝသွားပြီ၊ အိပ်ချင်လာပြီ၊ ဒါကြောင့် ကူညီလက်စနဲ့ တရေးတမောလောက် အိပ်ခွင့်ပေးယင် သိပ်ကောင်းမှာပဲဗျာ"

ကျန်းမာ နှာခေါင်းရှုံ့လိုက်လေသည်။

"မင်းက ဘယ်နှစ်ညများ အိပ်ရေးပျက်ခဲ့လို့လဲ ပြောစမ်းပါဦး"

ကျောက်တုံးက လက်ဆယ်ချောင်းထောင်ကာ နှစ်ကြိမ်လှုပ်ရှားပြလိုက်သည်။

"ဆယ်ရက်"

"မဟုတ်ဘူး"

"ရက်နှစ်ဆယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ရက်နှစ်ဆယ်လုံးလုံး တစ်ရေးမှ မအိပ်ရတာ မဟုတ်ပါဘူး၊ တရေးတမော အိပ်ရတဲ့ ညတွေလည်း ရှိပါသေးတယ်"

ကျောက်တုံးက ပြောယင်း သမ်းဝေလိုက်လေသည်။

ကျန်းမာက...

"မင်း ဘာတွေ လုပ်နေလို့ သည်လောက်တောင် အိပ်ရေးပျက်နေရတာလဲ"

"ကျုပ်က လောင်းကစားဝိုင်းမှာ အချိန်ကုန်ခဲ့တာပေါ့၊ ပထမရှုံးတယ်၊ နောက်နိုင်တယ်၊ တခါ ပြန်ရှုံးတယ်၊ ငွေကုန်ကာနီး



တော့ ပြန်နိုင်တယ်၊ သည်လိုနဲ့ သံသရာရှည်သွားတာ"

ကျောက်တုံးက ပြောယင်း ဝါးခနဲ သမ်းဝေလိုက်ပြန်သည်။

ပါးစပ်ကို လက်ဖြင့် အုပ်ယင်း ထိုင်ရာမှ ထလိုက်သောအခါ ဒယီးဒယိုင် ဖြစ်နေပါသည်။

မျက်လုံးများလည်း မှေးစင်းနေပြီ ဖြစ်သည်။

ကျောက်တုံးက...

"အစ်ကိုကြီးကို ကျေးဇူးတင်ပါတယ်ဗျာ"

ပြောယင်း ခန်းဆီးကာထားသော စွက်ဖျဉ်တဲအတွင်းပိုင်းသို့ လှမ်းသွားလိုက်လေသည်။

စွက်ဖျဉ်တဲကား အိမ်ကြီးတစ်ဆောင်နှင့် တူလှသည်။

ခန်းဆီးများ ကာရံကာ အခန်းများ ဖွဲ့စည်းထားလေသည်။

ကျောက်တုံးက ခန်းဆီးတစ်ခုကို 'ဖယ်ရှားကာ အတွင်းဘက် လှမ်းဝင်လိုက်၏။

ခန်းဆီးကို ပြန်ချလိုက်သောအခါ အစ်ကိုကြီးကျန်းမာ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

"တောက်"

ကျန်းမာ တက်ခေါက်ကာ ထိုင်ရာမှ ထလိုက်လေသည်။

ကျောက်တုံးနောက်သို့ ချက်ချင်းလိုက်သွား၏။

ခန်းဆီးစကို ဖယ်ရှားလိုက်သောအခါ ကျောက်တုံးက စောင်တစ်ထည်ခင်းပြီး ခွေခွေကလေး လှဲအိပ်နေသည်ကို တွေ့ရလေသည်။

နောက်ထပ် စောင်တစ်ထည်ကို ခေါက်၍ ရင်ဘတ်ပေါ်

တင်ထားလေသည်။

အစ်ကိုကြီးကျန်းမာ ရောက်သွားချိန်၌ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် တစ်ကြိမ်နှစ်ကြိမ် လုပ်လိုက်ပြီး နောက်ထပ် ဖွင့် မလာတော့ဘဲ မျက်လုံးမှိတ်ကာ လုံးလုံးလျားလျား ငြိမ်သက်သွား လေတော့သည်။

"ဟေ့ကောင်"

အစ်ကိုကြီးကျန်းမာက ကျောက်တုံး၏ခြေသလုံးကို ခြေဦး ဖြင့် ဆတ်ခနဲ ဆတ်ခနဲ တို့လိုက်သည်။

"ကျောက်တုံး နားထောင်စမ်း၊ မင်းကို ငါပြောစရာ ရှိတယ်"

ကျောက်တုံးကား တစ်ကိုယ်လုံး အကြောအချဉ်များ ပြေ လျော့ထားလေသည်။

မျက်လုံးကား ပြန်ဖွင့်မလာတော့ပါ။

ကျန်းမာ သက်ပြင်းချလိုက်လေသည်။

ကျောက်တုံးကို တစ်ချက်စိုက်ကြည့်ပြီး ကျောခိုင်းလိုက်လေ တော့သည်။

♣ ♣ ♣

## ကျစ်ဆံမြီး

ကျောက်တုံးကား တခေါခေါဟောက်ကာ အိပ်မောကျသွား ပြီ ဖြစ်လေသည်။

ကျန်းမာက စိတ်ပျက်လက်ပျက်ဖြင့် ရွက်ဖျဉ်တဲ အရှေ့ ဘက်သို့ ပြန်ထွက်လာလေသည်။

ကျောက်တုံးသည် သူတွေ့ဖူးခဲ့သည့် လူများအနက် ဘယ် သူနှင့်မှ မတူသူ မဟုတ်ပါလား။

သူတစ်ပါးကဲ့သို့ ဆက်ဆံ၍ မရနိုင်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထား၏။

သူ့အတွက် အလွန်အသုံးဝင်သူလည်း ဖြစ်သည်။

သူ၏လက်အောက်မှ သိုင်းသမားဆိုးဆယ်ယောက်ထက် ကျောက်တုံးက ပို၍အသုံးဝင်မည် ဖြစ်လေသည်။

ထို့ကြောင့်လည်း အစ်ကိုကြီးကျန်းမာက စိတ်ကို ထိန်းချုပ်ကာ လိုက်လိုက်လျောလျော ဆက်ဆံနေခြင်း ဖြစ်ပါသည်။

ကျန်းမာက ရွက်ဖျင်တဲအရှေ့ဘက်သို့ ထွက်လာစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တစ်ယောက်ယောက်တော့ ရောက်လာပြန်ပြီ ဖြစ်သည်။

ဘယ်သူရောက်လာသည်ဖြစ်စေ ကျောက်တုံး ရှိနေပြီဖြစ်ရာ အစ်ကိုကြီးကျန်းမာ ဂရုမစိုက်တော့ပါချေ။

သူ၏ထိုင်ခုံ၌ ပြန်လည်ထိုင်ချပြီး အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

ကျန်းမာသည် ဥပဓိရုပ်ကောင်းပြီး ကျောင်းဆရာတစ်ဦးနှင့် တူသူ ဖြစ်သည်။

အကြောင်းမသိလျှင် ထိပ်သီးလူဆိုးကြီးတစ်ယောက်ဖြစ်ကြောင်း မည်သူကမှ ယုံကြည်နိုင်ကြမည် မဟုတ်ချေ။

ကျန်းမာသည် အတ္တလောဘကြီးသူ၊ ကောက်ကျစ်စဉ်းလဲသူ၊ ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း လူရင်းများကသာ ကောင်းစွာ သိထားကြလေသည်။

အစ်ကိုကြီးကျန်းမာ အရက်တစ်ခွက် သောက်ပြီးသွားချိန်မှ မြင်းခွာသံများသည် ရွက်ဖျင်တဲနှင့် မလှမ်းမကမ်း၌ ရပ်တန့်ပျောက်ကွယ်သွားပြီး လူတစ်ယောက် လှမ်းဝင်လာလေသည်။



ထိုလူမှာ ကျန်းမာ၏လူတစ်ယောက်ပင် ဖြစ်သည်။

'ချင်းကိုး'ဟု အမည်ရှိသော သိုင်းသမားဆိုးတစ်ယောက်လည်း ဖြစ်လေသည်။

ချင်းကိုးအား တွေ့မြင်လိုက်ရလျှင် ကျန်းမာသည် ကျောက်တုံးအား ခေတ္တမေ့လျော့သွားလေသည်။

သူက ချင်းကိုးအား အရေးကြီးသည့် တာဝန်တစ်ခု ပေးထားသည် မဟုတ်ပါလား။

"ချင်းကိုး အခြေအနေ ဘယ်လိုလဲကွ"

ဟုလှမ်းမေးလိုက်သည်။

ချင်းကိုး ဦးညွတ်လိုက်သည်။

"ကျုပ်က ကြိုးစားခဲ့တာပဲ၊ ဒါပေမယ့် အဆင်မပြေခဲ့ပါဘူး အစ်ကိုကြီး"

"ဘယ်လိုဖြစ်တာလဲ"

"ငွေတိုက်ပိုင်ရှင်က ကျုပ်ကို ကြည့်ပြီး တကယ်တမ်း လိုအပ်လာရင် ဆက်သွယ်မယ်လို့ ပြောပြီး ပြန်ခိုင်းလိုက်တယ်"

အစ်ကိုကြီးကျန်းမာတို့ လှို့ဝှက်စခန်းချနေသည့် တောအုပ်နှင့် မနီးမဝေးတွင် မြို့ကလေးတစ်မြို့ ရှိသည်။

ချိန်တူမြို့ ဖြစ်သည်။

ချိန်တူမြို့၌ သူဌေးတစ်ဦးက အာမခံလုပ်ငန်းနှင့် အသွင်သဏ္ဌာန်တူသော ငွေတိုက်တစ်ခု ဖွင့်လှစ်ထား၏။

ချိန်တူမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လူများသည် စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေး ကိစ္စများနှင့် ပတ်သက်၍

အခြားအရပ်ဒေသများနှင့် ငွေရေးကြေးရေး ဆက်ဆံရာတွင် ငွေလွှဲငွေပို့ရန် 'နေဝန်း'ငွေတိုက်ကို အားကိုးကြရလေသည်။

'နေဝန်း'ငွေတိုက်မှာ လုပ်ငန်းတွင်ကျယ် အောင်မြင်လာခြင်းကြောင့် တိုးချဲ့လုပ်ကိုင်ဖို့ စီစဉ်ထားသည်။

အာမခံလုပ်ငန်းများသည်လည်းကောင်း၊ ငွေတိုက်လုပ်ငန်းများသည်လည်းကောင်း လုယက်တိုက်ခိုက်မည့် လူဆိုးဓားပြများ၏ အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရလေသည်။

ထို့ကြောင့် အန္တရာယ်ကို ကာကွယ်နိုင်ရန် သိုင်းသမားများ ထားရှိရလေသည်။

နေဝန်းငွေတိုက်က လုပ်ငန်းတိုးချဲ့မည် ဖြစ်ရာ အားထားရသော သိုင်းသမားများအား ထပ်မံငှားရမ်းဖို့ ရှိလေသည်။

ထိုသတင်းကို သိထားသော ကျန်းမာက ချင်းကိုးအား လွှတ်လိုက်ခြင်း ဖြစ်သည်။

နေဝန်းငွေတိုက်သည် ချင်းကိုး၏အကြောင်းကို မသိဘဲ အလုပ်ခန့်အပ်လိုက်မည်ဆိုပါက သူခိုးဓားရိုးကမ်းသကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

ချင်းကိုးတစ်ယောက်လုံး အတွင်းလူယုံ ရှိနေပြီဆိုပါက နေဝန်းငွေတိုက်မှာ ကျန်းမာ စိတ်တိုင်းကျ ခြယ်လှယ်ခံရတော့မည် ဖြစ်လေသည်။ ယခု...

နေဝန်းငွေတိုက်ပိုင်ရှင်သည် ချင်းကိုးအား စစ်ဆေးကြည့်ပြီးနောက်မှ ဆက်သွယ်မည်ဟု ပြောလိုက်ခြင်းကြောင့် အလုပ်မခန့်လိုသဖြင့် ဥပါယ်တံမျဉ်ဖြင့် ယဉ်ကျေးစွာ ငြင်းပယ်လိုက်ခြင်းဖြစ်ကြောင်း



ကျန်းမာကော ချင်းကိုးပါ နားလည်သဘောပေါက်လေတော့သည်။

ကျန်းမာက...

"နေပါဦး၊ မင်းက သူသဘောမကျအောင် ဘာတွေများ လုပ်ခဲ့မိသေးလို့လဲ"

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုကြီး ကြိုတင်သတိပေးထားလို့ ကျုပ်ကလည်း သတိထားခဲ့တာပေါ့ဗျာ၊ သူက ကျုပ်ရဲ့ သိုင်းပညာကို လက်တွေ့စမ်းသပ်ကြည့်သေးတယ်၊ ကျုပ်က သူ့ရဲ့ငွေတိုက်မှာ ရှိနေတဲ့ သိုင်းသမားသုံးယောက်ကို လက်တစ်ဘက်ထဲနဲ့ အနိုင်ယူပြလိုက်ပြီး ကျုပ်ကို သဘောကျမယ် ထင်နေတာ၊ ဘာကြောင့် ငြင်းလိုက်တယ်ဆိုတာကို ခုထိ စဉ်းစားလို့မရဘူး"

ကျန်းမာ မဲ့ပြုံးပြုံးလိုက်သည်။

"သည်လူက လူလည်တစ်ယောက်ကွ၊ မင်းကို ကြည့်ပြီး စိတ်မချလို့ဘဲ ဖြစ်မယ်"

"ဒါဖြင့် အစ်ကိုကြီး နောက်တစ်ယောက် လွှတ်လိုက်တော့မှ ဖြစ်မယ်"

"ငါကြည့်စီစဉ်ပါ့မယ်"

ချင်းကိုးက...

"ဒါထက် သတင်းကြီးနေတဲ့ ကျောက်တုံး ပြန်ရောက်လာပြီဆို"

ကျောက်တုံး ပြန်ရောက်လာသည်မှာ မကြာသေးသော်လည်း အားလုံး သိနေကြပြီ ဖြစ်လေသည်။

ကျန်းမာ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

ချင်းကိုးက...

"ကျုပ်က သူ့ကို တွေ့ချင်ပါသေးတယ်ဗျာ"

ကျန်းမာက သူ့အား စိုက်ကြည့်လိုက်လေသည်။ကျန်းမာ၏ အကြည့်မှာ ထူးခြားနေကြောင်း ချင်းကိုး သတိပြုမိလိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

သူသည် ကျန်းမာထံသို့ ရောက်လာသည်မှာ မကြာသေးပါချေ။ ထို့ကြောင့် ကျောက်တုံးကို မတွေ့ဘူး မမြင်ဘူးပါ။

ဟိုလူပြော သည်လူပြောဖြင့် ကျောက်တုံး၏သတင်းကို ကြားပြီး စိတ်ဝင်စားနေခြင်း ဖြစ်သည်။

လူဆိုးလူမိုက်များသည် မည်သူ့ကိုမျှ အထင်မကြီးဘဲ ကိုယ့်ကိုကိုယ် အဆိုးဆုံး၊ အမိုက်ဆုံးဟု သွေးနားထင် ရောက်တတ်ကြသည်။ အကြောင်းတစ်စုံတစ်ရာ မရှိဘဲ ဘဝင်မြင့်နေတတ်ကြသည်။

ပို၍ဆိုးမိုက်သူ ဖြစ်သည်ဟု ကြားလျှင် စိတ်ဝင်စားတတ်ကြပြီး အမိုက်ချင်းပြိုင်လိုသည့်ဉာဉ် ရှိကြလေသည်။

ချင်းကိုးလည်း ထိုသို့ပင်ဖြစ်ကြောင်း အတွေ့အကြုံ ရင့်ကျက်နေသည့် ကျန်းမာ နားလည်ထားလေသည်။

"ဘာဖြစ်ရမလဲ၊ မင်းဘာသာ ဘာကောင်ပဲဖြစ်ဖြစ် ကျောက်တုံးကိုတော့ သွားမစမိအောင် သတိထားနိုင်မှ ဖြစ်မယ်"

ချင်းကိုးက အမှုမထားဘဲ...



"သူ့အခြေအနေက ဘယ်လိုလဲ အရင်အတိုင်းပဲလားဗျာ"

"ဒါပေါ့"

"ခြေလက်အင်္ဂါကော စုံစုံလင်လင် ပြန်ပါလာရဲ့လား"

"ပါတာပေါ့၊ မင်းက ဘယ်လိုထင်လို့လဲ"

ချင်းကိုး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ကျောက်တုံးရဲ့ သတင်းကို နားမဆန့်အောင် ားခဲ့ရတော့ ဘယ်လိုလူစားမျိုးလဲဆိုတာ ရိပ်မိတာပေါ့၊ သည်လို စားမျိုးဟာ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ဒဏ်ရာဒဏ်ချက်တွေ း ဒုက္ခရောက်လာမယ်လို့ ကျုပ်ယုံကြည်ထားလို့ဗျ"

ကျန်းမာက...

"မင်း သည်လို ယုံကြည်ရင်လည်း မင်းရင်ထဲမှာပဲထား၊ အကြောင်းကို မင်းသိဖို့ အများကြီးလိုသေးတယ်၊ ကျောက်တုံးဆို ကောင်ဟာ သူ့အကြောင်းကို ခရေစေ့တွင်းကျ သိထားတဲ့လူကို င် မျက်စိလည်သွားအောင် လုပ်နိုင်တဲ့ လူတစ်ယောက်ကွ"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါဗျာ၊ ကျုပ်က သူ့အကြောင်း ရေရေလည်လည် အောင် ကြိုးစားသွားမှာပါ"

ပြောရင်း ထိုင်ရာမှ ထလိုက်လေသည်။

ကျန်းမာက မျက်မှောင်ကုပ်ကာ ကြည့်နေလိုက်သည်။

ချင်းကိုးက ကျောက်တုံး အိပ်နေသော နေရာအနီးသို့ လှမ်း းပြီး ခန်းဆီးကို ဖယ်ရှားလိုက်လေသည်။

ကျန်းမာက တခေါခေါဟောက်လျက် ခွေခွေကလေး အိပ်

မောကျနေသော ကျောက်တုံးကို လှမ်းတွေ့လိုက်ရလေသည်။

ချင်းကိုးကလည်း ကျောက်တုံးကို အကဲခတ်လိုက်သ

ကျောက်တုံးက အင်းခနဲတစ်ချက် ညည်းတွားပြီး တစ်
သို့ ခန္ဓာကိုယ် စောင်းလိုက်လေသည်။

ချင်းကိုး၏မျက်နှာတွင် အထင်သေးသည့် အရိပ်အ
များ ထွက်ပေါ်လာလေသည်။ ကျန်းမာဘက်သို့ လှည့်လိုက်

"သူက အိပ်နေလိုက်တာ ဆင်အော်တာတောင် နိ
မဟုတ်ဘူးဗျ"

ကျန်းမာက…

"မင်း သည်လိုထင်လို့လား"

"ဗျာ"

"ကျောက်တုံးကို အိပ်နေတယ် ထင်ရပေမယ့် အိပ်
အိပ်တာ၊ မအိပ်ဘူး ထင်လို့လဲ အိပ်ပျော်ချင် ပျော်နေတတ်တ

"အစ်ကိုကြီး ပြောသလိုဆိုရင်တော့ သူ့ကို ဘယ်လိုမှ
မလည်နိုင်စရာပဲ"

"ဒါကြောင့် သူ့ကို နားလည်ချင်ရင် အချိန်ကြာကြာ
ကပ်လေ့လာမှ ဖြစ်မယ်လို့ ငါပြောခဲ့တာပေါ့"

"ထားလိုက်ပါတော့ အစ်ကိုကြီးရာ"

ချင်းကိုးက ခန်းဆီးစကို ပြန်ချကာ ကျန်းမာ ရှိရာ လှမ်း
လိုက်လေသည်။

သူ၏စကားသံနှင့် ခြေသံက ကျယ်လောင်နေပါသည်

ကျန်းမာက…



"မင်း တိုးတိုးတိတ်တိတ်နေယင် ကောင်းမယ်"

ဟုသတိပေးလိုက်လေသည်။ ချင်းကိုးက…

"သည်ကောင်ဟာ ကျွပ်အော်နိုးလို့တောင် နိုးမယ့် လူစား
မဟုတ်ပါဘူးဗျာ"

ကျန်းမာ သက်ပြင်းချလိုက်သည်။

"ဒါတော့ ဟုတ်တာပဲ၊ သူက နိုးမှာ မဟုတ်ဘူး၊ ဒါပေမယ့်
နိုးချင်တယ်ဆိုရင် အလိုလို နိုးလာတတ်တဲ့ လူစားမျိုးကွ၊ သူက
ယ်လောက်အိပ်မောကျနေပါစေ အန္တရာယ်ကို သိတတ်တဲ့ လူစား
"

ချင်းကိုးသည် ကျောက်တုံးကို အထင်သေးနေသေး၏။

"ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင် သည်ကောင့် မျက်နှာကို
စ်ယောက်ယောက်က ခြေထောက်နဲ့ တက်နင်းတာမျိုး မြင်ရမှာပဲ"

ထိုစကားကိုတော့ ကျန်းမာ လက်မခံချေ။

"ဒါမျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ ငါ
မခံတယ်"

ချင်းကိုးသည် ကျန်းမာနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်
သည်။ အရက်ကိုလည်း သူ့သဘောနှင့်သူ ငှဲ့သောက်လိုက်၏။

"သည်ကောင်က အတော့်ကို နာမည်ကြီးနေတာ၊ ဒါပေ
သည်လောက် အသက်ငယ်ငယ်ပဲ ရှိဦးမယ်လို့ ကျုပ်မထင်မိခဲ့
"

ကျန်းမာ ပြုံးလိုက်သည်။

"မြွေပွေးဟာ အကောင်ငယ်လည်း အဆိပ်ရှိတယ်ဆိုတဲ့

သဘောပေါ့ကွာ”

ချင်းကိုးသည်လည်း ကျောက်တုံးအား ပေါ့ပေါ့တန် သဘောထား၍ မဖြစ်ကြောင်း နားလည်ထားလေသည်။

ကျောက်တုံးကို မတွေ့ရသေးမီက ရင်ဆိုင်ယှဉ်ပြိုင်လို က ကြီးစိုးနေသည်မှာ မှန်ပေသည်။

ကျောက်တုံး အိပ်ပျော်နေသည်ကို တွေ့လိုက်ရပြီးနေ ယှဉ်ပြိုင်လိုစိတ်များ အနည်းငယ် လျော့ကျသွား၏။

ကျောက်တုံးသည် အိပ်ပျော်နေချိန်မှာပင် ပြိုင်ဘက်မျာ လွှမ်းမိုးနိုင်သူတစ်ယောက် မဟုတ်ပါလား။

ထိုစဉ် ရှက်ဖျဉ်တဲအတွင်းသို့ နောက်ထပ် လူတစ်ယော ဝင်ရောက်လာလေသည်။ ထိုလူမှာ ချင်းကိုးကဲ့သို့ နောက် ရောက်လာသော လူသစ်တစ်ယောက် ဖြစ်လေသည်။

တောင်ပိုင်း၌ ထင်တိုင်းကျဲခဲ့ပြီး အမှုထမ်းများက လိုက် ဖမ်းဆီးနေခြင်းကြောင့် ထွက်ပြေးလာရင်း ရောင်စီးနယ်သို့ ရော ကာ အစ်ကိုကြီးကျန်းမာထံ၌ ဝင်ရောက်ခိုလှုံနေသူ ဖြစ်လေသ

'ဝမ်းခက်'ဟု အမည်ရှိပြီး ချင်းကိုးနှင့် ရှေ့ဆင့်နောက် ရောက်လာသူ ကျောက်တုံး၏သတင်းကို ကြားထားသဖြင့် စိတ် စားနေသူလည်း ဖြစ်လေသည်။ ဝမ်းခက်က...

“ကျောက်တုံး ရောက်လာတယ်လို့ ကျုပ်..”

“ဟုတ်တယ်၊ မင်းစကားတိုးတိုးပြောရင် ကောင်းမယ်

ဝမ်းခက် မကျေမနပ် ဖြ်သွားလေသည်။

“နေပါဦး၊ သူက..”



ထိုစဉ် အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

“ခင်ဗျားက ကျုပ်ကို မမှတ်မိတော့ဘူးလား”

အားလုံးက စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။ ထိုအခါ ကျောက်တုံးက ခန်းစီးစကို ဖယ်ရှားကာ အပြင်ဘက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းခက်သည် ကျောက်တုံးကို မြင်လျှင် အထိတ်တလန့် ဖြစ်သွားလေသည်။

“လက်စသပ်တော့ ကျောက်တုံးဆိုတာ မင်းကိုး”

ကျောက်တုံး ပြုံးလိုက်သည်။

“ကျုပ်ကို မှတ်မိသွားပြီလား”

“မှတ်မိတာပေါ့၊ မင်းလောက် လက်သံပြောင်တဲ့ ကောင်လေးကို မမှတ်မိဘူးဆိုယင် ငါရူးသိပ်နေလို့ပဲ ဖြစ်ရမှာပေါ့”

ဝမ်းခက်နှင့် ကျောက်တုံးတို့ တစ်ယောက်ကိုတစ်ယောက် သိနေကြခြင်းကြောင့် ကျန်းမာတို့ အံ့သြနေကြလေသည်။ ချင်းကိုးက

“ဝမ်းခက်၊ မင်းက သူ့ကို ဘယ်လိုလုပ် သိနေခဲ့တာလဲ ပြောစမ်းပါဦး”

ဟုမေးလိုက်သည်။ ဝမ်းခက်က...

“ကျုပ်တို့ တောင်ပိုင်းမှာ တွေ့ခဲ့ကြတာပါဗျာ”

ကျောက်တုံးနှင့် တွေ့ဆုံခဲ့ရပုံကို ပြောပြလိုက်လေတော့သည်။

♣ ♣ ♣

## မျက်ခုံး

တောင်ပိုင်းနယ်...

တောင်ပိုင်းနယ်၌ ဆိုးသွမ်းသောင်းကျန်းနေကြသည့် ဒုစရိုက်သမားများတွင် 'မျက်ခုံး' ဆိုသူမှာ နာမည်အကြီးဆုံး ဖြစ်လေသည်။

ရှောင်စီးနယ်မှ အစ်ကိုကြီးကျန်းမာကဲ့သို့ ဖြစ်သည်။

အချိန်ရှိတိုင်း သူတစ်ပါး မျက်ခုံးမွေးပေါ် စကြော်လျှောက်ဖို့ စဉ်းစားနေသူ ဖြစ်၍ အားလုံးက 'မျက်ခုံး' ဟု ကွယ်ရာ၌ ခေါ်ကြခြင်း ဖြစ်လေသည်။

မျက်ခုံးက ဘာမှ မပြောဘဲ မသိချင်ဟန်ဆောင်ကာ နေခဲ့ကြခြင်းကြောင့် နောက်ပိုင်းတွင် လူတိုင်းက မျက်ခုံးဟု ခေါ်ကြတော့သည်။



တောင်ပိုင်းလူဆိုးတစ်ယောက်ဖြစ်သော ဝမ်းခက်သည်လည်း မျက်ခုံးအား စိုးရွံ့ရလေသည်။

တစ်နေ့...

ဝမ်းခက်နှင့် အပေါင်းအသင်းတစ်စုက အာမခံဌာန မြင်းလှည်းတစ်စီးအား တိုက်ခိုက်လုယက်ခဲ့ကြလေသည်။

တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

ဝမ်းခက်တို့လူစုမှာ ဆယ့်ငါးယောက် ရှိသည့်အနက် ဆယ့်သုံးယောက် သေဆုံးသွားပြီးမှ မြင်းလှည်းကို လုယက်နိုင်ခဲ့ကြလေသည်။

အာမခံငွေများအား ကျန်ရစ်ခဲ့သည့် ဝမ်းခက်တို့သုံးယောက်က ခွဲဝေယူရန် စီစဉ်နေကြစဉ်မှာပင် ရုတ်တရက် လူတစ်စု ရောက်ရှိလာကြလေသည်။

မျက်ခုံးတို့လူစု ဖြစ်လေသည်။

မျက်ခုံးက...

"ဝမ်းခက်၊ မင်းကို တော်တော်ကျေးဇူးတင်သွားပြီ"

"ဗျာ၊ ကျုပ်က ခင်ဗျားကျေးဇူးတင်ရအောင် ဘာများ လုပ်ပေးမိခဲ့လို့လဲ"

ဝမ်းခက် ကြောင်အမ်းအမ်း ဖြစ်နေသည်။

မျက်ခုံး ရယ်မောလိုက်သည်။

"ငါက သည်မြင်းလှည်းကို လုယက်ဖို့ စီစဉ်ထားတာ မင်းက ကြားဖြတ်လုယူလိုက်တာလေ၊ ဘာပဲဖြစ်ဖြစ် ငွေရဖို့က အဓိကပဲ မဟုတ်လား"

"ကျုပ်က.."

"မင်းကူညီလိုက်တော့ ငါ မပင်ပန်းတော့ဘူးပေါ့"

မျက်ခုံး ဆိုလိုသည့် သဘောကို ဝမ်းခက် နားလည်လိုက်လေသည်။

သူတို့ လုယက်ထားသော ပစ္စည်းများကို မျက်ခုံးက ကတုံးပေါ်ထိပ်ကွက် လုယူတော့မည် မဟုတ်ပါလား။

ဝမ်းခက် မကျေမနပ် ဖြစ်သွားလေသည်။

"နောင်ကြီးမျက်ခုံး ကျုပ်တို့က အပင်ပန်းခံပြီး လုယက်ထားခဲ့တာ၊ အဲဒါ.."

မျက်ခုံး၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ဝမ်းခက်၊ မင်းက ငါ့ကို အာခံချင်လို့လား"

"နောင်ကြီးရယ်၊ ကျုပ်တို့က.."

ဝမ်းခက် တောင်းပန်တိုးလျှိုးသော်လည်း မျက်ခုံးက လက်မခံပါချေ။

"တော်တော်စကားများတဲ့ကောင်ပဲ သေချင်ပြီ ထင်တယ်"

သူ၏လူများအား လက်ဝှေ့ယမ်းပြလိုက်လေသည်။

"သည်ကောင်တွေကို ဆုံးမလိုက်စမ်း"

ဝမ်းခက်တို့အား သုတ်သင်ရှင်းလင်းပစ်ရန် အမိန့်ပေးလိုက်လေသည်။

မျက်ခုံးနှင့်အတူ လိုက်ပါလာကြသူများမှာ လူ့အသက်ကို ဖက်ရွက်လောက်ပင် တန်ဖိုးမထားကြသည့် သိုင်းသမားဆိုးများ ဖြစ်လေသည်။



မျက်ခုံးက အမိန့်ပေးလိုက်သည်နှင့် ချက်ချင်းတိုက်ခိုက်လိုက်ကြတော့သည်။

ဝမ်းခက်နှင့် အဖော်နှစ်ယောက်သည် မျက်ခုံးတို့လူစုအား မည်သို့မျှ ယှဉ်နိုင်ကြမည် မဟုတ်ပါချေ။

"နောင်ကြီးမျက်ခုံး၊ ခင်ဗျား တော်တော်ရက်စက်တာပဲ"

မျက်ခုံးက လုံးဝအမှုမထားဘဲ ကျောခိုင်းထားလိုက်လေသည်။

ဝမ်းခက်တို့သုံးယောက်လည်း မတတ်သာတော့ဘဲ ပြန်လည်ရင်ဆိုင်လိုက်ကြလေသည်။

သူတို့သည် လုယက်ထားသော အာမခံငွေများကို ထားခဲ့ပြီး ထွက်သွားမည်ဆိုလျှင်ပင် ထွက်သွား၍ ရတော့မည် မဟုတ်ပါချေ။

မျက်ခုံးက ဝမ်းခက်တို့သည် သူလုယက်မည့် အာမခံငွေများအား ကြားဖြတ်လုယက်ခဲ့သည်။ သူ့အား ကတုံးပေါ်ထိပ်ကွက်ခြင်း ဖြစ်သည်ဟု ယူဆပြီး သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားပြီဖြစ်လေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မျက်ခုံး၏လူများသည် ဝမ်းခက်တို့ထက် ပိုပြီး သိုင်းပညာထက်မြက်ကြသူများ ဖြစ်လေသည်။

ထို့ကြောင့် တိုက်ခိုက်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

"အား"

ဝမ်းခက်၏အဖော်နှစ်ယောက်မှာ စူးရှစွာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားကြလေတော့သည်။

ဝမ်းခက်လည်း ဒဏ်ရာရရှိသွားလေသည်။

ဆက်၍ တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ နောက်ဆုတ်လိုက်သည်။ မျက်ခုံး ပြုံးလိုက်သည်။

"ဝမ်းခက်၊ မင်းက ငါ့ထက် ခြေတစ်လှမ်း ဦးသွားတာကို ငါသဘောကျမယ်များ ထင်သလား"

ဝမ်းခက်က…

"နောင်ကြီး ရည်ရွယ်ထားမှန်း ကျုပ် မသိလို့ပါဗျာ၊ သိရင် ကြိုးစားမိမှာ မဟုတ်ပါဘူး၊ ခုလည်း နောင်ကြီးပဲ ယူသွားပါတော့ဗျာ"

မျက်ခုံး ခေါင်းညိတ်လိုက်လေသည်။

"ကျုပ်က ငွေကို ယူမယ်၊ မင်းရဲ့အသက်ကိုလည်း ယူမယ်၊ ဒါမှ ကျုပ်ကျေနပ်နိုင်မယ်"

ဝမ်းခက် ခေါင်းငိုက်စိုက်ကျသွားလေသည်။

ထိုစဉ်…

"ဟီး…ဟီး…ဟီး"

မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မျက်ခုံး ကြည့်လိုက်သောအခါ ငွေသေတ္တာများ ပါရှိသည့် အာမခံမြင်းလှည်းပေါ်၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။



လူငယ်တစ်ယောက် ဖြစ်သည်။

ထိုလူငယ်က ပြုံးပြလိုက်သည်။

"ငွေတွေ လိုချင်တယ်ဆိုယင် ကျုပ်နောက်ကို လိုက်ခဲ့ပေတော့"

စကားဆုံးလျှင် မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

"ဟီး…ဟီး…ဟီး"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းဟီသံ၊ မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထသွားကာ မြင်းလှည်းမှာ တခဏအတွင်း အဝေးသို့ ရောက်ရှိသွားလေတော့သည်။

မျက်ခုံး သတိဝင်လာလေသည်။

"ဟေ့ ဘာလုပ်နေကြတာလဲ လိုက်ကြပါတော့လား"

တပည့်များအား အော်ငေါက်လိုက်လေသည်။

ထို့နောက် ဝမ်းခက်ကို အမှုမထားတော့ဘဲ မြင်းလှည်းနောက်သို့ လိုက်သွားကြလေတော့သည်။

♣ ♣ ♣

ဝမ်းခက်သည် မြင်းလှည်းမောင်းနှင်သွားသော လူငယ်မှာ ကျောက်တုံးဖြစ်ကြောင်း နောက်ပိုင်းတွင် သိခဲ့ရလေသည်။

မျက်ခုံးတို့လူစုသည် ကျောက်တုံးနောက်သို့ လိုက်သွားကြ

လေသည်။ ထို့နောက်…

မျက်ခုံးတို့လူစုအား လုံးဝမတွေ့ရတော့ဘဲ လောကပေါ်မှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြတော့သည်။

ကျောက်တုံးက သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်းကြောင့် ဖြစ်ကြောင်း ဝမ်းခက် နားလည်ထားလေသည်။

ထို့အပြင်…

ထိုအချိန်က မြစ်ရေကြီးခြင်းကြောင့် မြစ်ကမ်းအနီးတစ်ဝိုက်၌ နေထိုင်ကြသော ကျေးရွာများမှာ ရေဘေးဒုက္ခကြုံနေရပြီး ရွာသူရွာသားများ ဒုက္ခရောက်နေကြလေသည်။

ရေဘေးဒုက္ခသည်များအား စေတနာရှင်တစ်ဦးက ငွေအမြောက်အများ လှူဒါန်းသွားသည်ဟု သတင်းထွက်ပေါ်လာလေသည်။

အာမခံဌာနမှ ငွေများဖြင့် ကျောက်တုံးက လှူဒါန်းသွားခြင်း ဖြစ်ကြောင်း ဝမ်းခက် နားလည်လိုက်လေသည်။

ဝမ်းခက်သည် ကျောက်တုံးအား ဘယ်တော့မှ မေ့သွားနိုင်တော့မည် မဟုတ်ချေ။

♣ ♣ ♣

ဝမ်းခက်၏စကား ဆုံးသွားပြီ ဖြစ်သည်။

ချင်းကိုး သက်ပြင်းချလိုက်သည်။

မျက်ခုံးသည် ကြောက်စရာကောင်းသော သိုင်းသမားဆိုး



ကြီးတစ်ယောက် ဖြစ်ကြောင်း ဒုစရိုက်လောကသားတိုင်း သိရှိထားကြလေသည်။

ချင်းကိုးလည်း သိထား၏။

မျက်ခုံးအား ကျောက်တုံးက ဆုံးမလိုက်သည်ဟု သိလိုက်ရသောအခါ ချင်းကိုး၏စိတ်များ ပြောင်းလဲသွားလေတော့သည်။

"ကျောက်တုံးလို လူစားမျိုးနဲ့ လက်တွဲပြီး အလုပ်ကြီးတစ်ခုလောက် လုပ်လိုက်ရယင် သိပ်ကောင်းမှာပဲ"

ဟုလည်း ရေရွတ်လိုက်လေသည်။

ဝမ်းခက်ကလည်း…

"ကျောက်တုံးနဲ့သာဆိုယင် ငရဲပြည်ကိုတောင် လိုက်ရဲပါတယ်ဗျာ"

ဟုပြောလေသည်။

ကျန်းမာ ခေါင်းခါယမ်းလိုက်လေသည်။

"မင်းတို့ မျှော်လင့်သလို ဖြစ်လာမှာ မဟုတ်ဘူးကွ"

"ဘာဖြစ်လို့လဲဗျ"

"ကျောက်တုံးက တစ်ကိုယ်တော်သမား၊ ဘာပဲလုပ်လုပ်တစ်ကိုယ်တော် လုပ်ကိုင်ဆောင်ရွက်တတ်တယ်၊ အဲ သူက အလုပ်မရှိမှ အားလပ်နေမှ အပေါင်းအသင်း မိတ်ဆွေတွေနဲ့ သောက်စားပျော်ပါးပြီး လွတ်လွတ်လပ်လပ်နေတတ်တာ"

ချင်းကိုးနှင့် ဝမ်းခက်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ကျန်းမာက ဆက်ပြောသည်။

"သူက အသုံးအစွဲလည်း ကြီးတယ်၊ တစ်ခါက သူ့ကို ငါက ငွေတစ်သောင်း ပေးလိုက်တယ်၊ ညနေကျတော့ တစ်ပြားမှ မရှိတော့ဘူး"

ဝမ်းခက်က...

"ငွေကို ငွေလို့ မထင်တဲ့ လူစားမျိုးဆိုတာ အသေအချာပါပဲဗျာ"

ဟုထောက်ခံလိုက်လေသည်။

ချင်းကိုးက...

"သူက အလုပ်တာဝန်ကော ကျေပြွန်ရဲ့လား"

ကျန်းမာ ပြုံးလိုက်သည်။

"ဒါတော့ မေးစရာ မလိုဘူး၊ သူက လက်ခံလိုက်ပြီဆိုတာနဲ့ ဘယ်လောက်အန္တရာယ်များတဲ့ ကိစ္စ ဖြစ်ပါစေ ပြီးပြတ်သွားတဲ့အထိ ရေဆုံးရေဖျား လုပ်တော့တာပဲ"

"တစ်ကိုယ်တော်ပဲပေါ့"

"ဟုတ်တယ်"

"သူက အစ်ကိုကြီး မသိအောင် ကွက်ကျော်ရိုက်ခဲ့တာမျိုး ဆိုယင်ကော"

ကျန်းမာက...

"ချင်းကိုး၊ မင်းက ကျောက်တုံးအကြောင်းကို သိဖို့ လိုအပ်နေပြီ၊ သူက ဘယ်တော့မှ ကွက်ကျော်မရိုက်ဘူး၊ လိမ်လည်လှည့်စားမှုမျိုး မလုပ်ဘူး၊ သူ့ကို သွားလုပ်ယင်လည်း ဘယ်တော့မှ လက်မခံဘူးကွ"



ချင်းကိုး သက်ပြင်းချလိုက်သည်။

"အစ်ကိုကြီးကတောင် သူ့ကို ယုံကြည်စိတ်ချတယ်ဆိုတော့ ကျောက်တုံးဟာ.."

"သူက လက်ရုံးသမားသက်သက်ပဲကွ၊ ဦးနှောက်ကို ဘယ်တော့မှ မသုံးဘူး၊ ပြဿနာ ဖြစ်လာယင် ယှဉ်ပြိုင်တိုက်ခိုက်တဲ့နည်းနဲ့ ဖြေရှင်းပြီး အဆုံးအဖြတ် ခံယူတတ်တဲ့ လူစားမျိုး၊ သည်လို လူစားမျိုးက ကွက်ကျော်ရိုက်ဖို့ဆိုတာ ဖြစ်နိုင်ပါတော့မလား"

ချင်းကိုး မတတ်သာဘဲ လက်ခံလိုက်ရပြန်လေတော့သည်။

ဝမ်းခက်က...

"လောကပေါ်မှာ သည်လို လူစားမျိုးတွေ ရှိတယ်ဆိုတာ ကြားဖူးပါတယ်၊ ကျောက်တုံးဟာ ဘယ်သူနဲ့မှ မတူတဲ့ လူထူးဆန်းလေးတစ်ယောက်ပါပဲ"

ချင်းကိုးလည်း ခေါင်းညိတ်လိုက်သည်။

"ကြားရတာတောင် သည့်လောက် ထူးဆန်းနေရင် လက်တွေ့ ဘယ်လောက် ထူးခြားမယ်ဆိုတာ တွေးကြည့်လို့ ရပါတယ်၊ ကျောက်တုံးက တကယ့်လူပဲ"

ကျောက်တုံးအား ချီးကျူးစကား ပြောလာရလေတော့သည်။

ကျန်းမာက...

"တကယ်တော့ မင်းတို့ဟာ ကျောက်တုံး အကြောင်းကို တစ်စိတ်တစ်ဒေသလောက် သိရုံလေးနဲ့ပဲ ချီးကျူးနေကြတာပါ၊ အမှန်အတိုင်း ပြောရရင် ငါတောင် ခုချိန်အထိ သူ့ရဲ့ စိတ်သဘောထားကို

ပြည့်ပြည့်စုံစုံ မသိနိုင်သေးဘူး၊ သူက လက်ရုံသမားသက်သက် ဖြစ်တဲ့အပြင် မှတ်ဉာဏ်လည်း မကောင်းဘူး၊ ကုန်ကုန်ပြောရရင် သူ့မှာ အပေါင်းအသင်း ဘယ်လောက်ရှိတယ်၊ နာမည်တွေ ဘယ်လို ခေါ်တယ်၊ မိတ်ဆွေက ဘယ်သူ၊ ရန်သူက ဘယ်သူဆိုတာတွေကို တောင် ကောင်းကောင်း မှတ်မိတာ မဟုတ်ဘူး၊ သူ့ရဲ့ ဦးခေါင်းထဲမှာ ဘာမှရှိတာ မဟုတ်ဘူးကွ"

ချင်းကိုးက...

"ဒါဖြင့် သူ့ကို အရေးကြီးတဲ့ အလုပ်တွေ ခိုင်းတော့ကော ဘယ်လိုလုပ်မလဲ"

ကျန်းမာ ရယ်မောလိုက်လေသည်။

"ဟင်..ဟင်း..ဟင်း၊ သည်အတွက် စိတ်မပူပါနဲ့ကွာ၊ ကျောက်တုံးဟာ အလုပ်တော့ ကောင်းကောင်းလုပ်တတ်ပါတယ်၊ သူ့တစ်ယောက်ထဲပေါ့လေ၊ တခြားလူနဲ့သာ အစီအစဉ်ချပြီး တွဲခိုင်းလို့ မရတာ၊ သူတစ်ယောက်ထဲ တစ်ကိုယ်တော် လုပ်ရမယ်ဆိုယင် ဘယ်လောက် ခက်ခဲတဲ့ကိစ္စ ဖြစ်ပါစေ အမှားအယွင်းမရှိ ဖြောင့်ဖြူးနေတာပဲကွ"

ချင်းကိုးက...

"အစ်ကိုကြီးက ကျောက်တုံးကို သည်လောက်တောင် အမွှန်းတင်နေမှတော့ဗျာ၊ အစ်ကိုကြီးဆီမှာ တခြားလူတွေကို အလုပ်ပေးထားဖို့ မလိုတော့ပါဘူး၊ ကျောက်တုံးတစ်ယောက်ထဲ ရှိနေရင် ပြီးတာပဲ မဟုတ်လား"

ကျန်းမာ ခေါင်းခါယမ်းလိုက်သည်။



"ဒါလည်း မဖြစ်သေးဘူးကွ၊ သူက ခိုင်းတိုင်း လုပ်ချင်မှ လုပ်တာ၊ စိတ်ကူးပေါက်ရင် တခြားကို ထွက်သွားတတ်သေးတယ်၊ သူ့ကို တစ်ချိန်လုံး အားထားလို့မှ မရနိုင်တာ"

ချင်းကိုးက...

"အင်း...ကျောက်တုံးဟာ နားလည်ရခက်တဲ့လူဆိုတာ ...ျပ်သဘောပေါက်ပါပြီ၊ သူ့အကြောင်း ပြောနေရင် သုံးနေ့သုံးည ...တာင် ပြီးနိုင်မှာ မဟုတ်ဘူး၊ ကဲ ကျုပ်တို့လည်း ပင်ပန်းလာတယ်၊ ...ဒလောက် နားလိုက်ဦးမယ် အစ်ကိုကြီး"

"ကောင်းပြီ..ကောင်းပြီ"

ကျန်းမာက သဘောတူလိုက်သည်။

ချင်းကိုးနှင့် ဝမ်းခက်တို့က ရွက်ဖျဉ်တဲထဲမှ ထွက်သွားကြ ...သွားတော့သည်။

♣ ♣ ♣

ချင်းကိုးနှင့် ဝမ်းခက်တို့ ရွက်ဖျဉ်တဲထဲမှ ထွက်သွားကြပြီ ...လသည်။

ကျန်းမာက အရက်တစ်ခွက်သောက်ရန် ဟန်ပြင်လိုက်လေ ... ထိုစဉ် နောက်ကျောဘက်မှ သက်ပြင်းချသံ ထွက်ပေါ်လာ ...ကို ကြားလိုက်ရလေသည်။

ကျန်းမာ ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ ကျောက်တုံးက မလှမ်းမကမ်း၌ ရပ်နေသည်ကို

တွေ့လိုက်ရလေသည်။

"မင်းနိုးနေပြီကိုး"

ကျောက်တုံးက...

"ချင်းကိုးက ကျုပ်ကို သဘောမကျဘူး ထင်တယ်၊ အစ်ကြီး ဘယ်လိုမြင်သလဲ"

ဟုပြန်မေးလေသည်။

ကျန်းမာက...

"ဒါကတော့ကွာ၊ သူရောက်လာတာ မကြာသေးဘူး၊ မ ကလည်း နာမည်ကြီးနေတော့ စိတ်ဝင်စားတဲ့ သဘောမျိုးပေါ့"

ကျောက်တုံးက...

"ကျုပ်ကို ဒုက္ခပေးဖို့ မကြိုးစားရင် ကျုပ်ကလည်း ဘ လိုမှ သဘောထားမှာ မဟုတ်ပါဘူး"

ထို့နောက် ရွက်ဖျဉ်တဲထဲမှ ထွက်သွားရန် ဟန်ပြင်လ လေသည်။

ကျန်းမာက...

"မင်းထွက်သွားတော့ မလို့လား"

ကျောက်တုံး ဘာမှ မပြောပါ။

ကျန်းမာက...

"ကျောက်တုံး၊ မင်းသွားလို့ မဖြစ်သေးဘူးကွ"

ကျောက်တုံး၏ခြေလှမ်း တုန့်ခနဲ ရပ်သွားလေသည်။ ကျန်းမာကို လှည့်ကြည့်လိုက်သည်။

"အစ်ကိုကြီး ဘာပြောချင်လို့လဲ"



"မင်းသွားလို့ မဖြစ်သေးဘူးကွ"

"အစ်ကိုကြီးမှာ ကိစ္စတစ်ခုခု ရှိနေပြီ ထင်တယ်"

"ဟုတ်တယ်၊ ကျုပ်ပြောပြရမလား"

ကျောက်တုံးက ငြိမ်နေလိုက်သည်။ ကျန်းမာက...

"မင်းက ဖေးယွင်ဆိုတဲ့လူကို သိတယ် မဟုတ်လား"

"ဖေးယွင်"

"ဟုတ်တယ်"

"ကျုပ်မသိဘူး"

ကျောက်တုံးက ခေါင်းခါယမ်းလိုက်လေသည်။

ကျန်းမာက...

"ဖေးယွင်လေ၊ တစ်ချိန်က အတော်ဆုံး ဓားသမားတစ်ယောက်လို့ သတင်းကြီးခဲ့တဲ့ ဖေးယွင်ပေါ့"

ကျောက်တုံးက...

"ကျုပ်မသိဘူး"

"ကျောက်တုံး၊ မင်း တော်တော်ခက်တာပဲ၊ ဖေးယွင်ဟာ ကြောက်စရာကောင်းတဲ့ ဓားသမားတစ်ယောက်ကွ၊ မင်းနဲ့တောင် ဿနာ ဖြစ်ခဲ့ဖူးသေးတယ်လေ၊ မင်းမေ့နေပြီလား"

ကျောက်တုံးက...

"ဟုတ်တယ်၊ ကျုပ်မေ့နေပြီ၊ မမှတ်မိတော့ဘူး၊ ကျုပ်ရင်ဆိုင်ခဲ့ဖူးတဲ့ လူတွေက နည်းတာမှ မဟုတ်တာ၊ ဘယ်လိုလုပ် မှတ်မိနိုင်မှာလဲဗျာ"

သူသည် သေသေချာချာ မှတ်ထားမည်ဆိုလျှင်လည်း များ

မကြာမီ မေ့လျော့သွားမည်သာ ဖြစ်ကြောင်း ကျန်းမာ သိထားလေ
သည်။ ကျန်းမာ စိတ်ပျက်သွားသော်လည်း ဆက်ပြောလိုက်သည်။

"ဖေးယွင်က ကျစ်ဆံမြီးရှည်နဲ့လေကွာ"

"ဘာ"

ကျောက်တုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျန်းမာကို မျက်လုံးပြူးကြီးဖြင့် ကြည့်လိုက်လေသည်။

"အစ်ကိုကြီး ဘယ်လိုပြောလိုက်တာလဲ၊ ဖေးယွင်က ကျစ်
ဆံမြီးရှည်နဲ့ ဟုတ်လား"

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းတော်သားတစ်ယောက်လို
ပေါ့"

ရှောင်လင်ကျောင်းတော်ကြီး၌ သိုင်းပညာ သင်ကြားခဲ့သ
များသည် ဘုန်းကြီးဝတ်နှင့်ဆိုလျှင် ခေါင်းတုံး တုံးရပြီး လူဝတ်နှင့်ဆို
လျှင် ကျစ်ဆံမြီးရှည်ထားကြလေသည်။

ဖေးယွင်သည် ရှောင်လင်ကျောင်းတော်ကြီး၌ သိုင်းပညာ
သင်ကြားခဲ့သူ ဖြစ်လေသည်။

ကျောက်တုံးက ရှောင်လင်၊ ဝူတန် စသည့် အထင်ကရ
သိုင်းဂိုဏ်းကြီးများကို သိထားသော်လည်း စိတ်ထဲ၌ မည်သို့မျှ
သဘောမထားပါချေ။

သူ၏စိတ်ထဲ ရှိနေသည်မှာ ကျစ်ဆံမြီး ဖြစ်သည်။

ကျစ်ဆံမြီးထားသူကို သူ ဘယ်လိုမှ ကြည့်မရပါချေ။

ဖေးယွင်သည် ကျစ်ဆံမြီးရှည်နှင့်လူတစ်ယောက် ဖြစ်နေ
သည်ဆိုသောအခါ...



ကျန်းမာက...

"ဖေးယွင်က ကျစ်ဆံမြီးရှည်နဲ့ကွ၊ မင်း သူ့ကို စိတ်ဝင်စား
မယ် ထင်တယ်"

"ကျုပ်က ကျစ်ဆံမြီးရှည်ထားတဲ့လူကို ကြည့်မရဘူးဆိုတာ
ကို အစ်ကိုကြီး သိထားလို့ ခုလို ပြောတာလားဗျာ"

"မဟုတ်ပါဘူးကွာ၊ သူက မင်းနဲ့ ပြဿနာ ဖြစ်ဖူးတယ်၊
သူက ချိန်တူမြို့မှာ ရောက်နေတယ်ဆိုတာ မင်းသိအောင် ပြောပြ
တာပါ"

ကျောက်တုံး မျက်မှောင်ကုပ်ပြီး 'ကျစ်ဆံမြီး'၊ 'ချိန်တူမြို့'၊
'ဖေးယွင်'ဟု ရေရွတ်နေ၏။

ကျောက်တုံးသည် ကျန်းမာ ပြောသည့်အတိုင်း ဦးနှောက်
ကို အသုံးပြုသူမဟုတ်၊ ဘာကိုမှ အမှတ်သညာထားသူမဟုတ် ဆို
သည့် စကားအတိုင်း ရှိနေသည်။

သူနှင့် ဖေးယွင် ပြဿနာ ဖြစ်ဖူးသည်၊ ရန်ငြိုးရန်စ ရှိဖူး
သည် ဆိုခြင်းကို စဉ်းစားမရနိုင်အောင် ဖြစ်နေပုံ ရှိလေသည်။

အမှန်တော့ ဖေးယွင်နှင့် တကယ်တမ်း ပြဿနာ ဖြစ်ခဲ့သူ၊
ရန်ငြိုးရန်စ ရှိခဲ့သူမှာ ကျန်းမာ ဖြစ်လေသည်။

တစ်ချိန်က ကျန်းမာသည် ချိန်တူမြို့တွင် စီးပွားရေးလုပ်
ငန်း လုပ်ကိုင်သော သူဌေးကြီးတစ်ဦးအဖြစ် ဟန်ဆောင်မျက်နှာဖုံး
စွပ်ကာ နေထိုင်ခဲ့ဖူးလေသည်။

ချိန်တူမြို့မှ လူများသည် ကျန်းမာ၏အကြောင်းကို မသိဘဲ
တကယ့် သူဌေးသူကြွယ်ကြီးတစ်ဦးဟု ထင်မှတ်ခဲ့ကြလေသည်။

ကျန်းမာက စီးပွားရေးလုပ်ငန်းများကို ဟန်ပြလုပ်ကိုင်ကာ နောက်ကွယ်၌ ခိုးရာပါပစ္စည်းများ၊ ဓားပြတိုက်ယူထားသော ပစ္စည်းများကို ထုခွဲရောင်းချပေးခြင်း၊ အခြားရာဇဝတ်မှု မကောင်းသော လုပ်ငန်းများ လုပ်ကိုင်ခဲ့လေသည်။

ထိုစဉ်က သိုင်းပညာထက်မြက်သော ဖေးယွင်ကို သဘောကျပြီး စည်းရုံးသိမ်းသွင်းထားခဲ့သည်။

ဖေးယွင်ကလည်း ကျန်းမာအား သိက္ခာရှိသော သူဌေးကြီး တစ်ဦးဟု ယူဆပြီး အလုပ်လက်ခံခဲ့လေသည်။

နောက်ပိုင်းတွင် ကျန်းမာသည် လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံးစွပ်ထားသူ ဖြစ်ကြောင်း သိရှိသွား၏။

ဖေးယွင်က ကျန်းမာအား သဘောမကျတော့ပါ။

ကျန်းမာနှင့် ဖေးယွင်တို့ အဆင်မပြေ ဖြစ်လာကြသည်။

ကျန်းမာသည် ဖေးယွင်က သူ၏အကြောင်း စုံစမ်းဖော်ထုတ်ကာ ဒုက္ခပေးမည်ကို စိုးရိမ်ပြီး အကောက်ကြံတော့သည်။

တစ်နေ့တွင် အမှုထမ်းများသည် ဖေးယွင်ထံ၌ ခိုးရာပါပစ္စည်းများ ရှိနေသည်ကို ရှာဖွေတွေ့ရှိသွားကြလေသည်။

သက်သေအထောက်အထား ခိုင်လုံနေခြင်းကြောင့် ဖေးယွင် ငြင်းမရတော့ဘဲ အပြစ်ပေးခံလိုက်ရတော့သည်။

"ဖေးယွင် အကျဉ်းထောင်က လွတ်မြောက်လာပြီ၊ သူက ငါ့ကို ပြန်ပြီး ဒုက္ခပေးနိုင်တယ်ကွ"

ကျန်းမာက အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ကျောက်တုံးက...



"ဒါက အစ်ကိုကြီးရဲ့ ပြဿနာပဲလေ"

"ဟုတ်တယ်၊ ငါ့ပြဿနာပဲ၊ ဒါပေမယ့် မင်းဖြေရှင်းပေးစေချင်တယ်၊ မင်းက ကျစ်ဆံမြီးရှည်နဲ့လူဆိုယင် မုန်းတီးတယ် မဟုတ်လား"

ကျစ်ဆံမြီးရှည်ဆိုသော စကားက ကျောက်တုံးအား ချည်နှောင်ထားလိုက်လေသည်။ ကျောက်တုံးသည် ကျစ်ဆံမြီးရှည်နှင့် လူဆိုလျှင် အဘယ်ကြောင့် 'မုန်းတီးရပါသနည်း။ ကျန်းမာက...

"ဖေးယွင်က ငါ့ကို ဒုက္ခမပေးခင် သူ့ကို ငါက လက်ဦးမှု ယူချင်တယ်၊ အဲဒါ..."

သူ၏စကားမဆုံးမီ ကျောက်တုံးက ကြားဖြတ်ပြောလိုက်လေသည်။

"အစ်ကိုကြီးက သည်လို လူတစ်ယောက်ကို ဖယ်ရှားပစ်ဖို့ နည်းလမ်းအမျိုးမျိုး ရှိပါတယ်ဗျာ၊ ကျုပ်ရှိနေမှ မဟုတ်ပါဘူး"

"ကျောက်တုံး၊ ဖေးယွင်က သူများနဲ့ မတူတဲ့ လူတစ်ယောက်မို့ ငါပြောနေတာကွ"

"သူများနဲ့ မတူဘူး"

"ဟုတ်တယ်၊ ကျစ်ဆံမြီးရှည်လဲ ရှိတယ်"

ကျောက်တုံးသည် အတန်ကြာ တွေဝေသွားပြီးမှ ဆတ်ခနဲ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ကျုပ်သွားကြည့်လိုက်ဦးမယ်"

စကားဆုံးလျှင် ရွက်ဖျဉ်တဲထဲမှ ထွက်သွားလေတော့သည်။

♣ ♣ ♣

ကျောက်တုံး ထွက်သွားပြီ ဖြစ်သည်။

ကျန်းမာက တားမြစ်ခြင်း မပြုချေ။

ကျောက်တုံး မြင်းကွင်းမှ ပျောက်သွားသောအခါ သဘော ကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံမှာ ရွက်ဖျင်တဲထဲမှတစ်ဆင့် ချိန်တူမြို့က လေးသို့ တိုင်အောင် လွင့်ပျံ့သွားသည် ထင်ရလေသည်။

ထိုစဉ်...

ချင်းကိုးနှင့် ဝမ်းခက်တို့က ရွက်ဖျင်တဲအတွင်းသို့ လှမ်းဝင် လာကြလေသည်။

နှစ်ယောက်သား ကျန်းမာကို အကဲခတ်ကြည့်လိုက်ကြ၏။

ကျန်းမာက အတန်ကြာအောင် ရယ်မောပြီးမှ...

"ကျုပ် ဘာကြောင့် သဘောကျပြီး ရယ်မောနေရသလဲဆို တာ မင်းတို့ သိသလား"

ဟုမေးလိုက်လေသည်။

ချင်းကိုးက...

"ကျောက်တုံး ထွက်သွားပြီ"

ဝမ်းခက်က...

"အစ်ကိုကြီးက ကျောက်တုံးကို မောင်းထုတ်နိုင်လိုက်လို့ သဘောကျပြီး ရယ်မောတာလား"

"ထို"

ကျန်းမာ တံတွေး ထွေးချလိုက်လေသည်။

"ဘယ်က မောင်းထုတ်လိုက်ရမှာလဲ သူထွက်သွားမှာကို



တောင် ငါက စိုးရိမ်နေသေးတယ်ဆိုတာ မှတ်ထားပါ။ သူက ငါ့ အတွက် အသုံးဝင်တဲ့ လူတစ်ယောက်ကွ"

ဝမ်းခက်က...

"ဒါဖြင့် အစ်ကိုကြီးက သဘောကျလို့ ရယ်တာပေါ့ ဟုတ် လား"

"ဒါပေါ့ ငါက သူ့ကို အသုံးချပြီး ဖေးယွင်ကို ရှင်းပစ်နိုင်မယ် မဟုတ်လား"

ကျန်းမာသည် ဖေးယွင်အား မုန်းတီးနေခြင်းလော၊ ကြောက်ရွံ့နေခြင်းလော ဝမ်းခက်တို့ ဝေခွဲမရနိုင်ကြပါချေ။

ကျန်းမာက...

"ဖေးယွင်အတွက် စိတ်ချသွားရပြီဆိုတော့ ငါက သဘော ကျပြီး ရယ်မိတာပေါ့ကွာ၊ မင်းတို့နှစ်ယောက်လည်း ကျောက်တုံးဟာ ဘယ်လိုလူစားမျိုးလည်းဆိုတာ လက်တွေ့သိရမှာပေါ့ကွာ"

ဟုပြောလိုက်လေသည်။

♣ ♣ ♣

# စိန်ခေါ်ခြင်း

ချိန်တူမြို့...

ချိန်တူမြို့သည် နန်းတွင်းနှင့် ဝေးလံလှသည့် ရှောင်စီးနယ်တွင် တည်ရှိခြင်း ဖြစ်လေသည်။

ထို့ကြောင့် လူဆိုးဓားပြများ၊ ဒုစရိုက်သမား မျက်စိကျခဲ့ကြသည်။

ရာဇဝတ်မှု ကျူးလွန်ထားသူများသည် ဖမ်းဆီးမခံရလေအောင် ထွက်ပြေးတိမ်းရှောင်ယင်း ချိန်တူမြို့ကလေး၌ မထင်မရှားခိုအောင်းနေတတ်ကြလေသည်။

သို့သော်...

မည်သူမဆို ချိန်တူမြို့ကလေးသို့ အချိန်မရွေး ရောက်လာ



နိုင်သော်လည်း ချိန်တူမြို့သို့ ရောက်လျှင် ရိုးသားအေးချမ်းစွာ နေထိုင်မှ နေ၍ရမည် ဖြစ်သည်။

ချိန်တူမြို့တွင် ထင်သလိုနေ၍ ရမည် မဟုတ်ပါချေ။

ချိန်တူမြို့၌ ရာဇဝတ်မှုများ မဖြစ်ပွားရလေအောင် သိုင်းဆရာကြီးရှုဝမ်က တာဝန်ယူထားလေသည်။

ကြံ့းရှုဝမ်သည် မတရားမှုကို ရွံ့မုန်းသူ ဖြစ်သည်။

ချိန်တူမြို့သူမြို့သားများက မြို့ထဲ၌ မှုခင်းများ ဖြစ်ပေါ်မလာရလေအောင် ကာကွယ်တားဆီးပေးဖို့ ကြံ့းရှုဝမ်ကို အားကိုးအားထားပြုကြလေသည်။

ကြံ့းရှုဝမ်ကလည်း ချိန်တူမြို့သူမြို့သားများအား မည်သူမျှ မနှောင့်ယှက်ရလေအောင် အစွမ်းကုန် ကာကွယ်စောင့်ရှောက်ပေးလေသည်။

ထို့ကြောင့် ချိန်တူမြို့သို့ ရောက်လျှင် သိုင်းဆရာကြံ့းရှုဝမ်နှင့် ရင်မဆိုင်ရလေအောင် ရိုးသားအေးချမ်းစွာ နေထိုင်ကြရမည် ဖြစ်လေသည်။

ယခု...

ကျောက်တုံးသည် ချိန်တူမြို့ထဲသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ချိန်တူမြို့ကလေးသည် မြို့တစ်မြို့ ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်အတိုင်း စားသောက်ဆိုင်၊ ဈေးဆိုင်၊ တည်းခိုခန်း၊ အပျော်ဂေဟာ၊ လောင်းကစားဝိုင်း စသည့် ဆိုင်များ ရှိကြလေသည်။

မြို့သူမြို့သားများသည် ရိုးသားပြီး အေးချမ်းစွာ နေထိုင်

ကြသူများ ဖြစ်ကြသော်လည်း လူသားတို့၏သဘာဝ စိတ်ထွက်ပေါက် ရရှိနေသော လောင်းကစားဂေဟာ၊ အရက်ဆိုင်များကို ခြင်းချက်ဖြင့် ဖွင့်လှစ်ထားခြင်း ဖြစ်လေသည်။

ကျောက်တုံးသည် စည်ကားသိုက်မြိုက်နေသော မင်းလမ်းမကြီးအတိုင်း လျှောက်လှမ်းလာခဲ့ရင်း တစ်နေရာသို့ အရောက်တွင် ခြေလှမ်းရပ်လိုက်လေသည်။

သူ၏မျက်လုံးအစုံက လမ်းတစ်ဘက်ရှိ အရက်ဆိုင်လေးသို့ ရောက်ရှိသွားလေသည်။

ထိုအရက်ဆိုင်လေးသည် အချက်အခြာကျသည့် နေရာ၌ ရှိနေပြီး လူဝင်လူထွက်များကာ စည်ကားနေ၏။

"သည်လို နေရာမျိုးကို လူပေါင်းစုံ ရောက်လာမှေ့ ရှိတာပဲ"

ကျောက်တုံးက လမ်းတစ်ဘက်သို့ ကူးကာ အရက်ဆိုင်ထဲ လှမ်းဝင်လိုက်လေသည်။

သူမျှော်လင့်ထားသည့်အတိုင်း အရက်ဆိုင်လေးထဲ၌ လူစည်ကားနေပါသည်။

စကားပြောသံ၊ ရယ်မောသံ၊ ဖွန်းသံ၊ ပန်းကန်သံများ စီစီညံနေသည်။

ကျောက်တုံးက ဆိုင်ထဲ တစ်ချက် ဝေ့ကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက်က ထိုင်ရာမှ ထရပ်လိုက်သည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား အသားအရေ ကြေးနီရောင် ထနေသော လူသန်



ကြီးတစ်ယောက် ဖြစ်လေသည်။

မွန်ဂိုလူမျိုး ဖြစ်ပုံရသည်။

မွန်ဂိုကြီးက ထရပ်လိုက်လျှင် တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ဆိုင်ထဲ၌ ရောက်ရှိနေသူအားလုံးသည် မွန်ဂိုကြီးနှင့် ရင်းရင်းနှီးနှီးရှိပြီး အကြောင်းသိများ ဖြစ်ပုံရလေသည်။

မွန်ဂိုကြီးက ကျောက်တုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး....

"ကောင်လေး၊ မင်းငယ်သေးတယ်၊ အရက်ဆိုင်ထဲ ဝင်မလာသင့်ဘူးကွ၊ ခုချက်ချင်း ပြန်ထွက်သွားယင် ကောင်းမယ်"

ဟုငေါက်လိုက်၏။

ကျောက်တုံး ပခုံးတွန့်လိုက်သည်။

"ကျုပ်က လူဆိုးကြီးဆိုတဲ့လူတွေထက် နှစ်ဆပိုပြီး သောက်နိုင်သေးတယ်ဆိုတာ ခင်ဗျား မသိသေးလို့ပါဗျာ"

စကားဆုံးလျှင် ရှေ့သို့ လှမ်းသွားလိုက်သည်။

မွန်ဂိုကြီး၏စားပွဲ၌ သွားရောက်ထိုင်ချလိုက်ပြီး...

"အပြင်းဆုံး အရက်တစ်အိုး ယူလာပါ"

ဟုလှမ်းမှာလိုက်လေသည်။

ကျောက်တုံးက မွန်ဂိုကြီးအား လုံးဝအမှုမထားပါ။

အကြောက်အရွံ့ ကင်းမဲ့သော ခြသေ့်တစ်ကောင်ပမာ ရှိနေသည်။

ထို့ကြောင့် မွန်ဂိုကြီး အပါအဝင် အားလုံးက ငေးကြည့်နေမိ

ကြလေတော့သည်။

ကျောက်တုံးက စားပွဲကို ဖြန်းခနဲမြည်အောင် လက်ဝါးဖြင့် ရိုက်ချလိုက်ပြီး...

"ဟေ့ အပြင်းဆုံး အရက်တစ်အိုး ယူခဲ့လို့ ပြောနေတာ မကြားဘူးလား"

ဟုထပ်မံအော်ပြောလိုက်လေသည်။

ယခုတစ်ကြိမ် အရက်ဆိုင်ပိုင်ရှင်သည် မနေနိုင်တော့ဘဲ ဆိုင်လုလင်တစ်ယောက်အား လှမ်းပြောလိုက်သည်။

"ဟေ့ အရက်သွားပို့လိုက်စမ်း"

"ဟုတ်ကဲ့"

ဆိုင်လုလင်က အပြင်းဆုံး အရက်တစ်အိုးယူကာ ကျောက်တုံးထံသို့ သွားပို့ပေးလိုက်လေသည်။

ကျောက်တုံးက အရက်အိုးအဖုံးပွင့်ကာ အရက်နံ့ကို ရှူရှိုက်ကြည့်လိုက်သည်။

"ဟူး ကောင်းလိုက်တဲ့အရက်"

ချီကျူးပြောဆိုပြီးလျှင် လက်နှစ်ဘက်ဖြင့် အိုးလိုက်မယူကာ မော့သောက်လိုက်လေတော့သည်။

ကျောက်တုံးက အပြင်းဆုံးအရက်ကို အိုးလိုက်မော့သောက်လိုက်ခြင်းကြောင့် အားလုံး ပိုပြီး အံ့ဩသွားကြလေသည်။

ကျောက်တုံးက အရက်အိုးလွတ်ကို စားပွဲပေါ် ဒုန်းခနဲမြည်အောင် ဆောင့်ချလိုက်သည်။

ပြီးလျှင် ထိုင်ရာမှထကာ တစ်ဆိုင်လုံးကို ဝေ့ကြည့်လိုက်



လေသည်။

သူ၏မျက်နှာမှာ ရန်လိုသည့်အသွင် ကင်းမဲ့ကာ ပြုံးရွှင်နေပါတော့သည်။

"ကျုပ်က အရက်ကောင်းကောင်း သောက်ရယင် မိတ်ဆွေသူငယ်ချင်းတွေကို သတိရတတ်ပါတယ်၊ ခုလည်း အားလုံး စိတ်ကြိုက်သောက်ကြပါ၊ အရက်ဖိုး ကျသင့်သမျှ ကျုပ်တာဝန်ယူပါတယ်"

ကျယ်လောင်သော လေသံဖြင့် ပြောလိုက်လေသည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အားလုံး အံ့ဩသွားကြသည်။

ထို့နောက် ဝေဖန်ပြောဆိုသံ၊ ရယ်မောသံများ ထွက်ပေါ်လာလေတော့သည်။

တစ်ဆိုင်လုံး ပြန်လည်သက်ဝင် လှုပ်ရှားလာခြင်း ဖြစ်သည်။

ကျောက်တုံးက...

"ခင်ဗျားလည်း ကြိုက်သလောက် မှာသောက်နိုင်ပါတယ်ဗျာ"

မွန်ဂိုကြီးကို ပြောပြီးနောက် ဆိုင်ရှင်ထံသို့ လှမ်းသွားလိုက်လေသည်။ ဆိုင်ရှင်၏မျက်နှာ ပြုံးရွှင်နေသည်။

"လူထူးဆန်းကျောက်တုံးလေး သည်မြို့ကို ရောက်လာမယ်ဆိုတာ ကျုပ်သတင်းကြားပြီးပါပြီ"

ဆိုင်ရှင်သည် ဤမြို့ကလေးသို့ အေးချမ်းစွာ ရောက်လာကြသော ဒုစရိုက်သမား၊ အနက်ရောင်သိုင်းသမားများနှင့် သိကျွမ်း

နေသူ ဖြစ်ပါသည်။ ကျောက်တုံးက...

"အရက်ဖိုးကို ကျုပ်က နောက်မှ ပေးမယ်ဆိုယင်ကော ဗျာ"

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

"ကိစ္စမရှိပါဘူး"

ကျောက်တုံးက နောက်ထပ် အခွင့်အရေး တောင်းလိုက်သည်။

"ခင်ဗျားဆီက ငွေနည်းနည်းလောက် ချေးငှားသွားမယ်ဆိုယင်ကော"

"ဒါလည်း ကိစ္စမရှိပါဘူး"

ကျောက်တုံးက...

"ခင်ဗျားတော်တော် သဘောကောင်းတဲ့လူပဲ"

"ဟား..ဟား..ဟား"

ဆိုင်ရှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

မွန်ဂိုကြီးက ကျောက်တုံးကို ငေးကြည့်နေ၏။

ဆိုင်ရှင်က ရယ်မောပြီးမှ...

"မွန်ဂိုကြီးဟာ ကျုပ်ရဲ့ ဖောက်သည်တစ်ယောက်ပါပဲ၊ သူက ဆိုင်ကို ရောက်လာတဲ့ လူစိမ်းဆိုယင် စိန်ခေါ်ပြီး လက်ရုံးရည်ယှဉ်ပြိုင်တတ်တယ်၊ လောင်းကြေးက အရက်အဝ တိုက်ကြေးပေါ့၊ ခုတော့ မင်းက အားလုံးကို အရက်တိုက်လိုက်တော့ သူလည်း ဘာပြောရမှန်းမသိအောင် ဖြစ်နေတော့တာပေါ့"

မွန်ဂိုကြီး အကြောင်းကို ရှင်းပြလေသည်။



မွန်ဂိုကြီးသည် ထိုင်ခုံ၌ ပြန်ထိုင်ချလိုက်ပြီ ဖြစ်သည်။

အခြားသူများနှင့်အတူ တဝါးဝါး တဟားဟား ရယ်မောကာ အရက်သောက်နေ၏။

ကျောက်တုံးကို စိန်ခေါ်ရန်စဖို့ မစဉ်းစားတော့ချေ။

ကျောက်တုံးက ဆိုင်ရှင်ကို မေးလိုက်သည်။

"သည်မြို့အကြောင်းကို နှံ့နှံ့စပ်စပ် သိတဲ့လူတစ်ယောက်လောက် ညွှန်ပြပေးစမ်းပါဗျာ"

ဆိုင်ရှင်က...

"ရပါတယ်"

အရှေ့ဘက်ခြမ်း ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ ထိုင်ကာ အရက်သောက်နေသူတစ်ယောက်ကို ညွှန်ပြလိုက်လေသည်။

"သူက ဖန်းရွှေ၊ သည်မြို့အကြောင်းကို သူ့လောက် သိတဲ့လူ ရှိမှာမဟုတ်ဘူး"

"ကျေးဇူးပါပဲဗျာ"

ကျောက်တုံးသည် ဆိုင်ရှင်ထံမှ ငွေချေးယူပြီး ဖန်းရွှေဆိုသူထံ လှမ်းသွားလိုက်လေသည်။

ဖန်းရွှေက ကျောက်တုံး ရောက်လာသည့်ကို မြင်လျှင် ပြုံးပြလေသည်။

"ကျုပ်ကို အရက်တိုက်တဲ့အတွက် ကျေးဇူးပဲ"

ဟုပြောလာသည်။ ကျောက်တုံးက ဖန်းရွှေနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"ကျုပ်ကို ကျေးဇူးတင်တယ်ဆိုယင် ဖေးယွင်ဆိုတဲ့လူတစ်ယောက်အကြောင်း ပြောပြနိုင်မလား၊ သူက ချောင်လင်ကျောင်းတော်သားတစ်ယောက်လို ကျစ်ဆံမြီးရှည်နဲ့လေ"

ဖန်းရွှေ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဖေးယွင်လား၊ ကျုပ်သိတာပေါ့၊ သူက သည်မြို့ကို မြန်ရောက်လာသေးတာ မကြာသေးဘူး၊ ဘာလဲ မင်းက သူ့ကို သိလို့လား"

ကျောက်တုံးက...

"ဖေးယွင် ဘယ်သူဘယ်ဝါဆိုတာ ကျုပ်မသိပါဘူး၊ ကျုပ်သိတာက ကျစ်ဆံမြီးရှည်နဲ့ဆိုတာပါပဲ၊ ကဲ ခင်ဗျားက သူနဲ့တွေ့ရင် ပြောပေးပါဗျာ"

ဖန်းရွှေက...

"သူ့ကို ဘာပြောပေးစေချင်လို့လဲ"

ကျောက်တုံး မျက်နှာတည်သွားလေသည်။

"ဖေးယွင်နဲ့ တွေ့ရင် ပြောလိုက်စမ်းပါဗျာ၊ ကျစ်ဆံမြီးနဲ့လူတွေဟာ ဘယ်တော့မှ မကောင်းဘူးလို့"

"ဟင်"

ဖန်းရွှေ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျောက်တုံးက...

"ဖေးယွင်ဟာ ကျစ်ဆံမြီးရှည်နဲ့ မဟုတ်လား"

"ဟုတ်...ဟုတ်တယ်"

"ဒါကြောင့် ဖေးယွင်လည်း ကောင်းတဲ့လူ မဟုတ်ဘူးလို့



ကျုပ်ပြောတယ်ဆိုတာပဲ"

စကားဆုံးလျှင် ထိုင်ရာမှထကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

ဖန်းရွှေသည် ပါးစပ်အဟောင်းသားဖြင့် ကျောက်တုံးကို ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

♣ ♣ ♣

## စိတ်ဓာတ်ကျနေသူ

ကျောက်တုံးသည် အရက်ဆိုင်လေးမှ ထွက်လာခဲ့ပြီ ဖြစ်သည်။

ဖေးယွင်ကိုလည်း ရန်စလိုက်ပြီ ဖြစ်သည်။

ဖန်းရွှေထံမှတဆင့် သူပြောခဲ့သည့် စကားသည် ချိန်တူတစ်မြို့လုံး ပျံ့နှံ့သွားတော့မည် ဖြစ်သည်။

ဖေးယွင်ကို သူလိုက်ရှာစရာ လိုတော့မည် မဟုတ်ပါ။

ဖေးယွင်က သူ့ကို ရှာလိမ့်မည် မဟုတ်ပါလား။

ကျောက်တုံးသည် အဝတ်အထည်များ ရောင်းချသော ဆိုင်တစ်ဆိုင်သို့ သွားလိုက်လေသည်။

ဆိုင်ရှင်သည် ကျောက်တုံး၏အသွင်ကို ကြည့်ပြီး...



"မောင်ရင်လေးက အဝတ်အစား ဝယ်မလို့ လာခဲ့တာလား"

"ဟုတ်ပါတယ်ဗျာ"

"ကောင်းတယ်..ကောင်းတယ်၊ ဘယ်လောက်ပဲ ခန့်ညားတဲ့လူ ဖြစ်ပါစေ အဝတ်အစား မကောင်းရင် ရုပ်မထွက်ဘူး၊ အထင်အမြင်သေးစရာ ဖြစ်တယ်၊ ဒါကြောင့် အဝတ်အစားကို ဂရုစိုက်ပြီး ဝတ်ဆင်တာ အကောင်းဆုံးပါပဲ၊ ကဲ အထဲကို ကြွပါ"

ကျောက်တုံးအား ဆိုင်ထဲသို့ ခေါ်သွားလေသည်။

ထို့နောက် ကျောက်တုံးနှင့် လိုက်ဖက်မည့် အဝတ်အစားများ ထုတ်ပြလေသည်။

ကျောက်တုံးက မီးခိုးရောင်ဝတ်စုံတစ်စုံကို ရွေးချယ်လိုက်လေသည်။

"သည်ဝတ်စုံက မောင်ရင်လေးနဲ့ တကယ်ပဲ လိုက်ဖက်ညီပါတယ်"

ဆိုင်ရှင်က ပြုံး၍ ပြော၏။

ကျောက်တုံးက ဟောင်းနွမ်းညစ်ထေးနေသော သူ၏ အဝတ်အစားများကို ချွတ်ကာ မီးခိုးရောင်ဝတ်စုံနှင့် လဲလှယ်ဝတ်ဆင်လိုက်လေသည်။

အဝတ်အစား လဲလိုက်တော့မှ သူ၏ရင်ဘတ်၌ ဓားပါးကလေးနှစ်ချောင်းကပ်၍ ချည်နှောင်ထားသည်ကို ဆိုင်ရှင် တွေ့သွားလေသည်။

လက်နက်ကို လျှို့ဝှက်စွာ ဆောင်ထားသူတစ်ယောက်မှာ ကြောက်စရာကောင်းသူတစ်ဦးပင် ဖြစ်ရမည် မဟုတ်ပါလား။

ဆိုင်ရှင် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကျောက်တုံး ရယ်မောလိုက်သည်။

"မကြောက်ပါနဲ့ဗျာ၊ ကျုပ်က လက်နက်ဆောင်ထားတာ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ပါ"

"ဪ"

"သည်မြို့ကလေးက အေးချမ်းတယ်ဆိုပေမယ့် ဒုစရိုက်သမားတွေ၊ သိုင်းသမားဆိုးတွေ ရောက်နေကြသေးတာပဲ မဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်၊ မောင်ရင်လေး"

"ဒါကြောင့် ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ လျှို့ဝှက်ဆောင့်ထားရတာပါ"

"ဒါပေါ့...ဒါပေါ့၊ ဆောင်ထားသင့်တာပေါ့"

ဆိုင်ရှင်သည် ကျောက်တုံးကို ကြောက်ရွံ့ခြင်း မရှိတော့ချေ။

ကျောက်တုံး အဝတ်အစား လဲလှယ်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလေသည်။

ထို့ကြောင့် လည်း အချိန်အနည်းငယ်အတွင်းမှာပင် ကျောက်တုံးသည် အဝတ်အစား လဲလှယ်ဝတ်ဆင်ပြီးသား ဖြစ်သွားလေတော့သည်။

ဆိုင်ရှင်က...

"မောင်ရင်လေးဟာ တကယ့် လူကြီးလူကောင်းတစ်ယောက်နဲ့ တူသွားပါပြီ"

"ကျေးဇူးပါပဲဗျာ"



ကျောက်တုံးက ကျေးဇူးတင်ကြောင်း ပြောကာ ကျသင့်ငွေပေးပြီး ဆိုင်ရှင်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ယခုတစ်ကြိမ်...

ကျောက်တုံးက လောင်းကစားဝိုင်းဆီသို့ ခြေဦးလှည့်လိုက်လေတော့သည်။

♣ ♣ ♣

အံစာလောင်းကစားဝိုင်း ဖြစ်သည်။

ကျောက်တုံးသည် လောင်းကစားဝိုင်းတွင် ဝင်ရောက်လောင်းကစားလိုက်လေသည်။

အံစာဝိုင်းက ကြေးကြီးလှသည်။

ကျောက်တုံးက အရက်ဆိုင်ရှင်ထံမှ ချေးငှားလာသော ငွေများဖြင့် လောင်းကစားလိုက်လေသည်။

တစ်ကြိမ်...

နှစ်ကြိမ်...

သုံးကြိမ်...

သုံးကြိမ်လောင်းလိုက်ပြီးနောက် ကျောက်တုံး၏လက်ထဲငွေတစ်ရာခန့်သာ ကျန်တော့သည်။

သုံးကြိမ်စလုံး ရှုံးသွားလေသည်။

ကျောက်တုံး၏မျက်နှာကြီး ရှုံ့မဲ့နေသည်။

"ငါ ဘယ်တော့မှ ကံကောင်းတော့မှာလဲ လောင်းကစား

တိုင်း ရှုံးနေတာပါလား”

ညည်းတွားလိုက်မိလေသည်။

နောက်ဆုံး ကျန်နေသော ငွေတစ်ရာကို အဆတစ်ရာ အလျော်ပေးသည့် တစ်ပွင့် ငါးပွင့် အကွက်၌ ချထိုးလိုက်လေသည်။

အံစာတုံးတစ်တုံးတွင် တစ်ပွင့်မှ ခြောက်ပွင့်အထိ အပွင့်ခြောက်ပွင့် ပါရှိလေသည်။

အံစာတုံး ခြောက်တုံးစလုံး လှိမ့်ရာမှ ခြောက်တုံးစလုံး တစ်ပွင့်ချည်းကျလျှင် အဆတစ်ရာ လျှော်လေသည်။

အံစာကို သဲကြီးမဲကြီး လောင်းကစားသူများသည်ပင် တစ်နှစ်နေ၍ တစ်ပွင့် ခြောက်ပွင့် ပေါ်သည်ကို မတွေ့ဘူးကြချေ။

ယခု...

ကျောက်တုံးက ရှုံးနေပြီဖြစ်၍ ဖြစ်ချင်ရာဖြစ် စွန့်စားလိုက်ခြင်း ဖြစ်လေသည်။

အားလုံးက ကျောက်တုံးအား လှောင်ပြောင်သော အကြည့်ဖြင့် ကြည့်လိုက်ကြလေသည်။

“ကဲ လက်ရှောင်”

ဒိုင်လုပ်သူက အော်ပြောရင်း အံစာခြောက်တုံးကို လှိမ့်ချလိုက်လေသည်။

ကျောက်တုံးက မျက်တောင်မခတ် ကြည့်နေသည်။

ထိုစဉ် သူ၏အနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

အရပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင် နှုတ်ခမ်းမွေးကားကား



အသက်ငါးဆယ်ကျော်ခန့်ရှိသူ ဖြစ်လေသည်။ ထိုလူကြီးက...

“မင်းက ကျောက်တုံးလား”

ဟုမေးလိုက်လေသည်။

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ ဦးက..”

“ကျုပ်က ကြုံးရှူဝမ်ပါ”

ကြုံးရှူဝမ်ဟူသော အမည်ကြားလျှင် ကျောက်တုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကြုံးရှူဝမ်မှာ ဤမြို့ကလေး၏ လုံခြုံရေးအတွက် တာဝန်ယူထားသော သိုင်းဆရာကြီး မဟုတ်ပါလား။ ကြုံးရှူဝမ်က...

“ကျုပ်က မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်”

ကျောက်တုံး ခေါင်းညိတ်လိုက်လေသည်။

“ကောင်းပါပြီဗျာ၊ ဒါပေမယ့် ခဏလောက်တော့ စောင့်စေချင်ပါတယ်”

“ဘာဖြစ်လို့လဲ”

“သည်တစ်လှည့်ပြီးယင် ကျုပ်..”

ကျောက်တုံး၏စကားမဆုံးမီ...

“ဟင်”

“ဟာ”

ထိုးသားများ၏ တအံ့တသြ ရေရွတ်သံများ ထွက်ပေါ်လာလေတော့သည်။

"တစ်ပွင့် ခြောက်ပွင့်"

ဒိုင်လုပ်သူက မျက်နှာကြီး ရှုံ့မဲ့သွား၏။

ကျောက်တုံး ထိုးထားသော တစ်ပွင့် ခြောက်ပွင့်ကျသွားပြီ ဖြစ်သည်။

ကျောက်တုံးမှာ အလွန်ကံဆိုးသူတစ်ယောက်ဘဝမှ အလွန်ကံကောင်းသူတစ်ယောက် ချက်ချင်း ဖြစ်သွားလေတော့သည်။

ငွေတစ်ရာပဲ ကျန်တော့ရာမှ ငွေတစ်သိန်းအထိ ဖြစ်သွားသည် မဟုတ်ပါလား။

"ဟေး"

ကျောက်တုံး ဝမ်းသာအားရ အော်ဟစ်လိုက်လေသည်။

ကြုံးရှုဝမ်က...

"မင်း ငါနဲ့ လိုက်ခဲ့လို့ ဖြစ်ပြီ မဟုတ်လား"

ကျောက်တုံးက...

"ဖြစ်ပါပြီဗျာ"

သူက လောင်းကစားဒိုင်ကို ပြောလိုက်သည်။

"ကျုပ်ငွေတွေကို အရက်ဆိုင်ပိုင်ရှင်ဆီကို ပို့ပေးလိုက်ပါဗျာ"

လောင်းကစားဒိုင်က တာဝန်ယူလိုက်၏။

ကျောက်တုံးလည်း ထိုင်ရာမှထကာ ကြုံးရှုဝမ်နှင့် လိုက်ပါသွားလေတော့သည်။

♣ ♣ ♣



ကြုံးရှုဝမ်သည် ကျောက်တုံးအား ခေါ်ဆောင်သွားလေသည်။

နှစ်ယောက်သား မြို့တောင်ပိုင်းသို့ ဦးတည်သွားကြခြင်း ဖြစ်သည်။

လမ်းတွင်...

"မင်းက နာမည်ကျော်ကျောက်တုံး ဟုတ်လား"

ကျောက်တုံးက...

"ကျောက်တုံးဆိုတာ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် နာမည်ကျော်ဆိုတာတော့ မဟုတ်ပါဘူး"

"ထားပါတော့လေ၊ မင်းက ဖေးယွင်ကို လိုက်ရှာနေတယ်ဆို"

ကျောက်တုံးက ဖန်းရွှေကို ပြောခဲ့သည့် စကားသည် အချိန်အနည်းငယ်အတွင်းမှာပင် တစ်မြို့လုံးသို့ ပျံ့နှံ့သွားပြီဖြစ်ကြောင်း သိသာလေသည်။

ကျောက်တုံး ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ကြုံးရှုဝမ်က...

"ဘာကြောင့် သူ့ကို တွေ့ချင်ရတာလဲ"

ကျောက်တုံး ရုတ်တရက် အဖြေမပေးဘဲ နေလိုက်လေသည်။

သူက မပြောလေ ကြုံးရှုဝမ်က ပို၍ သိချင်လာလေလေပင်။

"မင်း ဘာကြောင့် သူ့ကို တွေ့ချင်နေတာလဲ"

ဟုထပ်မေးလိုက်လေသည်။

ကျောက်တုံး သက်ပြင်းချလိုက်သည်။

"သူက ကျစ်ဆံမြီးရှည်နဲ့လူဆိုလို့ပါဗျာ"

"မင်းက သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ချင်တဲ့သဘော မဟုတ်လား"

"မဟုတ်ပါဘူး"

"မင်းမှန်မှန်ပြောရင် ကောင်းမယ်"

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ"

ကျောက်တုံးက ကြုံးရှုဝမ်ကို စိုက်ကြည့်ရင်း ပြန်ပြောလိုက်လေသည်။

ကြုံးရှုဝမ်က...

"မင်းက ကျစ်ဆံမြီးရှည်နဲ့လူကို စိတ်ဝင်စားတဲ့ သဘောလား"

"ဟုတ်တယ်၊ ကျုပ်အကြောင်း လူတိုင်း သိကြပါတယ်ဗျာ"

ကျောက်တုံးက ကျစ်ဆံမြီးရှည်နှင့်လူဆိုလျှင် ကြည့်၍ မရကြောင်း အကြောင်းသိသူများက သိရှိထားကြလေသည်။

ကြုံးရှုဝမ်က...

"ဖေးယွင်ဟာ ရှောင်လင်ကျောင်းတော်သားတစ်ယောက်လို့ ကျစ်ဆံမြီးရှည်ထားတာကြောင့် သူ့ကို တွေ့ချင်တာလား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆိုရင် ဘာထူးသလဲ၊ မင်းက ဖေးယွင်ကို ပြဿနာ



ရှာချင်တာပဲ မဟုတ်လား"

ကျောက်တုံး ဘာမှမပြောဘဲ နေလိုက်လေသည်။

နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြရင်း အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်ရှိလာကြပေသည်။

သူတို့ ရောက်လာချိန်မှာပင် အိမ်တံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာလေသည်။

ထိုလူမှာ အသားအရည် ဖြူဖတ်ဖြူလျှော်ရှိသော လူရွယ်တစ်ယောက် ဖြစ်လေသည်။

ကျောက်တုံးနှင့် အသက်ချင်း မကွာလှပါ။

ကျောက်တုံးထက် အသက်ပိုကြီးလျှင် တစ်နှစ်၊ နှစ်နှစ်သာ ရှိပေမည်။

အစိမ်းရောင်အဝတ်အစား ဝတ်ဆင်ထားသည်။

တစ်ချိန်က ကြံ့ခိုင်သန်စွမ်းပြီး တက်တက်ကြွကြွ ရှိခဲ့သူဖြစ်ကြောင်း ကျောက်တုံး အကဲခတ်မိလေသည်။ ယခု...

သူ၏မျက်နှာ ညှိုးလျှော်ကာ မျက်လုံးများက ရီဝေနေ၏။

လှုပ်ရှားမှုများသည်လည်း အသက်ကင်းမဲ့ကာ နှေးကွေးလေးလံနေလေသည်။

ကျောက်တုံးသည် ထိုလူကို တွေ့လိုက်သည့် တဒင်္ဂအချိန်အတွင်းမှာပင် ထိုလူသည် အလွန်အမင်း စိတ်ဓာတ်ကျဆင်းနေသူတစ်ယောက်ဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

ကြုံးရှုဝမ်က...

"ဖေးယွင်၊ ငါက ကျောက်တုံးကို တွေ့ခဲ့ပြီကွ"

ဟုလှမ်းပြောလိုက်လေသည်။

ထိုလူကား ဖေးယွင် ဖြစ်နေသည်။

ကျောက်တုံးက ဖေးယွင်သည် ရှောင်လင်ကျောင်းတော်သားတစ်ယောက်ကဲ့သို့ ရှည်လျားသော ဆံပင်များကို ကျစ်ဆံမြီးကျစ်ကာ လည်ပင်း၌ ရစ်ခွေထားသည်ကို တွေ့မြင်ရပါလျက် တမင် မမြင်ချင်ဟန်ဆောင်နေလိုက်၏။

ကျစ်ဆံမြီးရှည်ထားသူကို မြင်လျှင် အလိုလို ဒေါသထွက်လာခြင်းကြောင့် ဖြစ်သည်။

ဖေးယွင်နှင့် ပတ်သက်ပြီး ကျောက်တုံး ဒေါသမဖြစ်လိုပါချေ။

ဖေးယွင်သည် အစ်ကိုကြီးကျန်းမာကြောင့် ဒုက္ခရောက်ခဲ့ရသူ ဖြစ်သည်။

ကျန်းမာက အကောက်ကြံခဲ့ခြင်း ဖြစ်လေသည်။

ကျန်းမာကြောင့် အပြစ်မရှိဘဲ ဒုက္ခရောက်ခဲ့ရသူပေါင်း များစွာကို ကျောက်တုံး ကောင်းစွာ တွေ့ခဲ့ဖူးပါသည်။

ကျန်းမာသည် လူကောင်းတစ်ယောက် မဟုတ်, ဒုစရိုက်ခေါင်းဆောင်တစ်ယောက် ဖြစ်ပြီး သူတစ်ပါးအား ဒုက္ခပေးဖို့ ဝန်လေးသူ မဟုတ်ကြောင်းလည်း ကောင်းစွာ သိရှိထားသည်။

ဖေးယွင်သည် ကျန်းမာ၏လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့ရသည်။

ယခု ဖေးယွင် ပြန်ရောက်လာသောအခါ ကျန်းမာသည် မလုံမလဲ ဖြစ်ကာ ဖေးယွင်ကို ထပ်မံဒုက္ခပေးဖို့ ကြံစည်ပြန်သည်။



ဖေးယွင်နှင့် ပတ်သက်လျှင် ကျန်းမာဘက်က တရားလွန်နေသည်ဟု ကျောက်တုံး နားလည်ထား၏။

ဖေးယွင်သာ ကျစ်ဆံမြီးရှည် မရှိပါက သူ လုံးဝ ဂရုစိုက်တော့မည် မဟုတ်ပါ။

"ကျောက်တုံး"

ဖေးယွင်၏တိုးတိုးရေရွတ်သံ ထွက်ပေါ်လာလေသည်။

ကြိုးရှုဝမ်က...

"ဟုတ်တယ်၊ ကျောက်တုံးဆိုတာ သူပဲ"

ဖေးယွင်က ကျောက်တုံးကို ငေးကြည့်နေ၏။

ကြိုးရှုဝမ်က ကျောက်တုံးအား ပြောလိုက်သည်။

"ကျောက်တုံး၊ မင်းက ဖေးယွင်ကို တွေ့ပြီ မဟုတ်လား၊ ကဲ ဘာပြောချင်သေးသလဲ"

ကျောက်တုံး ပြုံးလိုက်သည်။

"သူ့ရဲ့ ကျစ်ဆံမြီးက ဘယ်လောက်ရှည်သလဲဆိုတာ ကြည့်ချင်တာပါဗျာ၊ ဒါပါပဲ"

စကားဆုံးလျှင် ကျောက်တုံးသည် ဘာကိုမှ အမှုမထားဘဲ ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် အံ့သြစရာကောင်းအောင် ထူးခြားသူဖြစ်ကြောင်း လူတိုင်း သိကြလေသည်။

ကြုံးရှုဝမ်က ကျောက်တုံးသည် ဖေးယွင်အား ဒုက္ခပေးလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့် ကျောက်တုံးနှင့် ဖေးယွင်ကို ထိပ်တိုက်တွေ့ပေးကာ မျက်နှာချင်းဆိုင် ဖြေရှင်းစေလိုသည်။

ကျောက်တုံးကသာ ဖေးယွင်ကို ဒုက္ခပေးဖို့ ကြိုးစားလာလျှင် ထိထိရောက်ရောက် ဆုံးမအရေးယူလိုက်မည်ဟု စိတ်ကူးထားလေသည်။

သို့သော်…

သူမျှော်လင့်သလို ဖြစ်မလာပါချေ။

ကျောက်တုံးက ဖေးယွင်အား တွေ့လိုက်ရသည့်တိုင်အောင် လုံးဝဒုက္ခမပေးဘဲ အေးအေးဆေးဆေး ပြန်ထွက်သွားပြီ မဟုတ်ပါလား။

ထိုသို့ အေးအေးဆေးဆေး ထွက်သွားသည်ကိုလည်း ကြုံးရှုဝမ် သဘောမကျနိုင်အောင် ဖြစ်နေပါတော့သည်။

"ခဏနေဦး"

ကြုံးရှုဝမ်က ဟန့်တားလိုက်လေသည်။

ကျောက်တုံး ခြေလှမ်း တုန့်ခနဲ ရပ်သွားလေသည်။

ကြုံးရှုဝမ်ကို လှည့်ကြည့်လိုက်သည်။

"ကျုပ်ကို ဘာပြောချင်သေးလို့လဲဗျာ"

ကြုံးရှုဝမ်က…



"မင်းက ဖေးယွင်ကို တကယ်ပဲ ဒုက္ခမပေးဘူးလား"

"ကျုပ်က သူ့ကို ဒုက္ခပေးမယ်လို့ ဘယ်သူက ပြောတာလဲဗျာ"

"ဒါက အရက်ဆိုင်မှာ မင်းက ဖန်းရွှေကို ပြောသွားတာပဲ မဟုတ်လား"

"ကျုပ်က ကျစ်ဆံမြီးရှည်ရှိတဲ့လူဟာ လူကောင်း မဟုတ်ဘူး၊ ကြည့်လို့ မရဘူးလို့ဘဲ ပြောခဲ့တာပါဗျာ"

"အေးလေ သည်စကားက ပြဿနာရှာချင်တဲ့သဘော မဟုတ်လား"

ကျောက်တုံးက…

"ကျုပ်စိတ်ထဲမှာ ရှိတဲ့အတိုင်း သဘောမကျတာကို သဘောမကျဘူးလို့ လွတ်လွတ်လပ်လပ် ပြောလို့ မရဘူးလားဗျာ"

ကြုံးရှုဝမ် ငိုင်သွားလေသည်။

သူတစ်ပါးအား ထိခိုက်မှု မရှိလျှင် မည်သူမဆို လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ကြသည် မဟုတ်လား။

ကျောက်တုံးက ဖေးယွင်အား ကြည့်မရဟု ပြောခဲ့သည် မဟုတ်ပါ။

ကျစ်ဆံမြီးရှည်ရှိသူများကို သဘောမကျကြောင်း ပြောခဲ့ခြင်းသာ ဖြစ်သည်။ မည်သူမည်ဝါဟု ရည်ရွယ်သည် မဟုတ်ပါ။

ထို့ကြောင့် ကြုံးရှုဝမ်မှာ ကျောက်တုံးကို အပြစ်တင်ဖို့ ခက်ခဲသွားလေတော့သည်။

ကျောက်တုံးက…

"ကျုပ်က သူ့ကို ခုမှတွေ့ဖူးတာ၊ ကျုပ်တို့နှစ်ယောက် ရန်ငြိုးရန်စ ရှိကြတာလည်း မဟုတ်ဘူး၊ သူ့ကို ဘာကြောင့် ဒုက္ခပေးရမှာလဲဗျာ"

ကြိုးရှဝမ် သက်ပြင်းချလိုက်သည်။

"ဒါဆို ပြီးတာပဲ၊ ဒါပေမယ့် မင်းရဲ့စကားကို မင်းမှတ်ထားရမယ်နော်"

"စိတ်ချပါဗျာ၊ ကျုပ်က အံစာဝိုင်းမှာ ကံကောင်းနေတုန်းသွားပြီး ကစားလိုက်ဦးမယ် ခွင့်ပြုပါဗျာ"

ကျောက်တုံး နှုတ်ဆက်ကာ ထွက်သွားတော့၏။

ယခုတစ်ကြိမ် ကြိုးရှဝမ်လည်း တားဆီးခြင်း မပြုတော့ချေ။

♣ ♣ ♣

ကျောက်တုံး အမှန်တကယ် ထွက်သွားပြီ ဖြစ်လေသည်။

ကြိုးရှဝမ်က ဖေးယွင်ဘက်သို့ လှည့်လိုက်သည်။

ထိုအခါ ဖေးယွင်၏မျက်နှာ နီမြန်းကာ ခက်ထန်သောအသွင် ပြောင်းလဲနေသည်ကို တွေ့လိုက်ရလေသည်။

ဖေးယွင်က...

"ဆရာကြီးကြိုး ကျုပ်က အတော့်ကို သည်းခံနေလိုက်ရတာဗျ"

ကြိုးရှဝမ် ခေါင်းညိတ်လိုက်လေသည်။

"မင်း ဘယ်လို ခံစားနေရတယ်ဆိုတာ ကျုပ်သိပါတယ်၊



ဒါပေမယ့် စိတ်ထိန်းထားတာ မင်းအတွက် အကောင်းဆုံးပဲ"

"ဟုတ်ပါတယ်ဗျာ"

ဖေးယွင် သက်ပြင်းချလိုက်လေသည်။

ကြိုးရှဝမ်သည် ဖေးယွင် အကြောင်းကို ကောင်းစွာ သိရှိထားလေသည်။

ဖေးယွင်က မဟုတ်မခံ လူမှန်တစ်ယောက် ဖြစ်သည်။

ကျန်းမာကို လူကောင်းထင်ကာ ဆက်ဆံခဲ့ပြီး အကြောင်းသိသောအခါ ရှောင်လိုက်သည်။

ကျန်းမာက သူ့အကြောင်း ဖော်ထုတ်မည်ကို စိုးရိမ်ကာ မဟုတ်မဟတ် လုပ်ဇာတ်ထွင်ပြီး ဖေးယွင်ကို ဒုက္ခပေးလိုက်သည်။

ကျန်းမာ ဆင်ထားသော ထောင်ချောက်ထဲ ဖေးယွင် ကျရောက်ကာ ခိုးပြတိုက်ရာပါ ပစ္စည်းများ သူ၏အိမ်၌ ရှာဖွေတွေ့ရှိသဖြင့် အဖမ်းခံလိုက်ရလေသည်။

ဖေးယွင်အား ဖမ်းဆီးကာ အပြစ်ဒဏ် စီရင်ခဲ့သူမှာ ကြိုးရှဝမ်ကိုယ်တိုင် ဖြစ်သည်။

ကြိုးရှဝမ်သည် ထိုပြစ်မှုကို ဖေးယွင် ကျူးလွန်ခြင်း မရှိမှန်းသိထား၏။

သို့သော် သက်သေအထောက်အထား ခိုင်လုံနေခြင်းကြောင့် ကြိုးရှဝမ် ဘာမှ မတတ်နိုင်ဘဲ ဖမ်းဆီးအရေးယူခဲ့ရခြင်းဖြစ်သည်။

ဖေးယွင်ကို ဖမ်းဆီးပြီး ရှောင်စီးနယ်အား တာဝန်ယူအုပ်ချုပ်သည့် နယ်စားကြီးထံသို့ ပို့ဆောင်ခဲ့ရလေသည်။

နယ်စားကြီးကလည်း ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ငါး နှစ် အပြစ်ဒဏ် စီရင်ခဲ့လေသည်။

အပြစ်မရှိပါပဲ ဖေးယွင် အပြစ်ဒဏ်ခံခဲ့ရသည်ကို ကြုံးရှု ဝမ်း စိတ်မကောင်း ဖြစ်ခဲ့ရလေသည်။

ဖေးယွင် လွတ်မြောက်လာသောအခါ ကူညီရန်လည်း ဆုံး ဖြတ်ထားခဲ့ခြင်း ဖြစ်ပေတော့သည်။

ဖေးယွင်က…

"ကျုပ်စိတ်မထိန်းလို့ မဖြစ်ဘူး၊ တစ်ခုခု မှားလိုက်တာနဲ့ အကျဉ်းထောင်ထဲကို ချက်ချင်း ပြန်ရောက်သွားမယ်ဆိုတာ ကျုပ်သိ ပါတယ်ဗျာ"

အကျဉ်းထောင်မှ လွတ်မြောက်လာသည့်တိုင်အောင် ကောင်းမွန်စွာ နေထိုင်ပါမည်ဟု ကတိထားခဲ့ရလေသည်။

ကောင်းမွန်စွာ နေထိုင်ခြင်း မပြုဘဲ ပြစ်မှုကျူးလွန်မိပါက ပြစ်မှု ကြီးသည် ငယ်သည် ကြည့်နေမည် မဟုတ်ဘဲ ပြစ်ဒဏ်နှစ် တိုးကာ ဆယ်နှစ် အကျဉ်းချခံရလိမ့်မည် ဖြစ်လေသည်။

ထို့ကြောင့်လည်း ဖေးယွင်က စိတ်ထိန်းထားရခြင်း ဖြစ် တော့သည်။

ကြုံးရှုဝမ်က…

"ဘာပဲပြောပြော သူက မင်းကို ဒုက္ခပေးချင်တဲ့သဘော ရှိနေတာကို မင်းနားလည်ထားရမယ်၊ ပြီးတော့ သူဟာ သတင်း နေတဲ့ လူတစ်ယောက်ပဲ၊ ထိပ်တန်းဓားသမား တိုက်ပွဲကိုသာ လင့်နေတဲ့ လူတစ်ယောက်လို့ အားလုံး နားလည်ထားကြတာ"



ဖေးယွင် မေးလိုက်သည်။

"သူက ဓားသမားတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့ မေးတာလဲ"

"ဓားသမားတစ်ယောက်ဆိုရင် ဓားကိုင်ရမှာပေါ့၊ သူ့ရဲ့ခါး မှာ ဓားချိတ်ထားတာလဲ မတွေ့ပါလား"

ကြုံးရှုဝမ်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျောက်တုံးက ဓားနှစ်လက် ဆောင်ထားတာကို လူတိုင်း သိကြတယ်ကွ"

"ဓားနှစ်ချောင်း ဟုတ်လား၊ ကျုပ်ကတော့ ဘာဓားမှ မတွေ့ခဲ့ရပါလားဗျ"

"ရှိတယ်၊ သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဝှက်ထားတာ၊ အရေးအ ကြောင်း ကြုံတာနဲ့ သူ့လက်ထဲ ရောက်လာမှာပဲ၊ ကြောင်လက် သည်း ဝှက်ထားတဲ့သဘောပေါ့"

ဖေးယွင်က…

"လက်စသပ်တော့ သူက ဓားကို ဝှက်ထားတာကိုး"

"ဟုတ်တယ်"

ဖေးယွင်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလာလေသည်။

"ကျုပ်လည်း ဓားသမားတစ်ယောက် ဖြစ်ခဲ့တာပါပဲလေ"

မှန်ပေသည်။ ဖေးယွင်သည် ရှောင်စီးနယ်တွင် အတော်ဆုံး ဓားသမားဟု ဆိုရလောက်အောင် ကျော်ကြားခဲ့သူ ဖြစ်လေသည်။

ကြုံးရှုဝမ်က…

"တစ်ချိန်က မင်းဟာ ကျော်ကြားတဲ့ ဓားသမားတစ်ယောက်ဆိုတာကို ကျုပ်လက်ခံပါတယ်၊ ခုတော့ သည့်လို မဟုတ်တော့ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲဗျ"

"မင်းက အကျဉ်းထောင်ထဲမှာ ငါးနှစ်နေခဲ့ရတာကြောင့်ပေါ့"

ငါးနှစ်...

အကျဉ်းထောင်ထဲ၌ ငါးနှစ်လုံးလုံး အကျဉ်းချခံနေရချိန်၌ ဖေးယွှင်မှာ ဓားနှင့် ကင်းကွာခဲ့မည် ဖြစ်လေသည်။

ငါးနှစ်ဟူသည် တိုတောင်းသော အချိန်ကာလတစ်ခုတော့ မဟုတ်ပါချေ။

ငါးနှစ်လုံးလုံး ဓားမကိုင်ဘဲ နေခဲ့ရသူတစ်ယောက်သည် ဓားနှင့် အဆက်ပြတ်သွားခြင်းကြောင့် ယခင်ကလောက် ဓားစွမ်းရည် ထက်မြက်ဖို့ မဖြစ်နိုင်တော့ပါ။

လက်ပျက်သွားသည် ဆိုနိုင်ပေသည်။

မည်သည့် ပညာရပ်မျိုး ဖြစ်ပါစေ လေ့ကျင့်မှု ပြတ်သွားလျှင် လက်ရည်ကျသွားမည်သာ ဖြစ်ပါသည်။

ထိုသဘောတရားကို သိုင်းသမားတိုင်း နားလည်ထားကြလေသည်။

ထို့ကြောင့်လည်း ကြိုးရှုဝမ်က ပြောလိုက်ခြင်း ဖြစ်သည်။

ဖေးယွှင် ပြုံးလိုက်လေသည်။

"ကျုပ်က ဓားပညာနဲ့ အဆက်ပြတ်နေတော့ အရင်ကလောက် လက်ရည်မရှိတော့ဘူးလို့ ထင်နေတာလားဗျာ၊ ကျုပ်က အကျဉ်းထောင်ထဲမှာ ဓားသိုင်းကို ဆက်ပြီး လေ့ကျင့်နိုင်ခဲ့တယ်ဆိုရင်ကောဗျာ"

ကြိုးရှုဝမ်က...

"အကျဉ်းသားတစ်ယောက်ဟာ ဓားကိုင်ပြီး လေ့ကျင့်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စပဲ"

"သူများတွေအတွက်တော့ ဖြစ်နိုင်မှာ မဟုတ်ပါဘူး၊ ကျုပ်ကတော့ ကံကောင်းသွားတယ်၊ ကြေးတိုက်မှူးကို ကျုပ်က အကျိုးအကြောင်း ပြောပြခဲ့တယ်၊ အကျဉ်းထောင်ထဲမှာ အကျင့်စာရိတ္တကောင်းမွန်စွာ နေထိုင်ခဲ့တယ်၊ ဒါကြောင့် ကြေးတိုက်မှူးက ကျုပ်ကို အခွင့်အရေးပေးခဲ့တယ်လေ၊ သူကိုယ်တိုင်လည်း ဓားသမားတစ်ယောက် ဖြစ်လေတော့ ကျုပ်နဲ့ အဖော်ရသွားတာပေါ့၊ ကျုပ်တို့နှစ်ယောက် နေ့တိုင်းလိုလို ဓားပညာ ဆွေးနွေးဖလှယ်ခဲ့ကြတယ်၊ တကယ့် ဓားမဟုတ်ပေမယ့် သစ်သားဓားတစ်လက်ကို အသုံးပြုခွင့်ရခဲ့တယ်လေ"

ကြိုးရှုဝမ် အံ့သြသွားလေသည်။

"မင်းတော်တော် ကံကောင်းတာပဲ၊ ဒါပေမယ့် ဓားကိုင်ဆောင်လိုက်ယင် မင်းကို လူတွေက သတိထားကြတော့မှာပဲ"

ဖေးယွှင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ဓားကိုင်မှာ မဟုတ်ပါဘူး၊ သေရေးရှင်ရေး ကိစ္စ မဟုတ်ဘဲ သိုင်းပညာကို အသုံးပြုဖို့လည်း စိတ်မကူးပါဘူး"

ရောင်စီးနယ်စားကြီးသည် ရောင်စီးနယ်ထဲ၌ ဒုစရိုက်သမားများ ထကြွသောင်းကျန်းနေသည်ကို မနှစ်မြို့နိုင်အောင် ဖြစ်နေပြီး ပြင်းပြင်းထန်ထန် နှိမ်နင်းလျက် ရှိပေသည်။

ရာဇဝတ်မှု ကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ပြီး နောက်ထပ် ရာဇဝတ်မှုများ မကျူးလွန်နိုင်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ချုပ်ချယ်ထားခဲ့လေသည်။

ဖေးယွင်သည် အကျဉ်းထောင်မှ လွတ်မြောက်လာသည်ဆိုသော်လည်း နောက်တစ်ကြိမ် ပြစ်မှုကျူးလွန်ခဲ့လျှင် ပြစ်ဒဏ်နှစ်ဆတိုးကာ အကျဉ်းထောင်ထဲ၌ ဆယ်နှစ် နေထိုင်ရလိမ့်မည် ဖြစ်လေသည်။

ထို့ကြောင့် ဖေးယွင်က သတိမထား၍ မရတော့ပါ။

ဖေးယွင်ကိုယ်တိုင်ကလည်း အကြီးအကျယ် စိတ်ပျက်နေပြီဖြစ်ပါသည်။

နောက်ထပ် ပြစ်ဒဏ်မခံရလေအောင် သတိပြုရှောင်ကျဉ်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ကြုံးရှုဝမ်သည် ဖေးယွင်ကို ကူညီဖို့ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

"ဖေးယွင်၊ မင်းဘက်ကသာ မမှားစေနဲ့၊ မင်းနောက်မှာ ငါအမြဲတမ်း ရှိနေမယ်ဆိုတာ မှတ်ထားပါ၊ မင်းဘက်က မှားလို့ကတော့ ငါလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

"စိတ်ချပါဗျာ"

"ကျောက်တုံးနဲ့လဲ ထိပ်တိုက်မတိုးမိစေနဲ့၊ သူ့ဘက်က



စလာယင် ကျုပ်ကို ချက်ခြင်း အသိပေးပါ"

"ကျုပ်အသိပေးပါ့မယ်ဗျာ"

ကြုံးရှုဝမ်က ဖေးယွင်ကို တစ်ချက်ကြည့်လိုက်လေသည်။

"ဖေးယွင်၊ မင်းရဲ့ မိန်းခလေးမုန်းလျှံကော ဘယ်လိုလဲ၊ မင်းပြန်ရောက်လာတာကို သူ ဘယ်လိုသဘောထားသလဲ"

'မုန်းလျှံ'ဆိုသော အမည်ကြားလျှင် ဖေးယွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

နှုတ်ခမ်းဆီမှ ပြုံးရိပ်သန်းလာသည်။

သူ့ပို့တက်ကြွလန်းဆန်းသည့်အသွင် ပြောင်းလဲသွားလေတော့သည်။

"မုန်းလျှံနဲ့ အဆင်ပြေပါတယ်၊ သူဟာ ဘယ်အရာကိုမဆို နားလည်နိုင်စွမ်းရှိတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ ပြီးတော့ ခံနိုင်ရည်ရှိတယ်၊ တည်ငြိမ်တယ်၊ တည်ငြိမ်လွန်းအား ကြီးလွန်းလို့ နှလုံးသားခံစားချက်မှ ရှိရဲ့လား ထင်စရာပါပဲ"

ကျောက်တုံးသည်လည်းကောင်း၊ ဖေးယွင်သည်လည်းကောင်း ထူးခြားသူများ ဖြစ်ကြသကဲ့သို့ မုန်းလျှံဆိုသော မိန်းကလေးမှာလည်း အလွန်ထူးခြားသော မိန်းကလေးတစ်ယောက်ဟု ဆိုနိုင်ပေသည်။

မုန်းလျှံသည် ဖေးယွင် ပြစ်မှုကျူးလွန်ကာ အကျဉ်းကျသွားသည်ကို ဘာမှ မပြောပါ။ မဝေဖန်ခဲ့ပါ။

ဖေးယွင်က...

"မုန်းလျှံက ဘယ်လိုမှ သဘောမထားပေမယ့် သူ့အဖေက တော့ ကျုပ်ကို သဘောမကျနိုင်အောင် ဖြစ်သွားပုံ ရှိပါတယ်၊ ဒါပေ မယ့် ဘာတတ်နိုင်မှာလဲဗျာ၊ မုန်းလျှံကိုတော့ မတိုင်ပင်ရသေးဘူး၊ ကျုပ်က ငွေတိုက်မှာ အလုပ်ရမယ်ဆိုရင် ခြောက်လလောက် ငွေစု ပြီးတာနဲ့ လက်ထပ်ခွင့်တောင်းမယ်လို့ ဆုံးဖြတ်ထားပါတယ်ဗျာ"

ကြုံးရှုဝမ်က...

"မုန်းလျှံတို့မိသားစုကလည်း ထူးခြားတဲ့ မိသားစုပါပဲလေ၊ ဘာပဲဖြစ်ဖြစ် မုန်းလျှံဟာ သည်မြို့မှာ ရှိကြတဲ့ မိန်းခလေးတွေထဲမှာ သဘောကျစရာ အကောင်းဆုံးလို့ ဆိုနိုင်ပါတယ်၊ မင်းတို့နှစ်ယောက် ရဲ့ ဘဝခရီးလမ်း သာယာဖြောင့်ဖြူးသွားမှာ သေချာပါတယ်"

"ကျေးဇူးပါပဲဗျာ"

"ကဲ ငါ့မှာ အလုပ်တာဝန်တွေ များပြားလှတဲ့ကြားထဲ ကျောက်တုံးဆိုတဲ့ ကောင်လေးက အလုပ်တစ်ခု ပိုလာပြီ၊ သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်ရတော့မယ်၊ သည်ကြားထဲ ဘယ်လို ပြဿနာမျိုးမှ ဖြစ်ပေါ်မလာပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ၊ ကဲ ငါသွားဦးမယ်၊ တို့တွေ ပြန်တွေ့ကြသေးတာပေါ့"

"ကောင်းပါပြီဗျာ"

ကြုံးရှုဝမ်က ဖေးယွင်ကို နှုတ်ဆက်ကာ ထွက်သွားလေ တော့သည်။

♣ ♣ ♣

သတင်း

ကျောက်တုံးသည် ဖေးယွင်နှင့် ကြုံးရှုဝမ်တို့ကို ကျောခိုင်း ကာ ထွက်လာခဲ့လေသည်။

သူက လောင်းကစားဝိုင်းသို့ ပြန်မသွားပါ။

ငွေတစ်သိန်းရထားပြီး အရက်ဆိုင်ရှင်ထံသို့ လွှဲပြောင်းထား ပြီးပြီ ဖြစ်၍ ပြန်သွားစရာ မလိုတော့ပါချေ။

သူ၏စိတ်ထဲ၌လည်း လောင်းကစားလိုစိတ် လုံးဝ မရှိခြင်း ကြောင့် ဖြစ်လေသည်။

သူ့အား ဖေးယွင်ဆိုသူက လှမ်းမိုးထားလိုက်ပြီ မဟုတ်ပါ လား။

ဖေးယွင်...

ဖေးယွင်သည် ကျောက်တုံး လုံးဝကြည့်မရသည့် ကျစ်ဆံ မြီးရှည်ရှိသူ ဖြစ်လေသည်။

သို့သော်...

ဖေးယွင်ကို ကျောက်တုံးက လုံးဝ ကြည့်မရသည်တော့ မဟုတ်ပါချေ။

ကျစ်ဆံမြီးရှည် ရှိသည်မှ လွဲပြီး ဖေးယွင်သည် အပြစ်ပြော စရာရှိသူ မဟုတ်ဟု နားလည်ထားလေသည်။

ကျောက်တုံးက ဖေးယွင် အကြောင်းကို စဉ်းစားရင်း လျှောက်လာခဲ့ရာ လမ်းဆုံလမ်းခွ တစ်နေရာသို့ ရောက်ရှိလာခဲ့လေသည်။

လမ်းဆုံလမ်းခွ၌ စည်ကားသိုက်မြိုက်နေပါသည်။

လမ်းသွားလမ်းလာများက ဥဒဟို သွားလာနေကြလေသည်။

လမ်းဘေးဝဲယာ၌ ဈေးဆိုင်များ စုံစုံလင်လင် ရှိနေပါသည်။

ကျောက်တုံးသည် လမ်းဆုံလမ်းခွ၌ ထူးခြားသော အဆောက်အဦးတစ်ခု ရှိနေသည်ကို အမှတ်မထင် သတိပြုမိလိုက်လေသည်။

ထိုအဆောက်အဦးမှာ ကြီးမားလှသည်တော့ မဟုတ်ပါ။

သို့သော် ခံတပ်တစ်ခုပမာ အခိုင်အမာ တည်ဆောက်ထားလေသည်။

ပြတင်းပေါက်များ၊ တံခါးပေါက်များ၌ သံတိုင်များ အခိုင်အမာ ကာရံထားလိုက်လေသည်။

ထိုအဆောက်အဦးကား ငွေတိုက်တစ်ခု ဖြစ်လေသည်။

ငွေတိုက်ဖြစ်၍ လုံခြုံရေးကို အထူးတင်းကြပ်စွာ စီမံထား



ရလေသည်။

ကျောက်တုံး သက်ပြင်းချလိုက်သည်။

"ငွေကို လူတွေက ကြိုက်တယ်၊ ငွေတိုက်ထဲမှာနေရင် ငွေတွေ တပုံတပင်ကြီး နေ့စဉ် တွေ့မြင်ကိုင်တွယ်နေရတယ်၊ ဒါပေမယ့် အကျဉ်းထောင်ထဲ ကျနေသလို ကျဉ်းကြပ်နေတာပဲ၊ ဘယ်တော့မှ မလွတ်လပ်တော့ဘူး"

သူက ခေါင်းမော့ကြည့်လိုက်သောအခါ လွတ်လပ်စွာ ပျံသန်းသွားနေသော ငှက်ကလေးများကို တွေ့လိုက်ရလေသည်။

ကျောက်တုံး ပြုံးလိုက်လေသည်။

"ငါကတော့ ငှက်ကလေးတွေလို လွတ်လွတ်လပ်လပ် ပျံသန်းသွားနိုင်တာကိုပဲ သဘောကျတယ်"

ငွေတိုက်ကို ကျောခိုင်းကာ ထွက်လာခဲ့လေသည်။

သို့ဖြင့် လမ်းဘေး၌ လူနေ အိမ်ခြေများ ကျဲပါးလာ၏။

သစ်ပင်ချုံနွယ်များ၊ မြေကွက်လပ်များက နေရာယူလာသည်။

ကျောက်တုံးက ဆက်၍ လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင်...

"ဝှစ်"

ပေါက်ဓားကလေးတစ်ချောင်း ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

စူးရှသော လေတိုးသံနှင့်အတူ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ပေါက်ဓားကလေးတစ်ချောင်းက ကျောက်တုံးထံသို့ ပစ်လွှင့်လာလေသည်။

ကျောက်တုံး ရင်ထိတ်သွားသည်။

လက်တစ်ဘက် ဆန့်ထုတ်ဝှေ့ယမ်းကာ ဖမ်းဆီးထားလိုက်သည်။

ဖတ်ခနဲ မြည်သံနှင့်အတူ ပေါက်ဓားကလေးမှာ ကျောက်တုံး၏လက်ထဲ ရောက်ရှိလာလေသည်။

ကျောက်တုံးက ပေါက်ဓားလေး ပစ်လွှင့်လာရာဘက်သို့ ကြည့်လိုက်လေသည်။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာပြီး ကောင်လေးတစ်ယောက် ပြေးလွှားလာသည်ကို တွေ့လိုက်ရလေသည်။

အသက်ဆယ့်သုံးလေးနှစ်ခန့်ရှိသော ကောင်လေး ဖြစ်လေသည်။

ကောင်လေးသည် ပြေးလွှားလာရင်း ကျောက်တုံးကို မြင်လျှင် ခြေလှမ်းရပ်သွားလေသည်။

ကျောက်တုံး၏လက်ထဲ၌ ပေါက်ဓားကလေး ရောက်ရှိနေသည်ကိုလည်း တွေ့မြင်သွားသည် မဟုတ်ပါလား။

ကျောက်တုံးက…

"ဒါ မင်းရဲ့ ဓားကလေး ဟုတ်လား"

ဟုမေးလိုက်သည်။



ကောင်လေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"မင်းက ငါ့ကို ဓားနဲ့ ပေါက်လိုက်တာလား"

"ဟာ မဟုတ်ပါဘူး"

"ဒါဖြင့် ငါ့ဆီကို ဘာကြောင့် ပစ်လွှင့်လာရတာလဲ"

"ကျွန်တော် တမင် ပစ်လိုက်တာ မဟုတ်ပါဘူး"

"ဩော် မတော်တဆ ပစ်လွှင့်လာတာပေါ့လေ"

"ဟုတ်ပါတယ်ဗျာ"

ကျောက်တုံးက အေးအေးဆေးဆေးပင် လက်နှစ်ဘက်ကို နောက်ပစ်ထားလိုက်လေသည်။

"ကဲ ဘယ်လို မတော်တဆ ပစ်လွှင့်လာရတယ်ဆိုတာ ကျုပ်ကို ပြောစမ်းပါဦး"

"ကျွန်တော့်နောက်ကို လိုက်ခဲ့ပါလားဗျာ"

"ကောင်းပြီ"

ကောင်လေးက ခေါ်ဆောင်သွားရာ ကျောက်တုံးလည်း လိုက်သွားလေသည်။

သိပ်ကြာကြာ မသွားလိုက်ရပါ။

သစ်ပင်ချုံနွယ်များကို ဖြတ်ကျော်သွားပြီး မကြာမီ မြေကွက်လပ်တစ်ခုသို့ ရောက်ရှိသွားလေသည်။

မြေကွက်လပ်တွင် သစ်သားပြားကြီးတစ်ခု ထောင်ထားပြီး ထိုသစ်သားပြားပေါ်၌ စက်ဝိုင်းပုံ ရေးဆွဲထား၏။

ပေါက်ဓားကလေး သုံးလေးချောင်း စိုက်ဝင်နေသည်ကို

လည်း တွေ့ရလေသည်။

ကျောက်တုံး တစ်ချက် အကဲခတ်ကြည့်ပြီး အခြေအနေကို နားလည်သဘောပေါက်သွားလေတော့သည်။

"လက်စသပ်တော့ မင်းက ဓားပေါက်လေ့ကျင့်နေတာကိုး"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"မင်းတော်တော် လက်တည့်တာပဲ"

ကျောက်တုံး၏စကားကြောင့် ကောင်လေးက ရယ်မောလိုက်လေသည်။

"ကျွန်တော်က စက်ဝိုင်းကို ဓားနဲ့ ပေါက်လိုက်တာ လွဲချော်ပြီး တောအုပ်ထဲ ရောက်သွားတာ"

"ကံကောင်းလို့ ငါ့ကို ထိတော့မလို့"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

ကောင်လေးက တောင်းပန်လာလေသည်။

ကျောက်တုံးက...

"မတော်တဆ ဖြစ်တာပဲကွာ ကိစ္စမရှိပါဘူး၊ နောက်ဆိုရင် သည်လောက်ကြီးတဲ့ သစ်သားပြားကြီးကို လွဲချော်အောင် မပစ်မိဖို့ ကြိုးစားပေါ့ကွာ"

ကောင်လေး ရှက်ပြုံးပြုံးလိုက်လေသည်။

"ကျွန်တော်က ကြိုးစားတာပါပဲ၊ ဒါပေမယ့် ခုထိ တိုးတက်မလာဘဲ လွဲချော်နေတုန်းပဲ"

ကျောက်တုံးက...

"ငါ့ညီက ဓားပေါက်ပညာကို ဝါသနာပါတယ် ဟုတ်လား"



"ဟာ ဘယ်လိုပြောလိုက်ပါလိမ့်ဗျာ၊ ဓားပေါက်ပညာနဲ့ ကြိုးကွင်းပစ်ပညာကို ကျွန်တော် သိပ်ပြီး ဝါသနာပါတာ"

ကျောက်တုံးက...

"မင်းက သိုင်းသမားတစ်ယောက် လုပ်ချင်လို့လား"

ကောင်လေး ခေါင်းခါယမ်းလိုက်သည်။

"သိုင်းသမား လုပ်ချင်တာ မဟုတ်ပါဘူး၊ ကျွန်တော်က အမဲလိုက်မုဆိုး လုပ်ချင်တာပါ"

"ဪ"

ကျောက်တုံးက ကောင်လေးအား စိတ်ဝင်စားသွားလေသည်။

"ကောင်းပြီလေ၊ မင်းကို ငါကူညီမယ်ဆိုယင်ကော"

"ဗျာ၊ ကျွန်တော့်ကို ကူညီမယ် ဟုတ်လား"

"ဒါပေါ့"

ကျောက်တုံးသည် ဖမ်းယူထားခဲ့သော ပေါက်ဓားကလေးကို လက်ထဲ တဆဆလုပ်ယင်း မလှမ်းမကမ်းသို့ လှမ်းသွားလိုက်လေသည်။

ကောင်လေးက ကျောက်တုံးကို ငေးကြည့်နေသည်။

ကျောက်တုံးက...

"ကြည့်ထား"

ပြောယင်း လက်ထဲမှ ပေါက်ဓားလေးကို ပစ်လွှင့်လိုက်လေသည်။

"ဝှစ်"

"ဒေါက်"

ပေါက်ဓားလေးသည် အရှိန်ပြင်းစွာ ပစ်လွှင့်သွားပြီး သစ်သားပြားပေါ်မှ စက်ဝိုင်းပုံ ပစ်မှတ်အလယ်တည့်တည့်၌ စိုက်ဝင်သွားလေသည်။

"ဟာ"

ကောင်လေး တအံ့တဩ ဖြစ်သွားလေသည်။

ကျောက်တုံးကိုလည်း ချီးကျူးလိုက်လေသည်။

"နောင်ကြီးက သိပ်တော်တာပဲ"

ကျောက်တုံးက...

"ဒါဘာဟုတ်မှာလဲ၊ ကဲ ငါ့ကို ပေါက်ဓားကလေးတွေ ပေးစမ်းပါဦး"

"ဟုတ်ကဲ့"

ကောင်လေးက အသင့်ရှိနေသော ပေါက်ဓားလေးငါးချောင်း ပေးလိုက်လေသည်။

ကျောက်တုံးက ပေါက်ဓားကလေးများကို ယူကာ ပစ်မှတ်သစ်သားပြားကို ကျောခိုင်းလိုက်လေသည်။

ထို့နောက် အနည်းငယ်မျှပင် ချိန်ရွယ်ခြင်းမျိုး မပြုဘဲ ဖြစ်သလို ပစ်ပေါက်လိုက်လေသည်။

ပစ်မှတ်ကို ကျောခိုင်းကာ လက်နောက်ပြန် ပစ်ပေါက်လိုက်ခြင်း ဖြစ်လေသည်။

"ဒုတ်..ဒုတ်..ဒုတ်"

ပေါက်ဓားကလေးများ တရစပ် ပစ်လွှင့်သွားလေသည်။



ပစ်မှတ်စက်ဝိုင်း အလယ်ဗဟို၌ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်သွားလေတော့သည်။

ကောင်လေး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ကျောက်တုံးကို မယုံကြည်နိုင်စွာ ကြည့်နေသည်။

ကျောက်တုံးက ကောင်လေးဘက်သို့ ပြန်လှည့်လိုက်ပြီး ပြုံးပြလိုက်လေသည်။

"ဘယ်လိုလဲကွ"

ကောင်လေးက...

"ကျွန်တော်ယုံတောင် မယုံနိုင်တော့ပါဘူးဗျာ"

ကျောက်တုံးအား အလွန်သဘောကျသွားလေတော့သည်။

ကျောက်တုံးက...

"ညီလေး၊ မင်းက ဓားပေါက်ပညာ သင်ချင်သလား"

"ဟာ ဘယ်လိုပြောလိုက်တာလဲ အစ်ကိုကြီးရာ သင်ချင်တာပေါ့၊ ကျွန်တော့်ကို သင်ပေးပါလားဟင်"

"သင်ပေးမှာပေါ့"

ကျောက်တုံးက ကောင်လေးအား ဓားပေါက်ပညာ သင်ပေးရန် ဆုံးဖြတ်လိုက်လေသည်။

"ဓားတစ်လက်နဲ့ ပစ်မှတ်ကို ထိမှန်အောင် ဘယ်လိုပစ်ပေါက်ရမယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို သိရင် လွယ်လွယ်ကလေးပါကွာ၊ အရာရာအားလုံး စိတ်ထဲက သိရှိမှတ်သားထားရမယ်၊ စိတ်ကို တည်ငြိမ်အောင် ထားရမယ်၊ မျက်လုံးမှိတ်ထားတာတောင်မှ ပစ်မှတ်ကို မြင်ယောင်နေရမယ်၊ လူကိုယ်တိုင် ပစ်မှတ်ဆီကို ပြေးသွား သလို

ဓားကို ပစ်လွှတ်ရမယ်၊ လူနဲ့ ဓား တသားတည်း ကျနေရမယ်"

ဓားပေါက်သည့်အခါ စိတ်တည်ငြိမ်အောင် မည်သို့ ထား(ရ) မည်၊ ဓားကို မည်သို့ ကိုင်ဆောင်ရမည်၊ လက်ကို မည်သို့ လွှဲကာ ပေါက်ရမည် စသည်ဖြင့် ရှင်းပြလိုက်သည်။

သုံးကြိမ်တိုင်တိုင် လက်တွေ့ပြသလိုက်သည်။

ထို့နောက် ကောင်လေးအား ကိုယ်တိုင် လေ့ကျင့်စေလိုက်လေသည်။

ကောင်လေးက ဉာဏ်ကောင်းသူ ဖြစ်သည်။

ကျောက်တုံး သင်ပေးသမျှ မှတ်မိပြီး လက်တွေ့ကျင့်သုံးနိုင်ခဲ့သည်။

ထို့ကြောင့် တခဏအတွင်းမှာပင် ပစ်မှတ်ကို ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့လေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် မမျှော်လင့်ဘဲ ကောင်လေးတစ်ယောက် နှင့် ခင်မင်သွားပြီး ဓားပေါက်ပညာ သင်ကြားပေးခဲ့လေသည်။

ကောင်လေးက ကျောက်တုံးကို ကျေးဇူးတင်သွား၏။

"နောင်ကြီးကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ ပါဘူးဗျာ၊ ဓားပေါက်ပညာကို ကျွန်တော် လေ့ကျင့်ခဲ့တာ ကြာပါပြီ သည်လောက် မဟုတ်ခဲ့ဘူး၊ ခုတော့ တထိုင်ထဲ လေ့ကျင့်တာနဲ့ တတ် မြောက်သလို ဖြစ်သွားပြီ"



ကျောက်တုံးက...

"မင်းက အလေ့အကျင့် ရှိတဲ့အပြင် ကြိုးစားခဲ့တာကိုးကွ"

ကောင်လေး ဦးညွတ်လိုက်သည်။

"ကျွန်တော့်နာမည်ကျိုရင်းလို့ ခေါ်ပါတယ်၊ အစ်ကိုကြီးက ကော ဘယ်သူများလည်း သိပါရစေဗျာ"

"ကျောက်တုံး"

"ဗျာ"

ကျောက်တုံးဟူသော အမည်ကြောင့် ကောင်လေး'ကျိုရင်း' ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျောက်တုံးက...

"ဘာလဲ မင်းက ငါ့နာမည်ကို သဘောကျလို့လား"

ကောင်လေးကျိုရင်းက...

"ကျွန်တော် သေသေချာချာ မှတ်ထားပါ့မယ်ဗျာ"

ထိုစဉ် ကျောက်တုံးသည် မြေပေါ်မှ ကြိုးကွင်းတစ်ခုကို တွေ့လိုက်ရလေသည်။

ကျောက်တုံး စိတ်ဝင်စားသွား၏။

"မင်းက ကြိုးကွင်းပစ်ပညာကိုကော ဝါသနာပါတယ် ဟုတ် လား"

ကျိုရင်းက...

"ဟုတ်ပါတယ်ဗျာ၊ ကြိုးကွင်းနဲ့ သားကောင်တွေကို ပစ်ဖမ်း လို့ ရတယ် မဟုတ်လား"

ကျောက်တုံးက...

"ဒါဖြင့် ကြိုးကွင်းပစ်ပညာကို မင်းကျွမ်းကျင်တယ်ပေါ့ ဟုတ်လား"

ကျိုရင်း ခေါင်းခါယမ်းလိုက်သည်။

"သည်လောက်လည်း မဟုတ်သေးပါဘူးဗျာ"

"ငါသင်ပေးရဦးမှာလား"

"အစ်ကိုကြီးက ကြိုးကွင်းပစ်ပညာကိုကော ကျွမ်းကျင်တယ် ဟုတ်လား"

ကျောက်တုံး ရယ်မောလိုက်သည်။

"ဒါပေါ့ကွာ၊ သည်မြို့မှာ ဖေးယွင်ဆိုတဲ့လူဟာ ကြိုးကွင်းပစ်ပညာမှာ အတော်ဆုံးလို့ ပြောကြတယ်၊ ငါက သူ့ကို ကောင်းကောင်းယှဉ်နိုင်မှာ သေချာပါတယ်"

ကျိုရင်းက...

"ဖေးယွင်ဟာ အရင်ကတော့ ပြိုင်ဘက်ကင်းတဲ့ ကြိုးကွင်းပစ် မြင်းရိုင်းဖမ်းသမားပေါ့၊ ခုတော့ သည်လို မဟုတ်တော့ဘူး"

"ဘယ်လို မဟုတ်တာလဲ"

"သူက စိတ်ဓာတ်ကျနေတယ်၊ သူ့ရဲ့ပညာတွေဟာ အရင်ကလို ထက်မြက်မှု မရှိတော့ဘူး"

"ဩော်"

လူတစ်ယောက်တွင် စိတ်ဓာတ်ခွန်အားက အရေးအကြီးဆုံးဖြစ်ကြောင်း ကောင်လေးကျိုရင်းသည်ပင် သိရှိထားလေသည်။

ကျိုရင်းက...

"အရင်တုန်းကဆိုရင် ဖေးယွင်ဆိုရင် လူတိုင်းက လေးစားစား ဆက်ဆံကြတာ"



ကျောက်တုံး စိတ်မကောင်း ဖြစ်သွားလေသည်။

ရှုံးနိမ့်ကျဆုံးနေသူတစ်ယောက်၏ဘဝမှာ အလွန်စိတ်ပျက်စရာကောင်းကြောင်း သူနားလည်ထားသည် မဟုတ်ပါလား။

ကျောက်တုံးက စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

"မင်းက ကြိုးကွင်းပစ်ပညာကို သင်ချင်တယ် မဟုတ်လား"

"ဘယ်လိုပြောလိုက်ပါလိမ့် အစ်ကိုကြီးရာ သင်ချင်တာပေါ့"

"ဒါဖြင့် ကြည့်ထား"

ကျောက်တုံးက ကြိုးကွင်းတစ်ချောင်းကို ယူလိုက်လေသည်။

ကြိုးစတစ်ဘက်ကို လေထဲ ပစ်မြှောက်လိုက်သည်။

ကြိုးက လေထဲ၌ ဖြောင့်တန်းသွားချိန်၌ လက်ကောက်ဝတ်ကို လှုပ်ရှားကာ ကြောင်လိမ်လေ့ကားသဏ္ဍာန် ပြုလုပ်လိုက်လေသည်။

ထိုမှတဆင့် ပျော့အိကျလာသော ကြိုးကို သံကွင်းဆက်သဏ္ဍာန် အကွင်းလိုက် အကွင်းလိုက် အလိမ်လိမ် အထပ်ထပ် ဖြစ်အောင် ပြုလုပ်လိုက်သည်။

တဖန် ကြိုးတစ်ခွေလုံးကို အခွေလိုက် ဖမ်းယူလိုက်လေသည်။

လက်ကောက်ဝတ်ကို ကစားလျက် ကြိုးကိုင်ထားသော လက်ကို မြင့်ချည်နိမ့်ချည်လုပ်ရင်း လှိုင်းတွန့်များသဏ္ဍာန် ဖန်တီးပြ

လိုက်လေသည်။

ထို့အပြင်...

ကျောက်တုံးသည် သူ၏ပတ်ပတ်လည်တွင် ကြိုးကွင်းများ အထပ်ထပ် ရစ်ပတ်နေသည့်အသွင်ဖြင့် သူကိုယ်တိုင်လည်း ကြိုးကွင်းအလယ်ဗဟိုသို့ ရောက်နေသည့် သဏ္ဌာန်မျိုး ဖန်တီးပြလိုက်လေသည်။

ထို့နောက် ကြိုးကွင်းသည် အရစ်လိုက် အရစ်လိုက်ဖြင့် အပေါ်သို့ ထိုးတက်သွားပြီး ကျောက်တုံး၏ဦးခေါင်းပေါ်မှတဆင့် ကျိုရင်းထံသို့ ရောက်ရှိသွားသည်။

ကြိုးကွင်းသည် ကျိုရင်းအား စွပ်မိကာ အထပ်ထပ် ရစ်ပတ်ကာ ကျဉ်းမြောင်းသည့်ထက် ကျဉ်းမြောင်းသွားပြီး နောက်ဆုံး တုတ်တုတ် မလှုပ်နိုင်အောင် တစ်ကိုယ်လုံး ရစ်ပတ်ပြီးသား ဖြစ်သွားလေတော့သည်။

"ဟာ"

ကျိုရင်း လွှတ်ခနဲ အော်လိုက်လေသည်။

ကျောက်တုံးက တဟားဟား ရယ်မောလိုက်လေသည်။

"ကြိုးကွင်းပညာဟာ လက်ကောက်ဝတ်မှာ အဓိက မှီတည်တယ်ကွ"

ကြိုးကွင်းပစ်ပုံ ပစ်နည်းများကို သင်ကြားပြသပေးလိုက်လေတော့သည်။

ကျိုရင်းသည် ကျောက်တုံးအား အလွန်ကျေးဇူးတင်သွားလေသည်။



"အစ်ကိုကြီးက ဓားပေါက်ပညာကော ကြိုးကွင်းပစ်ပညာ ထိပ်တန်းပဲ၊ မြင်းရိုင်းတွေ ဖမ်းပြီး ရောင်းဝယ်တဲ့ မြင်းခြံမှာ သွားပြီး အလုပ်လုပ်ယင် ငွေအတော်များများ ရမှာ သေချာတယ်"

"ငွေ"

"ဟုတ်တယ်၊ အားလုံးက ငွေရှာဖို့ ကြိုးစားနေကြတာပဲ မဟုတ်လားဗျာ"

ကျောက်တုံး မျက်မှောင်ကုပ်သွားလေသည်။

ကျိုရင်းသည် ငွေနှင့် ပတ်သက်ပြီး သဘောထားတစ်မျိုး ရှိကြောင်း ရိပ်မိလိုက်လေသည်။

"မင်းက ငွေရှာဖို့ ကြိုးစားတဲ့ လူတွေကို မုန်းတီးနေတာလား"

ဟုမေးလိုက်သည်။

ကျိုရင်းက...

"သည်လိုဆိုယင်တော့ ကျွန်တော့်အဖေကို အရင်ဆုံး မုန်းရမလို ဖြစ်နေပြီ"

"မင်းရဲ့အဖေက.."

"ဖေဖေက တစ်ချိန်လုံး ငွေရှာဖို့ပဲ ကြိုးစားနေတာပေါ့၊ သူ့ရဲ့ဦးခေါင်းထဲမှာ ကျွန်တော်တောင်မှ ရှိသေးရဲ့လား မသိပါဘူး"

ကျောက်တုံးသည် ကျိုရင်းကို ကြည့်ပြီး သဘောပေါက်သလို ဖြစ်သွားလေသည်။

ကျိုရင်းက...

"ကျွန်တော်က ဖေးယွင်ဆီမှာ ဓားပေါက်ပညာနဲ့ ကြိုးကွင်း

ပစ်ပညာ သင်ယူဖို့ စိတ်ကူးခဲ့သေးတယ်၊ ဒါပေမယ့် သူက ငွေရှာဖို့ပဲ အဓိကထားနေတော့ ခက်သွားတာပေါ့"

ကျောက်တုံး မျက်မှောင်ကုပ်သွားလေသည်။

"ဖေးယွင်ကလည်း ငွေရှာဖို့ပဲ အဓိကထားနေတယ် ဟုတ်လား"

"ဟုတ်တယ်ဗျ"

"သူက မြင်းခြံတစ်ခြံမှာ…"

ကျိုရှင်း ခေါင်းခါယမ်းလိုက်လေသည်။

"သူက မြင်းခြံမှာ လုပ်မှာ မဟုတ်ပါဘူး၊ ငွေတိုက်မှာ လုပ်ယ်လို့ ပြောနေတာ၊ သူက ငွေမရှာလို့ မရဘူးလေ"

ကျောက်တုံးကို ပြုံးပြရင်း ဆက်ပြောလိုက်သည်။

"မမမုန်းလျှံတို့မိသားစုကလည်း ငွေရှာကြတော့မှာ မဟုတ်လား၊ ကြည့်ရတာ သူတို့တတွေ လက်ထပ်ဖို့ ငွေစုဆောင်းနေကြတဲ့ သဘောမျိုး ထင်ပါတယ်"

ကျောက်တုံးသည် ကျိုရှင်း ပြောသည့် စကားများကို ကောင်းစွာ နားမလည်ပါ။

သို့သော်…

ဖေးယွင်က အလုပ်တစ်ခုခု လုပ်ရမည်ဆိုသည်မှာ သဘာဝကျလေသည်။

မုန်းလျှံတို့က ငွေရှာကြမည်ဆိုသည်မှာ မည်သို့သော သဘော ဖြစ်ပါသနည်း။

ကျောက်တုံး မေးကြည့်လိုက်လေသည်။



"မုန်းလျှံဆိုတာ ဖေးယွင်နဲ့ ပတ်သက်နေတဲ့ မိန်းကလေး ဟုတ်လား"

ကျိုရှင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သည်မြို့မှာ အချောဆုံး အလှဆုံး မိန်းကလေးပေါ့ဗျာ၊ အစ်ကိုကြီးတို့လို လူရွယ်လူတိုင်းက သူ့ကို နှစ်သက်သဘောကျကြတာပဲ"

ကျောက်တုံး ပြုံးလိုက်လေသည်။

ကျိုရှင်းက…

"မမမုန်းလျှံတို့အိမ်က အကြီးကြီးပဲ၊ သူတို့က အိမ်ခန်းတွေ ဖွဲ့ပြီး တည်းခိုခန်း ဖွင့်လိုက်တယ်လေ၊ ဒါငွေရှာတာပဲ မဟုတ်လား"

"လက်စသပ်တော့ တည်းခိုခန်း ဖွင့်လိုက်တာကိုး"

"ဟုတ်တယ်၊ သည်မြို့က လူတွေကတော့ သွားမတည်းကြပါဘူး၊ ရပ်ဝေးက ရောက်လာတဲ့ ဧည့်သည်တွေသာ သွားတည်းကြတာပါ၊ ဒါပေမယ့် ကြာကြာနေတဲ့လူ နည်းပါတယ်၊ တစ်ရက် နှစ်ရက်လောက်ပါပဲ"

ကျောက်တုံးက မုန်းလျှံတို့ အိမ်၌ တည်းခိုခန်း ဖွင့်ထားသည်ဆိုသော အချက်ကို မေ့မသွားရလေအောင် သေသေချာချာ မှတ်သားထားလိုက်လေသည်။

ဖေးယွင်နှင့် ပတ်သက်နေသည့် မုန်းလျှံကို စိတ်ဝင်စားမိသည်။

မုန်းလျှံသည် ဤမြို့၌ အချောဆုံး အလှဆုံး မိန်းကလေး ဖြစ်သည်ဆိုခြင်းကိုလည်း စိတ်ဝင်စားမိလေသည်။

ကျောက်တုံးသည် ဘယ်တုန်းကမှ မိန်းခလေးများအား စိတ်ဝင်စားခဲ့သူ မဟုတ်ပါချေ။

သို့သော် ယခုတစ်ကြိမ်တွင် မုန်းလှျံကို စိတ်ဝင်စားမိလေသည်။

ကျောက်တုံးသည် မမျှော်လင့်ဘဲ ကျိုရင်းနှင့် တွေ့ဆုံခဲ့ရပြီး ဖေးယွင်နှင့် မုန်းလှျံတို့၏ သတင်းကို သိခဲ့ရ၏။

ထို့နောက် ကျိုရင်းကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣



## ထူးဆန်းသော မိန်းကလေး

ကျောက်တုံးသည် မုန်းလှျံ၏သတင်းကို သိရပြီးနောက် ကျိုရင်းကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

မြို့ထဲသို့ နောက်ကြောင်း ပြန်လှည့်လာခဲ့ခြင်း ဖြစ်သည်။

မုန်းလှျံတို့အိမ် မည်သည့်နေရာ၌ ရှိသည်ကို ကြာကြာ မစုံစမ်းလိုက်ရပါချေ။

လူတိုင်းက မုန်းလှျံ၏ဖခင် မုန်းကျူးပကို သိထားကြသည် မဟုတ်ပါလား။

ကျောက်တုံး သတင်းစုံစမ်းပြီး မကြာမီမှာပင် မုန်းလှျံတို့ အိမ်ရှိသည့် နေရာကို သိလိုက်ရလေသည်။

ကျောက်တုံးသည် ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ မုန်းလှျံတို့ အိမ်ဆီသို့ သွားလိုက်လေသည်။

မုန်းလျှံတို့အိမ်သည် မြို့အရှေ့ပိုင်း၌ တည်ရှိခြင်း ဖြစ်လေသည်။

သစ်ပင်ပန်းပင်များဖြင့် စိုပြည်စိမ်းလန်းနေသော ခြံဝင်းတစ်ခုအတွင်း၌ တည်ရှိခြင်း ဖြစ်သည်။

ရှေးဟောင်းအိမ်ကြီးတစ်လုံး ဖြစ်သည်။

အဆောင်ဆောင် အခန်းခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ယခုတိုင် ခမ်းနားထည်ဝါနေသေး၏။

ထိုအဆောက်အဦးကြီး၌ တည်းခိုခန်း ဖွင့်လှစ်ထားခြင်းကြောင့် လာရောက်တည်းခိုသူများ နားအေးပါးအေးဖြင့် စိတ်အေးချမ်းသာ တည်းခိုနေထိုင်နိုင်ကြမည် ဖြစ်သည်။

"သည်အဆောက်အဦးကြီးမှာ တည်းခိုခန်း ဖွင့်လိုက်တာ စိတ်ကူးအတော် ကောင်းတာပဲ"

ခြံဝင်းအတွင်း၌လည်း သစ်ပင်ပန်းပင်များကို စနစ်တကျ စိုက်ပျိုးထားသည်။

ကျောက်တုံးက အားလုံးကို ခြုံငုံစဉ်းစားပြီးလျှင် အိမ်ပိုင်ရှင်သည် အလွန်စည်းစနစ်ကြီးသူ ဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

ကျောက်တုံးက ဟိုဟိုသည်သည် အကဲခတ်ကြည့်ရင်း လျှောက်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင်...

"ဘာကိစ္စများ ရှိလို့ပါလဲရှင်"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ကျောက်တုံး ကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်အောက်မှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးသည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားခြင်းကြောင့် ရုတ်တရက် ကြည့်လျှင် မီးတောက်တစ်ခုဟုပင် ထင်ရလေသည်။

ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေး ဖြစ်သည်။

သို့သော်...

သူမ၏မျက်နှာပေါ်၌ ရယ်ခြင်း၊ ပြုံးခြင်းမျိုး ရှိသည်ကို မတွေ့ရပါ။

သူမ၏မျက်လုံးများကလည်း အေးတိအေးစက် ဖြစ်နေသည်။

ခံစားချက် ကင်းမဲ့သူတစ်ယောက် အသွင်မျိုး ရှိသည်ကို အတွေ့အကြုံများသော ကျောက်တုံး သတိပြုမိလိုက်လေသည်။

မိန်းကလေးက ကျောက်တုံးနှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်သည်။

ကျောက်တုံးအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး...

"ဘာကိစ္စများ ရှိပါသလဲရှင်"

ဟုထပ်မေးလာလေသည်။

သူမ၏စကားသံမှာ အသက်ကင်းမဲ့နေ၏။

နွေးထွေးခြင်း ကင်းမဲ့ကာ အေးတိအေးစက် ဖြစ်နေသည်။

တာဝန်ရှိ၍ မေးမြန်းလိုက်ပုံမျိုး တော်ကြေတန်းကြေ မေး

လိုက်ပုံမျိုး ဖြစ်လေသည်။

ကျောက်တုံးက...

"သည်ခြံဟာ 'မုန်းကျူးပ'ရဲ့ ခြံလားဗျာ"

ဟုပြန်မေးလိုက်လေသည်။

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

သူမ၏ဦးခေါင်း လှုပ်ရှားသွားတော့မှ သူမ၏ကျစ်ဆံမြီး ရှည်ကို ကျောက်တုံး သတိပြုမိလိုက်လေသည်။

အလိုလိုနေရင်း မကျေနပ်သော စိတ်များ ဖြစ်ပေါ်လာလေတော့သည်။

ဖေးယွင်က ကျစ်ဆံမြီးရှည်နှင့် ဖြစ်သည်။

ယခု တွေ့ရသော မိန်းကလေးကလည်း ကျစ်ဆံမြီးရှည်နှင့် ဖြစ်သည်။

"လူတွေက ဘာကြောင့်များ ကျစ်ဆံမြီးရှည်ကို သည်လောက် ထားချင်ကြတာလဲ"

သူတွေးတောနေစဉ်မှာပင် မိန်းကလေးက...

"ရှင်က ဖေဖေနဲ့ တွေ့ချင်လို့ လာခဲ့တာလားရှင်"

ဟုမေးလာ၏။

သူမသည် မုန်းကျူးပ၏သမီး မုန်းလျှံ ဖြစ်နေပါတော့သည်။

ကျောက်တုံးသည် မုန်းလျှံကို ကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။



"ကျုပ်က တည်းခိုခန်း ဖွင့်ထားတယ်ဆိုလို့ အခန်းတစ်ခန်း ငှားချင်လို့ လာခဲ့တာပါ"

မုန်းလျှံက...

"ရှင်က ဧည့်သည်တစ်ယောက်ကိုး"

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပါပြီ၊ အခန်းတွေကို ကျွန်မ လိုက်ပြပါ့မယ်၊ ရှင် ကြိုက်တဲ့အခန်း ရွေးပေါ့ရှင်"

ကျောက်တုံး သဘောတူလိုက်သည်။

မုန်းလျှံ နောက်သို့ လိုက်သွားလေသည်။

မုန်းလျှံက အခန်းများ တစ်ခန်းပြီး တစ်ခန်း လိုက်ပြပေး၏။

ကျောက်တုံးက ထောင့်စွန်းတစ်နေရာမှ ပြတင်းပေါက် သုံးပေါက်ပါသော အခန်းကို သဘောကျသွားလေသည်။

"ကျုပ် သည်အခန်းကို ယူမယ်"

"ရပါတယ်၊ သည်အခန်းက ကျယ်လည်းကျယ်တယ်၊ အလင်းရောင်နဲ့ လေဝင်လေထွက် ကောင်းတယ်၊ တစ်ခြံလုံးကိုလည်း တွေ့မြင်နိုင်တယ်၊ တခြားအခန်းတွေထက်တော့ ဈေးနည်းနည်း ပိုများတယ်ရှင်"

"ဘယ်လောက်ပဲ ဖြစ်ဖြစ် ကိစ္စမရှိပါဘူးဗျာ"

ကျောက်တုံးက အခန်းခကို မေးကာ တစ်လစာ ကြိုတင်ပေးချေလိုက်လေသည်။

မုန်းလျှံက အစားအသောက်အတွက်ပါ တာဝန်ယူမည်ဖြစ်ကြောင်း ယခု လောလောဆယ် တည်းခိုသူ မရှိသေးဘဲ ကျောက်တုံး

တစ်ယောက်ထဲသာ ရှိကြောင်း ရှင်းပြကာ သူမ၏ဖခင်ကြီး မုန်းကျူး
ပနှင့် တွေ့ဆုံရန် ခေါ်ဆောင်သွားလေသည်။

အိမ်ရှေ့ဧည့်ခန်းကျယ်ကြီးအတွင်း၌ လူတစ်ယောက် ထိုင်
ကာ ဆေးတံသောက်နေ၏။

မုန်းလျှံနှင့် မျက်နှာချင်းဆင်၍ မုန်းကျူးပ ဖြစ်ကြောင်း
ကျောက်တုံး နားလည်လိုက်လေသည်။

"ဖေဖေ အခန်းငှားမယ့် ဧည့်သည်ပါ၊ အရှေ့ဘက်က
အခန်းကျယ်ကို သူကြိုက်တယ်"

မုန်းကျူးပမှာ သဘောကောင်းပြီး ဖော်ဖော်ရွေရွေ ရှိသူ
ဖြစ်လေသည်။

"ကောင်းတာပေါ့၊ တစ်ယောက်ထဲ သမားအတွက် ကျယ်
ဝန်းပေမယ့် သည်အခန်းက အကောင်းဆုံးပါပဲ၊ သမီးရေ ဧည့်သည်
ကို ဧည့်ခံဖို့ တစ်ခုခု လုပ်ပါ"

"ဟုတ်ကဲ့ ဖေဖေ"

မုန်းလျှံ ချက်ချင်း ထွက်သွားလေသည်။

မုန်းကျူးပက...

"ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့"

ဟုပြော၍ ကျောက်တုံးလည်း မုန်းကျူးပနှင့် မျက်နှာချင်း
ဆိုင် ဝင်ထိုင်လိုက်လေသည်။

မုန်းကျူးပက...

"မောင်ရင်လေးက သည်မြို့ကို ရောက်လာတာ မကြာ
သေးဘူး ထင်တယ်"



"ဟုတ်ပါတယ် ခင်ဗျာ"

"ဘာအလုပ်ကိုင်များ လုပ်သလဲကွဲ့"

ကျောက်တုံး ပြုံးလိုက်သည်။

"အလုပ်အကိုင် မယ်မယ်ရရ မရှိပါဘူး၊ ခြေသလုံးအိမ်တိုင်
လျှောက်သွားနေတာပါ၊ အဲ လောင်းကစားသမားတစ်ယောက်လို့လဲ
ဆိုနိုင်ပါတယ်ဗျာ"

သူ၏စကားသည် အလွန်ခွကျနေမည် ဖြစ်သော်လည်း
ကျောက်တုံးက ခပ်အေးအေးပင် ပြောလိုက်လေသည်။

မုန်းကျူးပ ရယ်မောလိုက်လေသည်။

"သိပ်ကောင်းတာပေါ့ကွာ၊ ရှောင်စီးနယ်မှာ လောင်းကစား
သမားနဲ့ မြင်းရိုင်းတွေ ဖမ်းဆီးပြီး ငွေရှာတဲ့လူတွေက အပေါများဆုံး
ပဲ၊ တော်ရုံလူဆိုရင် သည်နယ်ကို ရောက်လာမှာ မဟုတ်ဘူး၊ မင်းက
ကျုပ်အိမ်ကို ရောက်လာတာ ကံကောင်းတာပဲ၊ ကျုပ်ကိုယ်တိုင်က
လည်း လောင်းကစားသမားတစ်ယောက် ဖြစ်ခဲ့တာပေါ့"

မုန်းလျှံတို့မိသားစု စီးပွားပျက်ကာ အဘယ်ကြောင့် ငွေ
ကြေး ကြပ်တည်းသွားကြောင်း ကျောက်တုံး နားလည်လိုက်လေ
တော့သည်။

မုန်းကျူးပက..

"ကျုပ်မှာ ဆင်စွယ်နဲ့ လုပ်ထားတဲ့ အံစာတုံးလေးတွေ ရှိ
ယင် မောင်ရင်လေး ဝါသနာပါရင် တစ်ပွဲတစ်လေလောက် ကစား
ကြည့်တာပေါ့"

ကျောက်တုံး၏တုန့်ပြန်စကားကိုပင် မစောင့်ဘဲ ဗီရိုထဲ၌

သိမ်းဆည်းထားသော ဗူးကလေးတစ်ခုကို သွားယူလိုက်လေသည်။

ကျောက်တုံးက ရောင်စီးနယ်သို့ ရောက်လာသူ အများစုမှာ လောင်းကစားသမားများနှင့် မြင်းရိုင်းဖမ်းသူများ ဖြစ်ကြောင်း သိရှိထား၍ အဆင်ပြေအောင် ပြောလိုက်ရခြင်း ဖြစ်သည်။

မုန်းကျူးပက အံစာကစားဖို့ ဖိတ်ခေါ် လာသောအခါ ငြင်း၍ မရတော့ပါ။

မုန်းကျူးပနှင့်အတူ အံစာကစားလိုက်ရလေတော့သည်။

သူက စိတ်မပါသလို မုန်းကျူးပက အံစာကို ကျွမ်းကျင်စွာကစားတတ်သည် ဖြစ်ရာ သုံးပွဲကစား သုံးပွဲလုံး ရှုံးသွားတော့သည်။

မုန်းကျူးပက တစ်ပွဲလျှင် ငွေတစ်ရာနှုန်း သတ်မှတ်ခြင်းကြောင့် ကျောက်တုံး ငွေသုံးရာ ပေးလိုက်ရတော့သည်။

ထိုစဉ် မုန်းလျှံက စားသောက်ဖွယ်ရာများ ထည့်ထားသော လင်ဗန်းတစ်ချပ်ဖြင့် ရောက်ရှိလာလေသည်။

မုန်းကျူးပက အံစာတုံးများကို သိမ်းဆည်းကာ ထိုင်ရာမှ ထလိုက်လေသည်။

မုန်းလျှံကို လှမ်းပြောလိုက်သည်။

"သမီး..ဖေဖေ အပြင်သွားဦးမယ်၊ ဧည့်သည်ကို ဧည့်ဝတ်ကျေအောင် ဧည့်ခံထားလိုက်ပေတော့"

ကျောက်တုံးအား မုန်းလျှံနှင့် ထားကာ ထွက်သွားတော့သည်။

မုန်းလျှံ သက်ပြင်းချလိုက်သည်။

ကျောက်တုံးကို တစ်ချက် စိုက်ကြည့်ပြီး မေးသည်။



"ဖေဖေ ဘယ်လောက်နိုင်သွားသလဲ"

"သုံးရာပါ"

"ကျွန်မ တစ်ခု ပြောထားပါရစေ၊ ရှင် သည်မှာနေမယ်ဆိုရင် ဖေဖေနဲ့ ဘယ်တော့မှ အံစာမကစားပါနဲ့ရှင်"

ကျောက်တုံး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

♣ ♣ ♣

## အတွေ့အကြုံ

သုံးရက်...

သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ကျောက်တုံးက ဘယ်မှမသွားဘဲ မုန်းလှျံတို့အိမ်၌ပင် နေထိုင်ခဲ့လေသည်။

အချိန်တန်စား၊ အချိန်တန်အိပ် လောလောဆယ် သူက အနားယူ အားမွေးနေခြင်း ဖြစ်လေသည်။

သို့ဖြင့် သုံးရက်ဟူသော အချိန် ကုန်ဆုံးသွားလေသည်။

ကျောက်တုံး ပျင်းရိလာလေတော့သည်။

ထို့ကြောင့် သုံးရက်မြောက်သော နေ့တွင် အခန်းထဲမှ ထွက်လာခဲ့လေသည်။

ညနေဆည်းဆာအချိန် ဖြစ်သည်။



ကောင်းကင်တစ်ခုလုံး ပုဇွန်ဆီရောင် သန်းနေ၏။

ဆည်းဆာရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။ အိမ်ထဲ၌ လူရှင်းနေသည်။

ကျောက်တုံးက အိမ်ထဲမှ ထွက်လာသောအခါ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်ရှိ ခုံတန်းလျားပေါ်၌ လူနှစ်ယောက် ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူနှစ်ယောက်မှာ မုန်းလှျံနှင့် ဖေးယွင်တို့ ဖြစ်လေသည်။

ကျောက်တုံး ခြေလှမ်း တုန့်ခနဲ ရပ်သွားလေသည်။

မုန်းလှျံက အဘယ်ကြောင့် ဖေးယွင်နှင့်အတူ ယှဉ်တွဲထိုင်နေရပါသနည်းဟု မေးမြန်းလိုစိတ်များ ဖြစ်ပေါ်လာ၏။

သို့သော်...

ဖေးယွင်နှင့် မုန်းလှျံတို့မှာ ချစ်သူများ ဖြစ်ကြသည်ဟူသော အသိ ချက်ချင်းဝင်ရောက်လာခြင်းကြောင့် ကိုယ့်ကိုကိုယ် ထိန်းလိုက်သည်။

မုန်းလှျံတို့အား နှုတ်မဆက်ဘဲ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ဖေးယွင်က ကျောက်တုံးအား ရုတ်တရက် မမြင်သေးဘဲ မုန်းလှျံအား စကားတတွတ်တွတ် ပြောနေသည်။

မုန်းလှျံက တစ်ချက်တစ်ချက်မှ ပြန်ပြောသည်။

နှစ်ယောက်သား အရေးကြီးသော ကိစ္စတစ်ခုကို တိုင်ပင်ပြောဆိုနေကြပုံ ရှိပြီး မုန်းလှျံက ဖေးယွင်ထက် ပိုပြီး တည်ငြိမ်ရင့်ကျက်သည့်အသွင် ရှိနေသည်ကို တွေ့ရလေသည်။

ကျောက်တုံး ထွက်သွားရန် ဟန်ပြင်လိုက်စဉ် မုန်းလှျံက တွေ့မြင်သွားလေသည်။

"ရှင် ဘယ်ကို သွားမလို့လဲ"

ဟုလှမ်းပြီး နှုတ်ဆက်လာလေသည်။

ကျောက်တုံးက...

"ကျုပ် အပြင်သွားမလားလို့"

"ခဏနေပါဦးလားရှင်၊ ကျွန်မရဲ့ မိတ်ဆွေနဲ့ မိတ်ဆက်ပေးချင်လို့ပါ"

"ဪ"

ကျောက်တုံး လှမ်းသွားလိုက်လေသည်။

ဖေးယွှင်က မျက်မှောင်ကုပ်ကာ ကြည့်နေ၏။

မုန်းလှျံက...

"ဒါဖေးယွှင်ပါ"

ဖေးယွှင်နှင့် မိတ်ဆက်ပေးယင်း ကျောက်တုံးမှာ သူမ၏ အိမ်၌ တည်းခိုနေထိုင်သူဖြစ်ကြောင်း ပြောပြလိုက်လေသည်။

ဖေးယွှင်က ဦးခေါင်းတစ်ချက် ညိတ်ပြပြီး စကားမပြောပါချေ။ ကျောက်တုံးက...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဟုပြောလိုက်၏။

ဖေးယွှင်က...

"ကျုပ်လည်း ဝမ်းသာပါတယ်"

သူ၏အသံက အသက်ကင်းမဲ့နေသည်။



ကျောက်တုံးက...

"ကျုပ်က အညောင်းပြေ အညာပြေ ဟိုဘက်ကို လမ်းလျှောက်လိုက်ဦးမယ်"

"ကောင်းပါပြီဗျာ"

ဖေးယွှင်က ခေါင်းညိတ်ပြလေသည်။

မုန်းလှျံသည် ကျောက်တုံးနှင့် ဖေးယွှင် ရင်းနှီးမှုရှိအောင် စကားလက်ဆုံ ပြောပြစေလိုပုံ ရှိသည်။

သို့သော် ကျောက်တုံးက ထွက်သွားမည်ဆိုခြင်းကြောင့် မတားသာတော့ပေ။

ကျောက်တုံးလည်း မုန်းလှျံတို့အား ကျောခိုင်းကာ ထွက်လာခဲ့လေသည်။

မုန်းလှျံနှင့် ဖေးယွှင်တို့နှစ်ယောက် ရင်းရင်းနှီးနှီး ရှိနေသည်ကို သူ၏ရင်ထဲ သဘောမကျနိုင်အောင် ဖြစ်နေ၏။

စိတ်လှုပ်ရှားနေမိသည်။

ကျောက်တုံးက ကျောခိုင်းထွက်လာရင်း...

"သူတို့နှစ်ယောက်ဟာ မကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေပဲ၊ ဘာမှ မနာလို မရှုစိမ့်စရာ မရှိပါဘူးလေ"

ကိုယ့်ကိုကိုယ် သတိပေးကာ ဖြေသိမ့်လိုက်လေသည်။

ကျောက်တုံး ခြေလှမ်းဆယ့်လေးငါးလှမ်းမျှ လှမ်းသွားမိလိုက်သောအခါ နောက်ကျောဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဒါ မုန်းကျူးပအိမ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"သည်မှာ တည်းခိုခန်း ဖွင့်ထားတာကော"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီ၊ ကျုပ်က လူတစ်ယောက်ကို တွေ့ချင်နေတယ်၊ သူက သည်မှာ တည်းခိုနေတယ်လို့ ကျုပ်သိထားတယ်"

"ဘယ်သူများလဲရှင်"

"ကျောက်တုံး"

"ဪ သူက ဟိုဘက်ကို ထွက်သွားပါတယ်"

ကျောက်တုံးသည် စကားသံများကို နားထောင်ရင်း ခြေလှမ်းရပ်သွားလေသည်။

နောက်လှည့်ကြည့်လိုက်မိသည်။

ထိုအခါ လူတစ်ယောက် အပြေးတစ်ပိုင်း လိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ကျောက်တုံး ရပ်စောင့်နေလိုက်သည် ဖြစ်ရာ တခဏအတွင်းမှာပင် ထိုလူသည် သူ၏ရှေ့သို့ ရောက်ရှိလာလေသည်။

ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင် ရှိပြီး တိုက်ခိုက်ဖို့ ဝန်မလေးသူတစ်ယောက် ဖြစ်ပုံရှိသည်။

ထိုလူ၏မျက်လုံးများကို ကျောက်တုံး သဘောမကျချေ။

ထိုလူ၏မျက်လုံးများသည် ကြွက်မျက်လုံးနှင့်တူပြီး ကျီးကန်းတောင်မှောက် ကြည့်နေသည် မဟုတ်ပါလား။

ထိုလူက ကျောက်တုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။



"မင်းက ကျောက်တုံး မဟုတ်လား"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ၊ ကျောက်တုံးဆိုရင် ကျုပ်နောက်ကို လိုက်ခဲ့ပေတော့"

ကျောက်တုံး မျက်မှောင်ကုပ်သွားသည်။

"ကျုပ် ဘာကြောင့် လိုက်ခဲ့ရမှာလဲ"

ထိုလူက...

"မင်းကို ဆရာကြီးကြံ့ရှဝမ်က ခေါ်ခိုင်းလိုက်တာကွ၊ မင်း အေးအေးဆေးဆေး လိုက်ခဲ့ရင် ကောင်းမယ်"

"ဆရာကြီးကြံ့ရှဝမ် ဟုတ်လား"

"ဟုတ်တယ်"

"သူက ဘာကြောင့် ကျုပ်ကို တွေ့ချင်ရတာလဲ ပြောပါဦး"

ထိုလူက...

"သူနဲ့တွေ့တော့ မေးကြည့်ပေါ့၊ ဆရာကြီး ခေါ်တာကို မင်း မလိုက်ဘဲ နေဝံ့သလား"

ကျောက်တုံး သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျုပ်လိုက်ခဲ့ပါ့မယ်"

ခပ်လှမ်းလှမ်း၌ ရှိနေသော မုန်းလျှံတို့အား လှမ်းကြည့်လိုက်ပြီး ထိုလူကြီးနောက်သို့ လိုက်သွားလေသည်။

ထိုလူကြီးက ခြံဝင်းအပြင်ဘက် ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

ခြံဝင်းအပြင်ဘက်၌ သစ်ပင်ကြီးများ ရှိနေ၏။

သစ်ပင်တစ်ပင်အောက်၌ မြင်းတစ်ကောင် ချည်နှောင်ထားသည်ကို တွေ့ရလေသည်။

ထိုလူကြီးက မြင်းကို ဖြုတ်ယူလိုက်လေသည်။

ကျောက်တုံးက...

"ကျုပ်တို့ မြင်းစီးသွားကြမှာလား"

ထိုလူကြီးက...

"သည်အတိုင်း သွားကြတာပေါ့"

မြင်းကို ဆွဲကာ ရှေ့မှသွား၏။

ကျောက်တုံးက လိုက်သွား၏။

သုံးလေးလှမ်းမျှ သွားလိုက်မိသည်နှင့် ထိုလူကြီးက ရုတ်တရက် လှုပ်ရှားလိုက်လေသည်။

ချာခနဲလှည့်ကာ ကျောက်တုံးအား တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထိုလူကြီး၏လက်ထဲ၌ ဓားတစ်လက် ပါလာသည်။

ဓားဖြင့် ကျောက်တုံး၏ရင်ဝကို ထိုးသွင်းလိုက်၏။

အလစ်တိုက်ခိုက် လုပ်ကြံလိုက်ခြင်း ဖြစ်သည်။

ကျောက်တုံးသာ ပေါ့ပေါ့ဆဆ နေမိလျှင် ထိုလူကြီး၏ဓားချက်ဖြင့် သေဆုံးသွားရလိမ့်မည် ဖြစ်ပေသည်။

"ဒုစ်"

စူးရှသော လေတိုးသံနှင့်အတူ ဝင်းလက်သော ဓားရောင်ထွက်ပေါ်လာ၏။



ဓားဦးသည် ကျောက်တုံး၏ရင်ဝသို့ ရိပ်ခနဲ ထိုးဝင်လာခြင်း ဖြစ်လေသည်။

ကျောက်တုံး မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အကောက်ကြံချင်တာကိုး"

ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းလိုက်၏။

ထိုလူကြီး၏ဓားသည် ကျောက်တုံး၏ယာဘက် လက်မောင်းနံဘေးမှ ပွတ်ကာသီကာ ဖြတ်ကျော်သွားလေသည်။

ကျောက်တုံးက လက်ဆန့်ထုတ်၍ ထိုလူကြီး၏ဓားကိုင်ထားသော လက်ကောက်ဝတ်ကို ဖမ်းဆုပ်ဖျစ်ညှစ်လိုက်လေသည်။

"အား"

ထိုလူကြီး နာကျင်သွားခြင်းကြောင့် လွှတ်ခနဲ အော်လိုက်လေသည်။

လက်ထဲကိုင်ထားသော ဓားလည်း လွတ်ကျသွားလေတော့သည်။

ကျောက်တုံးက မြေပေါ်မှဓားကို ခြေထောက်ဖြင့် ခတ်တင်ကာ ဖျပ်ခနဲ ဖမ်းယူထားလိုက်လေသည်။

လက်ထဲ ရောက်လာသော ဓားဖြင့် ထိုလူကြီး၏ရင်ဝကို ချိန်ရွယ်ထားလိုက်လေသည်။

"မလှုပ်နဲ့"

ထိုလူကြီး မလှုပ်ဝံ့တော့ပါ။

ကြောက်ရွံ့ထိတ်လန့်ကာ မျက်နှာလည်း ဖြူဖတ်ဖြူလျော်ဖြစ်သွားလေတော့သည်။

ကျောက်တုံးက...

"ကျုပ်ကို ဘာကြောင့် လုပ်ကြံချင်ရတာလဲ ပြောပါ"

ထိုလူကြီးက...

"မင်းက လူဆိုးတစ်ယောက်ပဲ၊ သည်မြို့ကို ရောက်လာပြီး ဒုက္ခပေးမယ်ဆိုတာ သိလို့ ဆရာကြီးကြုံးရှုဝမ်က သုတ်သင်ရှင်းလင်း ခိုင်းလိုက်တာပဲ"

"ဟား...ဟား...ဟား"

ကျောက်တုံးက တဟားဟား ရယ်မောလိုက်လေသည်။

"ဆရာကြီးကြုံးရှုဝမ်ဟာ တရားမျှတတဲ့ သိုင်းသမားကြီး တစ်ယောက်ပါ၊ သူနဲ့ ကျုပ် တွေ့ပြီးပါပြီ၊ ကျုပ်ကို သဘောမကျဘူး ဆိုရင် လက်ခံပါတယ်၊ ဒါပေမယ့် သုတ်သင်ရှင်းလင်းပစ်ဖို့ အထိ တော့ သူက ကြိုးစားမှာ မဟုတ်ပါဘူး၊ ခုဟာက ခင်ဗျားသဘောနဲ့ ခင်ဗျား အကောက်ကြံခဲ့တယ်ဆိုတာ ကျုပ်သိတာပေါ့ဗျာ"

ထိုလူကြီး ခေါင်းငုံ့ထားလိုက်လေသည်။

ကျောက်တုံးက...

"ခင်ဗျားကို အစ်ကိုကြီးက လွှတ်လိုက်တာလား"

ဟုမေးလိုက်သည်။

သူ့အား ဖေးယွင်က ဒုက္ခပေးမည် မဟုတ်ပါ။

ဖေးယွင်သည် ပြဿနာရှိလျှင် ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်း မည့်သူ ဖြစ်လေသည်။

မကောင်းသော နည်းလမ်းဖြင့် အကောက်ကြံခြင်း ကြံလျှင် ကျန်းမာကသာ ကြံစည်ပေလိမ့်မည်။



ကျန်းမာသည် မှန်းဆရခက်သူတစ်ယောက် ဖြစ်သည်။

ယုံကြည်စိတ်ချ၍ မရသော လူစားမျိုး ဖြစ်ကြောင်းလည်း ကျောက်တုံး နားလည်ထားလေသည်။

ထိုလူ ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူက လွှတ်လိုက်တာလဲ ပြောစမ်းပါဦး"

ထိုလူသည် ခေါင်းမော့ကာ မကျေနပ်သော အကြည့်ဖြင့် ကျောက်တုံးကို ကြည့်လိုက်လေသည်။

ကျောက်တုံး၏မျက်နှာထား တင်းမာသွား၏။

လက်ထဲမှ ဓားကို ဝှေ့ယမ်းပြလိုက်သည်။

"သည်ဓားက ခင်ဗျားရဲ့ဓားပဲ၊ သည်ဓားနဲ့ သေသွားရင် ခင်ဗျားကိုယ်ခင်ဗျား အဆုံးစီရင်သွားတဲ့ ပုံမျိုး ဖန်တီးလို့ရတယ်"

"ဟာ မလုပ်ပါနဲ့"

"ဒါဖြင့် အမှန်အတိုင်းပြော"

ထိုလူကြီးက...

"ကျုပ်က.."

"ခင်ဗျား ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ"

"မင်းက လူစွာ လုပ်သွားတာကိုး"

"ဘာဗျ"

"နန်ဟိုးမှာ မင်း ဘာလုပ်ခဲ့သလဲ ပြန်စဉ်းစားကြည့်စမ်းပါ"

"ကျုပ်က.."

ကျောက်တုံးက တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ မပြော

ဘဲ နေလိုက်လေသည်။

အဖြစ်အပျက်တစ်ခုကို သူသတိရလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ထိုစဥ်က...

ကျောက်တုံးသည် နန်ကင်းသို့ သွားရင်း နန်ဟိုးအရပ်သို့ ရောက်ရှိခဲ့လေသည်။

♣ ♣ ♣

'ရှောင်စီး'၊ 'နန်ကင်း'၊ 'နန်ဟိုး' စသည့် အရပ်ဒေများသည် မင်းနေပြည်တော်နှင့် အလှမ်းကွာဝေးသည့် အရပ်ဒေသများ ဖြစ်ရကား လူဆိုးဓားပြများ၊ အနက်ရောင်သိုင်းသမားများ ထကြွသောင်းကျန်းလျက် ရှိလေသည်။

နန်ကင်းသို့ သွားခဲ့သော ကျောက်တုံးသည် နန်ဟိုးအရပ်သို့ ရောက်လျှင် စားသောက်ဆိုင်တစ်ဆိုင်၌ ခေတ္တအနားယူ စားသောက်ခဲ့လေသည်။

စားသောက်ဆိုင်ထဲ၌ လူစည်ကားနေသည်။

ကျောက်တုံး၏စားပွဲနှင့် ကပ်လျက်ရှိသော စားပွဲတွင် လူငါးယောက် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြ၏။

ထိုလူငါးယောက်သည် အညိုရောင်အဝတ်အစားများ ဆင်တူ ဝတ်ဆင်ထားကြပြီး ဓားကိုယ်စီ ကျောပိုးထားကြလေသည်။

သိုင်းသမားများ ဖြစ်ကြောင်း ထင်ရှား၏။



ထို့အပြင် ခက်ထန်ကြမ်းတမ်းသော သူတို့၏ရုပ်သွင်များက လူကောင်းများ မဟုတ်ကြောင်း ဖော်ပြနေပါတော့သည်။

ကျောက်တုံးသည် ထိုလူငါးယောက်ကို သတိပြုမိသော်လည်း အမှုမထားဘဲ အေးအေးဆေးဆေး စားသောက်နေလိုက်လေသည်။

ထိုလူငါးယောက်က အချင်းချင်း တီးတိုးပြောဆိုနေကြပါသည်။

တစ်စုံတစ်ခုသော အကြောင်းကိစ္စကို တိုင်ပင်ဆွေးနွေးနေကြခြင်း ဖြစ်လေသည်။

ထို့နောက် စားသောက်ခ ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်သွားကြလေသည်။

ထိုလူများသည် မကောင်းမှု တစ်ခုခု ကျူးလွန်ရန် တိုင်မင်ကာ ထွက်သွားကြခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုအခါ အဝါရောင်ဝတ်ထားသူတစ်ယောက် မယောင်မလည်ဖြင့် လိုက်သွားသည်ကို တွေ့ရ၏။

ကျောက်တုံးက ကိုယ်နှင့် မဆိုင်ဟု သဘောထားလိုက်သည်။

ဆိုင်လုလင်တစ်ယောက်သည် အညိုရောင်ဝတ်ထားသူငါးယောက်၏ စားပွဲမှ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းရင်း မကျေမနပ် ပြောဆိုနေသံကို ကြားရလေသည်။

"သည်မြေခွေးငါးကောင်က ငွေကြယ်အာမခံဌာနက မြင်းလှည်းကို လုယက်တိုက်ခိုက်ကြမှာပဲ၊ မြေကြွက်ကြီးကလည်း ကတုံး

ပေါ်ထိပ်ကွက်ဖို့ ချောင်းနေတာ"

ထိုစကားက ကျောက်တုံးအား သတင်းပေးလိုက်သကဲ့သို့ ရှိနေပါတော့သည်။

ကျောက်တုံး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

ဆိုင်လုလင်ကို ခေါ်ကာ ကျသင့်ငွေ ပေးချေပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

တောင်ကုန်းလေးတစ်ခု...

ကျောက်တုံးသည် ထိုတောင်ကုန်းလေးပေါ်၌ ရောက်ရှိနေလေသည်။

တောင်ကုန်းပေါ်ရှိ ကျောက်တုံးတစ်တုံးပေါ်၌ သက်တောင့်သက်သာ ထိုင်နေ၏။

သူက တစ်စုံတစ်ယောက်အား စောင့်မျှော်နေခြင်း ဖြစ်သည်။ မည်သူကို စောင့်မျှော်နေပါသနည်း။

ကျောက်တုံးက မြေခွေးငါးကောင်ကို စောင့်မျှော်နေခြင်း ဖြစ်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ကျောက်တုံး ပျင်းရိလာသည်။

ထိုအချိန်မှာပင်...



"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

အဝေးမှ မြင်းခွာသံများ ကြားလိုက်ရလေသည်။

ကျောက်တုံး ပြုံးလိုက်သည်။

"သူတို့ လာကြပြီ"

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာကာ မြင်းစီးသမားငါးယောက် ထွက်ပေါ်လာကြလေသည်။

မြင်းစီးသမားများသည် ကျောက်တုံးနှင့် တစ်စထက်တစ်စ နီးကပ်လာလေသည်။

ကျောက်တုံးက ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်သည်။

မြင်းစီးသမားငါးယောက်(ဝါ)မြေခွေးငါးကောင်ကို လမ်းပိတ်တားဆီးထားလိုက်လေသည်။

မြေခွေးငါးကောင်သည် အထုပ်အပိုးများဖြင့် မြင်းဒုန်းစိုင်းနှင်လာနေကြခြင်း ဖြစ်လေသည်။

ငွေကြယ်အာမခံဌာနအား လုယက်တိုက်ခိုက်ခဲ့ကြပြီး ဖြစ်ကြောင်း ထင်ရှားလေသည်။

ကျောက်တုံးက လမ်းပိတ်ရပ်နေသည်ကို မြင်လျှင် မြေခွေးငါးကောင်က မြင်းများ အရှိန်သပ်ကာ ရပ်တန့်လိုက်ကြလေသည်။

"ဟီး...ဟီး...ဟီး"

မြင်းငါးကောင်သည် ရှည်လျားစွာ ဟီကာ ကျောက်တုံးနှင့် မလှမ်းမကမ်း၌ ရပ်တန့်သွားလေသည်။

မြေခွေးငါးကောင်၏ခေါင်းဆောင် ဖြစ်သော အမှတ်တစ်က

ဒေါသတကြီး ငေါက်လိုက်လေသည်။

"ဟေ့ လမ်းဖယ်လိုက်စမ်း သေချင်နေပြီ ထင်တယ်"

ပြောလည်းပြော လက်တစ်ဘက်ကိုလည်း ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်"

ဓားမြှောင်တစ်ချောင်းသည် ကျောက်တုံးထံသို့ ရိပ်ခနဲ ပစ်လွှင့်လာလေသည်။

ကျောက်တုံးက ရှောင်တိမ်းခြင်း မပြုဘဲ လက်တစ်ဘက်ကို အသာဝှေ့ယမ်းလိုက်လေသည်။

ပစ်လွှင့်လာသော ဓားမြှောင်ကလေးကို ဖမ်းဆီးထားပြီးသား ဖြစ်သွားလေတော့သည်။

ကျောက်တုံးက ဓားမြှောင်ကို ပြန်လည်ပစ်လွှင့်လိုက်သည်။

ဓားမြှောင်သည် လာရာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်သွားလေသည်။

"ယား"

အမှတ်တစ် ထိတ်လန့်သွားလေသည်။

ကပ္ပာကယာ မြင်းပေါ်မှ ခုန်ဆင်းကာ ရှောင်တိမ်းလိုက်ရ၏။ ကျန်လေးယောက်လည်း မြင်းပေါ်မှ အသီးသီး ဆင်းလာကြပြီး ကျောက်တုံးအား ဝိုင်းရံထားလိုက်ကြလေသည်။

မြွေခွေးငါးကောင်သည် ငွေကြယ်အာမခံဌာနမှ သယ်ဆောင်လာသော အာမခံငွေများကို လုယက်ခဲ့ပြီး အာမခံအဖွဲ့သားများအား ရက်ရက်စက်စက် သတ်ပစ်ခဲ့ကြောင်း ကျောက်တုံး သတင်း



ကြားထားပြီး ဖြစ်လေသည်။

မြွေခွေးငါးကောင်က လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။ အမှတ်တစ်က...

"မင်း ဘယ်သူလဲ ဘာကြောင့် ငါတို့ကို နှောင့်ယှက်ချင်ရတာလဲ ပြောစမ်း"

ကျောက်တုံးက ပြုံးလိုက်သည်။

"ခင်ဗျားတို့ လုယူထားတဲ့ ငွေတွေကို လိုချင်လို့ပါဗျာ"

"ဘာကွ"

"ငွေတွေ ထားခဲ့ပြီး ခင်ဗျားတို့ အေးအေးဆေးဆေး ထွက်သွားကြရင် ကောင်းမယ်"

အမှတ်တစ် ပိုပြီး ဒေါပွသွားလေသည်။

"လက်စသပ်တော့ ကတုံးပေါ် ထိပ်ကွက်ချင်တာကိုး၊ ငါတို့ မြွေခွေးငါးကောင် အကြောင်းကို မင်းမကြားဖူးသေးဘူး ထင်တယ်"

ကျောက်တုံးက...

"ခင်ဗျားတို့က အရေးမကြီးဘူး၊ ငွေက အရေးကြီးတာပါဗျာ၊ ငွေတွေ ထားခဲ့ပြီး ထွက်သွားကြပါ"

"ငွေတော့ မရဘူး၊ ဓားပဲ ရမယ်ကွ"

အမှတ်တစ်က ဓားတစ်လက်ဆွဲထုတ်ကာ ကျောက်တုံးအား တိုက်ခိုက်လိုက်လေသည်။

ကျန်လေးယောက်ကလည်း ညာသံပေးကာ တိုက်ခိုက်လိုက်ကြ၏။

မြွေခွေးငါးကောင်သည် လက်နက်ကိုယ်စီဖြင့် ကျောက်တုံး

အား ဝိုင်းရံတိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

ကျောက်တုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူ၏ကျောပေါ်၌လည်းကောင်း၊ ခါး၌လည်းကောင်း ဓားကို မတွေ့ရပါ။

သို့သော် ပြန်လည်တိုက်ခိုက်လိုက်သောအခါ သူ၏လက်ထဲ၌ ဓားနှစ်လက် ရောက်ရှိလာလေသည်။

ဓားနှစ်လက်ကို ဝှေ့ယမ်းလိုက်သည်နှင့်…

"ခွမ်း…ခွမ်း…ခွမ်း"

လက်နက်ချင်း ပြင်းထန်စွာ ထိခိုက်မိသော အသံများနှင့် အတူ မီးပွင့်ကလေးများ ဖျာက်ပေါ်လာပြီး မြေခွေးငါးကောင်၏ ဓား ငါးလက်မှာ အပိုင်းပိုင်း ကျိုးပြတ်သွားလေတော့သည်။

"ဟင်"

"ဟာ"

မြေခွေးငါးကောင် အထိတ်တလန့် ဖြစ်သွားကြသည်။

ကပျာကယာ နောက်ဆုတ်လိုက်ကြသည်။

ကျောက်တုံးက…

"ငွေတွေ ထားခဲ့ပြီး ထွက်သွားကြပါတော့ဗျာ"

ဟုထပ်ပြောလိုက်သည်။

အမှတ်တစ်ကိုလူစုသည် ကျောက်တုံးကို ထိတ်လန့်နေကြသော်လည်း ငွေများ ထားရစ်ခဲ့ရမည်ဆိုခြင်းကြောင့် မကျေမနပ် ဖြစ်သွားကြလေသည်။

"ဘာကြောင့် ထားခဲ့ရမှာလဲ၊ သည်ကောင့်ကို သတ်ပစ်



လိုက်ကြစမ်း"

ထို့နောက် ကျောက်တုံးအား ငါးယောက်သား ဝိုင်းရံတိုက်ခိုက်လိုက်ပြန်လေသည်။

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ငွေရဖို့ ဘယ်သူ့ကိုမှ ငဲ့ညှာနေမှာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့ ကံဆိုးသွားပြီ"

ဓားနှစ်လက် ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ငါးယောက် တစ်ယောက် ဖြစ်သော်လည်း ကျောက်တုံး၏ သိုင်းပညာက သာနေပြီး ဓားနှစ်လက်လည်း ကိုင်ဆောင်ထားခြင်းကြောင့် အသာစီး ရသွားလေတော့သည်။

ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ကြပြီး မကြာမီ…

"ဝုန်း"

"အား"

"အမယ်လေး"

ရူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မြေခွေးငါးကောင်မှ သုံးယောက်သည် ကျောက်တုံး၏ ဓားချက်မိကာ လဲကျသွားကြလေတော့သည်။

ခေါင်းဆောင်အမှတ်တစ်နှင့် ကျန်တစ်ယောက်မှာ ဆက်လက်မတိုက်ခိုက်ဝံ့တော့ဘဲ ထွက်ပြေးသွားကြလေသည်။

ထိုစဉ်…

"ဝှစ်"

စားမြောင်တစ်ချောင်း ပစ်လွှင့်လာပြီး ထွက်ပြေးသွားသော မြေခွေးတစ်ယောက်အား ထိမှန်သွားလေသည်။

ထိုလူ လဲကျသွား၏။

ကြောင်အမ်းအမ်း ဖြစ်နေသော အမှတ်တစ်ကိုလည်း ကျောက်တုံးက တိုက်ခိုက်လိုက်ရာ...

"အား"

အမှတ်တစ် လဲကျသွားလေတော့သည်။

♣ ♣ ♣

မြေခွေးငါးကောင်မှာ အမိုက်ဇာတ်သိမ်းသွားကြပြီ ဖြစ်လေသည်။

ကျောက်တုံးက လေးယောက်ကို သုတ်သင်ရှင်းလင်းပစ်လိုက်ပြီး ဖြစ်လေသည်။

ကျန်တစ်ယောက်ကိုလည်း တစ်စုံတစ်ယောက်က သုတ်သင်ရှင်းလင်းပစ်လိုက်၏။

ထိုလူမှာ မည်သူ ဖြစ်ပါသနည်း။

ကျောက်တုံး ကြည့်လိုက်သောအခါ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား စားသောက်ဆိုင်လေး၌ တွေ့ခဲ့ရသည့် မြေကြွက် ဖြစ်လေသည်။



"ခင်ဗျားကို"

မြေကြွက် ရယ်မောလိုက်သည်။

"ကျုပ်က သိပ်ပြီး အပင်ပန်းခံချင်တာ မဟုတ်ဘူး၊ မြေခွေးငါးကောင်က ငွေကြယ်အာမခံဌာနက ငွေကို လုမယ်ဆိုတာ ကျုပ်သိပေမယ့် တမင် လွှတ်ပေးထားလိုက်တာ၊ ပြီးမှ သူတို့ကို ဆုံးမပြီး ယူလိုက်မလို့ ကြံစည်ထားတာလေ"

ကျောက်တုံးက...

"ကျုပ်က လက်ဦးသွားတယ် ဆိုပါတော့"

"ဟုတ်တယ်"

"ဟား...ဟား...ဟား၊ ဦးသူစားစတမ်းပေါ့ဗျာ"

ကျောက်တုံး ရယ်မောကာ ပြောလိုက်သည်။

မြေကြွက်လည်း ရယ်မောလိုက်သည်။

"ကျုပ်က မင်းဘက်က ပါဝင်ကူညီခဲ့သေးတာကို မင်းမေ့ထားလို့ မဖြစ်ဘူးနော်"

"ခင်ဗျားက ဝေစုလိုချင်လို့လား"

"ဟုတ်တယ်"

မြေကြွက်က ခေါင်းညိတ်ရင်း စကားဆက်လိုက်သည်။

"မင်းက မြေခွေးတွေကို ဘယ်လို ဆုံးမလိုက်တယ်ဆိုတာ ကျုပ်တွေ့ပါတယ်၊ ကျုပ်က မင်းနဲ့ မတိုက်ခိုက်ချင်ပါဘူး"

ကျောက်တုံးက...

"ခင်ဗျားအတွက် ဝေစုငါးပုံတစ်ပုံ ရမယ်ဆိုရင် ကျေနပ်တယ် မဟုတ်လား"

"ငါးပုံတစ်ပုံ"

"ဟုတ်တယ်၊ ခင်ဗျား မကျေနပ်ဘူးလား"

မြကြွက် ဘာမှ မပြောချေ။

ကျောက်တုံးက မြခွေးငါးကောင် လုယူလာသည့် ငွေများကို စစ်ဆေးကြည့်လိုက်လေသည်။

ဤတွင် အာမခံဌာနမှ ငွေအိတ်များတွင် ကျောက်တုံးကျောက်ခဲများ ထည့်ထားပြီး အိတ်တစ်လုံးထဲ၌သာ ငွေတုံးများ ရှိသည်ကို တွေ့ရလေသည်။

လုယက်တိုက်ခိုက်မည့်သူများ အန္တရာယ်ကြောင့် ဟန်ပြသယ်ဆောင်လာသည့် အဖွဲ့ကို မြခွေးငါးကောင်က လုယူမိခြင်း ဖြစ်သည်။

တကယ့် အာမခံငွေများကိုမူ အခြားအဖွဲ့က သယ်ဆောင်သွားခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ကျောက်တုံးက...

"ငွေက တစ်ထုပ်ထဲဗျ"

မြကြွက်လည်း စိတ်ပျက်သွားလေသည်။

"တစ်ထုပ်ထဲ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့်.."

"ခင်ဗျား ငါးပုံ တစ်ပုံ ရမယ်"

မြကြွက် ခေါင်းခါယမ်းလိုက်သည်။

"ငါးပုံတစ်ပုံဆိုတော့ ဘာရမှာမို့လဲ"



"ခင်ဗျား မယူတော့ဘူးလား"

"ငါက အားလုံး လိုချင်တာကွ"

"ခင်ဗျား လောဘကြီးလှချည်လား"

"ငွေထုပ်ကို ထားခဲ့ပြီး မင်းထွက်သွားရင် ကောင်းမယ်"

"ဩော် ခင်ဗျားက လောဘကြီးတာကိုး"

"မင်းထွက်သွားမယ် မဟုတ်လား"

"ကျုပ်မသွားဘူး"

မြကြွက်က...

"ကောင်းပြီ၊ မင်းမသွားဘူးဆိုရင် မင်းကို မောင်းထုတ်ရမှာပေါ့"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ကျောက်တုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်ကြပြီး မကြာမီ...

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ မြကြွက် နောက်ဆုတ်လိုက်ရလေတော့သည်။

ကျောက်တုံးက ဆက်လက်တိုက်ခိုက်ခြင်း မပြုပါချေ။

"ခင်ဗျား လိုချင်သေးသလား"

မြကြွက်က ကျောက်တုံးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"မင်းက သည်လောက် သိုင်းပညာ ရှိမယ်မထင်ဘူး၊ မင်း

ဘယ်သူလဲ ပြောစမ်းပါဦး"

"ခင်ဗျား သိချင်ရင် မှတ်ထားပါ၊ ကျုပ်နာမည် ကျောက်တုံးလို့ ခေါ်တယ်"

"ကျောက်တုံး"

"ဟုတ်တယ်၊ ကဲ ခင်ဗျားလက်လျှော့လိုက်ပြီဆိုယင် ကျုပ်သွားတော့မယ်၊ ဟောသည်မှာ ခင်ဗျားအတွက် ငါးပုံ တစ်ပုံ"

ကျောက်တုံးသည် သူ့ဘက်မှ တာဝန်ဝတ္တရားမပျက်ရလေအောင် ငွေငါးပုံ တစ်ပုံ ထုတ်လိုက်လေသည်။

ထို့နောက်...

"ကျုပ်သွားပြီ"

မြေကြွက်ကို ကျောခိုင်းကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် နန်ကင်းဒေသသို့ သွားရင်း နန်ဟိုးအရပ်တွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြန်လည် သတိရလာလေသည်။

ယခု..

ဆရာကြီးကြုံးရှုဝမ်က ခေါ်ခိုင်းသည်ဟု လိမ်ခေါ်ခဲ့သူမှာ မြေကြွက် ဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

"လက်စသပ်တော့ ခင်ဗျားက မြေကြွက်ကိုး"

"ဟုတ်တယ်"



"ကျုပ်ကို မကျေနပ်လို့ သည်နေရာအထိ လိုက်လာတာပေါ့ဟုတ်လား"

မြေကြွက် ခေါင်းခါယမ်းလိုက်သည်။

"သည်လိုလဲ မဟုတ်ပါဘူး၊ ကျုပ်က ရေကြည်ရာ မြက်နုရာထွက်လာရင်း သည်မြို့ကို ရောက်လာတာပါ၊ မင်းကို တွေ့လိုက်တော့.."

"ကျုပ်ကို ဒုက္ခပေးဖို့ ကြိုးစားတဲ့ သဘောပေါ့ ဟုတ်လား"

မြေကြွက် ပါးစပ်ပိတ်ထားလိုက်သည်။

ကျောက်တုံးက...

"ကဲ ခင်ဗျား ဘာတွေ လုပ်တယ်၊ ဘာတွေ ကြံစည်တယ်ဆိုတာ မှန်မှန်ပြောပါ"

"ကျုပ်.."

"ခင်ဗျား မပြောယင် ကျုပ်ကို အပြစ်မပြောနဲ့"

မြေကြွက် ထိတ်လန့်သွားလေသည်။

"ကျုပ်.."

"ခင်ဗျား မပြောဘူးလား"

မြေကြွက် မနေနိုင်တော့ဘဲ အမှန်အတိုင်း ပြောလိုက်ရလေတော့သည်။

"ကျုပ်က မင်းကို တွေ့တော့ ဒုက္ခပေးချင်တာနဲ့ ဆရာကြီးကြုံးရှုဝမ်ကို အကျိုးအကြောင်း သွားပြောလိုက်တယ်၊ ငွေကြယ်အာမခံဌာနကို လုယက်ခဲ့တဲ့ မြေခွေးငါးကောင်ကို ရှင်းပစ်ပြီး ငွေတွေကို ကတုံးပေါ် ထိပ်ကွက်ခဲ့တယ်ဆိုတာ ပြောပြလိုက်တယ်"

ကျောက်တုံးက...

"ခင်ဗျား တော်တော်ဆိုးတာပဲ"

မြေကြွက်က...

"ကျုပ်မှားသွားပါတယ်ကွာ"

ကျောက်တုံးက...

"ကောင်းပြီလေ၊ ခင်ဗျားကို ခွင့်လွှတ်လိုက်မယ်၊ ခင်ဗျား ဝေးဝေးသွားပေမယ့် သည်မြို့ကို ဘယ်တော့မှ ပြန်မလာနဲ့တော့"

သူက အဘယ်ကြောင့် ဤမျှ သဘောကောင်းနေမှန်း ကိုယ့်ကိုကိုယ် မသိချေ။

မြေကြွက် အံ့သြသွားလေသည်။

"ကျုပ်.."

"ခင်ဗျား မသွားသေးဘူးလား"

"မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

မြေကြွက်သည် မြင်းပေါ် ခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင် သွားလေတော့သည်။

♣ ♣ ♣

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားလေ သည်။



မြေကြွက်သည် အခွင့်အရေးရသည်နှင့် အမြန်ဆုံး ရှောင် ထွက်သွားတော့သည်။

ကျောက်တုံး သက်ပြင်းချလိုက်လေသည်။

"သည်လူက ငါ့ကို မကျေနပ်လို့ လျှောက်ပြောတာ အရေး မကြီးဘူး၊ ကြုံးရှုဝမ်နဲ့ ပြဿနာ ဖြစ်မှာကို စိုးရိမ်ရတယ်"

သူတွေးတောနေစဉ် နောက်ကျောဘက်မှ စကားသံ ထွက် ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ရှင်က ဘယ်ဆိုးလို့လဲ"

ကျောက်တုံး လှည့်ကြည့်လိုက်သောအခါ မုန်းလျှံ ရောက်ရှိ လာသည်ကို တွေ့လိုက်ရလေသည်။

သူမ မည်သည့် အချိန်က ရောက်ရှိနေသည်ကို မသိလိုက် ရပါ။

မြေကြွက်အား ဆုံးမလိုက်သည်ကို သူမ ကောင်းစွာ တွေ့ မြင်ထားပုံရလေသည်။ ကျောက်တုံး ပြုံးလိုက်သည်။

"သူက လူဆိုးတစ်ယောက်ဗျ၊ ကျုပ်ကို ဒုက္ခပေးချင်နေတာ နဲ့ ဆုံးမလိုက်ရတာ"

မုန်းလျှံက...

"သူက လူဆိုးဆိုတော့ ရှင်ကကော"

"ကျုပ်က.."

"ရှင်လည်း လူဆိုးတစ်ယောက်ပဲ မဟုတ်လား"

ကျောက်တုံးက သူမအား စိုက်ကြည့်လိုက်လေသည်။

"ကျုပ်ကို တစ်ချို့က လူဆိုးလို့ ပြောကြပါတယ်၊ တစ်ချို့က

လည်း လူကောင်းလို့ ပြောကြတယ်၊ တစ်ချို့ကလည်း လူထူးဆန်းလို့ ပြောကြတယ်၊ ဒါပေမယ့် ကျုပ်က ဘာမှ မဟုတ်တာ အမှန်ပါပဲဗျာ"

မုန်းလျှံက…

"ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မတို့အိမ်မှာ တည်းခိုမယ်ဆိုရင်တော့ အများသူငါ လက်မခံနိုင်တဲ့ ကိစ္စ ဘာတစ်ခုမှ လုပ်လို့ မဖြစ်ဘူး၊ လုပ်မယ်ဆိုယင်တော့ ရှင့်ကို ဆက်ထားလို့ ဖြစ်မှာ မဟုတ်ဘူး"

ကျောက်တုံး ပြုံးလိုက်သည်။

"ကျုပ်က ခုထိ ဘာတစ်ခုမှ လုပ်ခဲ့သေးတာ မဟုတ်ဘူး၊ ဒါကို မင်းသိပါတယ်"

"ဒါကြောင့် ရှင်လုပ်မိမှာကို စိုးရိမ်လို့ သတိပေးနေတာပေါ့ရှင်"

"ကျုပ်အတွက် စိတ်ချပါဗျာ"

မုန်းလျှံက…

"ရှင် ဘာကြောင့် သည်မြို့ကို ရောက်လာတာလဲ ပြောပါ"

ကျောက်တုံး ပြုံးလိုက်သည်။

"ကျုပ်က ခြေသလုံးအိမ်တိုင်သမား၊ လောင်းကစားတစ်ယောက်လေ၊ ရေကြည်ရာမြက်နုရာသွားရင်း သည်ကို ရောက်လာတာလို့ ပြောပြီးပြီပဲ"

မုန်းလျှံက…

"မဟုတ်သေးဘူး၊ ရှင်က အကြောင်းတစ်ခုခုကြောင့် ရောက်လာတာပဲ ဖြစ်ရမယ်"

"ကျုပ်က.."



"ရှင်ဟာ ခြေသံမကြားအောင် ခြေဖော့နင်းတတ်တယ်၊ တားနှစ်လက်ကို လျှို့ဝှက်ဆောင်ထားတယ်၊ ပြတင်းပေါက်တွေ နားကဖြတ်လျှောက်သွားရင် ခြေလှမ်း နှေးကွေးသွားတတ်တယ်၊ ထမင်းဝိုင်းမှာ ထိုင်နေရင်တောင် မျက်လုံးက တံခါးပေါက်တွေဆီကို ရောက်နေတတ်တယ်"

ကျောက်တုံးက…

"အံ့ဩဖို့ ကောင်းလိုက်တာ၊ ကျုပ်ကိုယ်ကျုပ်တောင် သတိပြုထားမိခဲ့ဘူး"

မုန်းလျှံက…

"ရှင်က လျှို့ဝှက်တယ်၊ စောစောက မြေကြွက်ကြီးဆိုတဲ့လူကို ကိုင်တွယ်လိုက်ပုံက တကယ့် ကြေးစားဆန်နေတယ်၊ ကဲ ကျွန်မမေးမယ်၊ မှန်မှန်ဖြေပါ"

"ကျုပ်က.."

"ရှင်ဟာ ကြေးစားလူသတ်သမားတစ်ယောက် မဟုတ်လား"

"ဗျာ"

"ရှင်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူသတ်သမားတစ်ယောက်ဆိုတာ ကျွန်မသိတယ်"

ကျောက်တုံး ဘာမှမပြောဘဲ နေလိုက်လေသည်။

မုန်းလျှံက…

"ရှင်က ဖေးယွင်အတွက် ရောက်လာတာ မဟုတ်လား"

"ဖေးယွင်၊ ဖေးယွင်က ဘာဖြစ်လို့လဲ၊ ကျုပ်နဲ့ ပတ်သက်

စရာအကြောင်းမှ မရှိပါလား"

"ရှင်နဲ့ မပတ်သက်ရင်လည်း တခြားတစ်ယောက်ယောက်နဲ့ ပတ်သက်နေနိုင်တာပဲ မဟုတ်လား"

ကျောက်တုံးက မုန်းလျှံကို စိုက်ကြည့်လိုက်လေသည်။

မုန်းလျှံက...

"ဖေးယွင်က အပြစ်မရှိဘဲ ဒုက္ခရောက်ခဲ့ပြီးပါပြီ၊ သူဟာ ဘဝကို စိတ်နာပြီး စိတ်ဓာတ်ကျဆင်းနေတဲ့ လူတစ်ယောက်ပါ။ သူ့ကို ထပ်ပြီး မထိခိုက်စေချင်တော့ဘူးရှင်"

ကျောက်တုံး မေးလိုက်သည်။

"နေပါဦး၊ မင်းနဲ့ ဖေးယွင် မကြာခင် လက်ထပ်ကြတော့မယ် မဟုတ်လား"

"ဒါ ကျွန်မကိစ္စပါရှင်"

"အင်း ဒါလည်း ဟုတ်တာပဲ"

ကျောက်တုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

မုန်းလျှံက...

"ရှင်က ဖေးယွင်ကို ဒုက္ခပေးဖို့ မကြိုးစားစေချင်ဘူးရှင်"

"ကျုပ်က.."

ကျောက်တုံးသည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ ခေါင်းခါယမ်းလိုက်လေသည်။

"မိုးချုပ်သွားပြီ ကျုပ်အနားယူတော့မယ်"

ဟုပြောကာ လှည့်ထွက်သွားလေသည်။

မုန်းလျှံလည်း လိုက်သွားလေသည်။



သစ်ပင်အောက်မှ ခုံတန်းလျားလေး အနီးသို့ ရောက်လျှင် ကျောက်တုံး ခြေလှမ်းရပ်သွားလေသည်။

မုန်းလျှံနှင့် ဖေးယွင်တို့ အတူယှဉ်တွဲ ထိုင်နေခဲ့ပုံကို ပြန်လည်မြင်ယောင်လာလေသည်။

ဖေးယွင်ကို မတွေ့ရတော့ပါ။

ပြန်သွားပြီ ဖြစ်ပုံရလေသည်။

ကျောက်တုံး သက်ပြင်းချကာ ရှေ့ဆက်လျှောက်သွားလိုက်လေသည်။

မုန်းလျှံကလည်း လိုက်လာရာ နှစ်ယောက်သား အဆောက်အဦးကြီးသို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

♣ ♣ ♣

## အဖော်ရှာသူ

နောက်တစ်နေ့နံနက်...

ကျောက်တုံးသည် ညက ဟိုတွေးသည်တွေးဖြင့် တော်တော်နှင့် အိပ်မပျော်ခဲ့ပါ။

အိပ်ရာထဲ တလူးလူး တလိမ့်လိမ့် ရှိနေပြီး နံနက်မိုးလင်းကာနီးမှ အိပ်ပျော်သွားလေသည်။

ထို့ကြောင့် နေအတော်မြင့်မှ နိုးလာခြင်း ဖြစ်သည်။

ကျောက်တုံး ဝါးခနဲ သမ်းဝေကာ လူးလိမ့်ထလိုက်သည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်ကာ အခန်းထဲမှ ထွက်လာခဲ့လေသည်။

ထိုစဉ် သီချင်းဆိုသံ သဲ့သဲ့ကို ကြားလိုက်ရလေသည်။



ကျောက်တုံး ခြေလှမ်းရပ်သွားလေသည်။

သီချင်းဆိုသံကို နားထောင်လိုက်သောအခါ မုန်းလှျံ၏ဆိုသံဖြစ်ကြောင်း သိလိုက်ရလေသည်။

လူတိုင်း သီချင်းဆို ညည်းတတ်ကြသည်။

ထိုသို့ ဆိုညည်းကြသည့် အချိန်အခါမျိုး၌ စိတ်လက်ရွှင်လန်းနေတတ်ကြသည် မဟုတ်ပါလား။

မုန်းလှျံက စိတ်လက်ကြည်လင်နေပေလိမ့်မည်။

ကျောက်တုံးက သီချင်းသံ ကြားရာဘက်သို့ ထွက်လာခဲ့လေသည်။

အဆောက်အဦးထဲမှ ထွက်ပြီး အနောက်ဘက်သို့ သွားလိုက်သောအခါ မြင်းဇောင်းတစ်ခုကို တွေ့ရလေသည်။

မြင်းဇောင်းထဲ၌ မြင်းနှစ်ကောင်သာ ရှိပါသည်။

မြင်းတစ်ကောင်က မုန်းလှျံတို့ မြင်း ဖြစ်သည်။

ကျန်မြင်းတစ်ကောင်မှာ ကျောက်တုံး၏မြင်း ဖြစ်လေသည်။

မုန်းလှျံက မြင်းဇောင်း၌ သန့်ရှင်းရေး ပြုလုပ်နေခြင်း ဖြစ်လေသည်။

ကျောက်တုံးကို ကြည့်လိုက်သည်။

"ရှင်နိုးလာပြီကိုး"

ကျောက်တုံးက...

"ကျုပ်က မင်းရဲ့ သီချင်းသံကို နားထောင်ပြီး ဆက်အိပ်ဦး မလို့ဘဲ၊ ဒါပေမယ့် သွားစရာ ရှိနေလို့ ထလာခဲ့တာ"

မုန်းလှျံ စိတ်ဝင်စားသွားလေသည်။

"ရှင် ဘယ်သွားမလို့လဲ"

"မြို့ထဲပေါ့"

မုန်းလှျံ၏မျက်နှာပေါ်မှ ကြည်လင်မှုများ ပျောက်ကွယ်သွားလေတော့သည်။

"ရှင်က ဖေးယွင်ဆီကို သွားမလို့လား"

ကျောက်တုံး အဖြေမပေးဘဲ နေလိုက်လေသည်။

မုန်းလှျံက...

"ဖေးယွင်ဟာ ရှင်တို့ထင်သလို ဘယ်တုန်းကမှ လူဆိုးတစ်ယောက် ဖြစ်ခဲ့တာ မဟုတ်ဘူးရှင့်၊ အခုလည်း သူက ငွေတိုက်မှာ အလုပ်ဝင်နေပြီ"

မမျှော်လင့်ဘဲ ဖေးယွင် အကြောင်း သိလိုက်ရလေသည်။

မနေ့ညက ဖေးယွင် ရောက်လာသည်မှာ သူ၏အလုပ်ကိစ္စကို လာပြောခြင်း ဖြစ်ကြောင်း ကျောက်တုံး နားလည်လိုက်လေသည်။

မုန်းလှျံက...

"ဖေးယွင်ဟာ တည်ငြိမ်တဲ့ ဘဝတစ်ခုကို ရတော့မှာပါ။ သူ့ကို မနှောင့်ယှက်စေချင်ဘူး"

ကျောက်တုံးက...

"ကျုပ်က နှောင့်ယှက်မယ် ပြောလို့လားဗျာ"

"ရှင်မပြောလည်း ကျွန်မ ရိပ်မိတယ်ရှင့်"

"ကျုပ်.."



"ရှင် သူ့ကို နှောင့်ယှက်မယ်ဆိုရင်တော့ အမှားကြီး မှားသွားလိမ့်မယ်ရှင့်"

ကျောက်တုံး ကျွဲမြီးတိုသွားလေသည်။

မုန်းလှျံကို မျက်လုံးပြူး ကြည့်လိုက်သည်။

"ကျုပ်ကို သည်လောက်တောင် ပြောနေပြီဆိုရင် ကျုပ်က မနှောင့်ယှက်ဘဲ နေလို့ မရတော့ဘူး ထင်တယ်"

"ဘာရှင့်"

"နေပါဦး၊ မင်းက ဖေးယွင်အတွက် ဘာကြောင့် သည်လောက်တောင် စိတ်ပူနေရတာလဲ"

"ကျွန်မ ပြောပြီးပါပြီလေ၊ သူဟာ အပြစ်မရှိဘဲ တစ်ကြိမ် ဒုက္ခရောက်ပြီးပါပြီ၊ နောက်ထပ် ဒုက္ခရောက်မှာကို မမြင်ချင်လို့ပေါ့ရှင်"

ရုတ်တရက် ကြည့်လျှင် မုန်းလှျံသည် ဖေးယွင်ကို အလွန် စိုးရိမ်နေသည့် အသွင် ရှိသည်။

သို့သော် သူမသည် တည်တည်ငြိမ်ငြိမ် ရှိနေပြီး မျက်လုံးများကလည်း အေးစက်နေသည်။

သူမ၏အသံနှလုံးလည်း အေးစက်နေကြောင်း ထင်ရှား၏။

ထို့ကြောင့် သူမသည် ဖေးယွင် အပေါ်၌ တကယ်တမ်း ခံစားချက် နည်းပါးနေပြီ ဖြစ်ကြောင်း ကျောက်တုံး ရိပ်မိလိုက်လေသည်။

"ဖေးယွင်က.."

"ကျုပ်က စိတ်မဝင်စားဘူးဆိုရင်ကောဗျာ"

ကျောက်တုံး၏စကားကြောင့် မုန်းလှုံ မည်သို့ ပြောရမှန်း မသိ ဖြစ်သွားလေသည်။

ကျောက်တုံးက...

"ကျုပ်သွားလိုက်ဦးမယ်"

ဟုနှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ကျောက်တုံးက မြို့ထဲ ရောက်လာပြီ ဖြစ်လေသည်။

လမ်းတစ်လျှောက် စည်ကားနေသည်။

ကျောက်တုံး ဟိုဟိုသည်သည် ငေးမောကြည့်ရင်း ထွက်လာခဲ့ရာ တစ်နေရာ၌ လူအများ ဝင်ထွက်သွားလာနေသည့် ငွေတိုက်တစ်ခုကို တွေ့လိုက်ရလေသည်။

"ဖေးယွင် အလုပ်လုပ်တယ်ဆိုတာ သည်ငွေတိုက်ပဲ ဖြစ်လိမ့်မယ်"

ကျောက်တုံးက တွေးတောစဉ်းစားပြီး ရှေ့ဆက်လျှောက်လာခဲ့လေသည်။

မကြာပါချေ။ သူအနိုင်ရခဲ့သော လောင်းကစားဂေဟာဆီသို့ ပြန်ရောက်သွားလေသည်။

ဂေဟာပိုင်ရှင်က ကျောက်တုံးအား ကောင်းစွာ သိနေပါသည်။

"မောင်ရင် တော်တယ်၊ ကံကောင်းတာပဲ၊ အခုလည်း လောင်းကစားဦးမလို့လား"



ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့်.."

"ကျုပ်က ပျင်းပျင်းရှိတာနဲ့ ထွက်လာရင်း သည်ကို ရောက်လာတာပါ"

"ဪ"

"ကျုပ်ကို အရက်အတစ်အိုးပေးပါ"

"ကောင်းပြီ"

ကျောက်တုံးသည် ဆိုင်ရှင်ပေးသော အရက်အိုးကို ယူပြီး စားပွဲတစ်လုံး၌ ထိုင်ကာ အေးအေးဆေးဆေး သောက်နေလိုက်လေသည်။

ထိုစဉ် လူတစ်ယောက် ရောက်ရှိလာပြီး မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

ထိုလူကြောင့် ကျောက်တုံး မျက်မှောင်ကုပ်သွား၏။

ထိုလူက ပြုံးပြလိုက်သည်။

"ကျောက်တုံး ကျုပ်ကို မှတ်မိတယ် မဟုတ်လား"

ကျောက်တုံးက ပြန်မေးလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က 'ချင်းလီ'လေ၊ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား"

"ချင်းလီ ဟုတ်သားပဲ၊ ခင်ဗျားကို မှတ်မိပြီ"

ကျောက်တုံးက အရက်အိုးကို ချင်းလီဆိုသူရှေ့သို့ တွန်းဗို့လိုက်လေသည်။

"ချင်းလီ အရက်သောက်လိုက်ပါဦးဗျာ"

ချင်းလီက…

"ကျေးဇူးပဲ"

အရက်အိုးကို ယူကာ အိုးလိုက်မော့သောက်လိုက်လေသည်။ ကျောက်တုံးက မျက်တောင်မခတ် ကြည့်နေသည်။

ချင်းလီ…

ချင်းလီကို ကျောက်တုံး ကောင်းစွာ သိထားလေသည်။

သူတို့နှစ်ယောက်သည် တစ်ချိန်က ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။

ချင်းလီသည် လူကောင်းတစ်ယောက် မဟုတ်ဘဲ ငွေရမည်ဆိုလျှင် ဘာမဆို လုပ်ဝံ့သူ ဖြစ်လေသည်။

တစ်ချိန်က ကျောက်တုံးသည် ချင်းလီနှင့် လက်တွဲကာ အလုပ်တစ်ခု လုပ်ခဲ့ပြီး အောင်မြင်မှု ရခဲ့ဖူးလေသည်။

ချင်းလီ အရက်သောက်ပြီးသွားသောအခါ ကျောက်တုံးက မေးလိုက်လေသည်။

"ခင်ဗျား ပျောက်နေပါလား၊ ဘယ်ရောက်နေတာလဲဗျ"

ချင်းလီက…

"ဒုစရိုက်သမားတစ်ယောက် လူမြင်ကွင်းက ပျောက်နေပြီဆိုယင် လူမမြင်နိုင်တဲ့ တစ်နေရာကို ရောက်နေလို့ပေါ့ကွာ"

သူ၏စကားကို သဘောကျသည့်အလား ပြန်လည်ရယ်မောလိုက်လေသည်။



ချင်းလီသည် ဒုစရိုက်မှု ကျူးလွန်ခြင်းကြောင့် အဖမ်းခံရခဲ့ခြင်း ဖြစ်ကြောင်း ကျောက်တုံး နားလည်လိုက်လေသည်။

ချင်းလီက…

"ငါက သည်ဘက်ကို ရောက်လာရင်း မင်းကလည်း နန်ကင်းက ပြန်လာပြီဆိုတဲ့ သတင်းကြားတာကြောင့် မင်းကို လိုက်ရှာနေတာ"

"ကိစ္စရှိလို့လား"

"ရှိတာပေါ့ကွာ"

"ဘယ်လိုကိစ္စလဲဆိုတာ ပြောစမ်းပါဦးဗျာ"

ချင်းလီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ တဖန် အသံကိုနှိမ့်ချကာ ပြောလိုက်လေသည်။

"ကျောက်တုံး အလုပ်ကြီးတစ်ခု လုပ်ဖို့ရှိတယ်ကွ ငွေအတော်များများရမှာ သေချာတယ်"

"ဩော်"

"မင်းစိတ်ဝင်စားတယ် မဟုတ်လား"

ကျောက်တုံး ခေါင်းညိတ်လိုက်သည်။

"အင်း ငွေရဖို့ကိစ္စဆိုရင် ကျုပ်စိတ်ဝင်စားတာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားဘာသာ လုပ်လိုက်တာ ပိုမကောင်းဘူးလား"

ချင်းလီက…

"မင်းပါရင် ပိုပြီးအဆင်ပြေမှာပေါ့၊ မင်းအတွက် ဝေစု ကောင်းကောင်းရမယ်လေ"

"ကျုပ်ကို ထိုက်ထိုက်တန်တန် ပေးမယ်ဆိုပါတော့"

"ဟုတ်တယ်"

"ခင်ဗျား ဘာကြောင့် သည်လောက်တောင် သဘောကောင်းနေရတာလဲ"

ချင်းလီ ရယ်မောလိုက်လေသည်။

"တို့ အချင်းချင်းတွေပဲကွာ၊ တစ်ယောက်ကိုတစ်ယောက် ကြည့်ရမှာပေါ့"

"ဟား...ဟား...ဟား"

ကျောက်တုံး ကောက်ကာငင်ကာ ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

ချင်းလီက...

"ကျောက်တုံး၊ မင်း ဘယ်လိုသဘောရသလဲ"

ကျောက်တုံးက...

"ပွဲပေါက်ရှိတယ်ဆိုရင် ခင်ဗျားဘာသာ သွားလုပ်ပါလားဗျာ"

"ကျုပ်တစ်ယောက်ထဲ မနိုင်မနင်း ဖြစ်နေတာကြောင့် မင်းကို အဖော်ခေါ်တာပေါ့ကွ"

"ကျုပ်လုပ်နိုင်မှာ မဟုတ်ဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျုပ်က သူများနဲ့ လက်တွဲပြီး လုပ်ရတာထက် တစ်ကိုယ်တော် လုပ်ကိုင်ဆောင်ရွက်ရတာကို ပိုပြီး သဘောကျနေပြီလေဗျာ"

ချင်းလီက...



"ကျောက်တုံး၊ မင်းစိတ်ကူး မလွဲစမ်းပါနဲ့၊ ငါနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မင်းအတွက် အကျိုးရှိလိမ့်မယ်"

ကျောက်တုံးက...

"ကျုပ် မလိုချင်တော့ပါဘူးဗျာ၊ ကိုယ့်ဘာသာ လုပ်ပါ"

"မဟုတ်သေးဘူး၊ အခု ကိစ္စက နှစ်ယောက်လုပ်မှ ဖြစ်မှာ၊ တစ်ယောက်က အတွင်းဝင်ပြီး လှုပ်ရှားနေချိန်မှာ တစ်ယောက်က အပြင်က လှုပ်ရှားရမှာ၊ ငါအထဲဝင်မယ်၊ မင်းက အပြင်မှာနေပေါ့"

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"အတွင်းဖြစ်ဖြစ်၊ အပြင်ဖြစ်ဖြစ် ကျုပ် မလုပ်ဘူး၊ ကျုပ်က တစ်ခုခု လုပ်တော့မယ်ဆိုရင် တစ်ယောက်ထဲပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီ"

ချင်းလီက...

"မင်း တကယ် ပြောနေတာလား"

ကျောက်တုံးက...

"ဒါလိမ်ပြောရမယ့် ကိစ္စလားဗျာ"

"ကျောက်တုံး၊ ငါ့အတွက် အဖော်တစ်ယောက် လိုနေတယ်ကွ"

"ဒါဖြင့် တခြားတစ်ယောက်ယောက်ကို ခေါ်သွားပါဗျာ"

ချင်းလီ မကျေမနပ် ဖြစ်သွားလေသည်။

"ကျောက်တုံး၊ ဒါ မင်းစကားအကုန်ပဲလား"

"ဟုတ်တယ်"

"မင်း ဘာကြောင့် လက်မခံနိုင်ရတာလဲ"

"ကျုပ်ပြောပြီးပြီလေ"

"မင်း..."

ချင်းလီ မကျေမနပ် ဖြစ်သွားသော်လည်း မည်သို့ ဆက်ပြောရမှန်း မသိအောင် ဖြစ်သွားလေသည်။

ကျောက်တုံးက အမှုမထားတော့ပါချေ။

ထိုင်ရာမှထကာ အရက်ဖိုး ကျသင့်ငွေ ရှင်းပေးလိုက်သည်။

ထို့နောက် ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

ဆိုင်အပေါက်ဝသို့ မရောက်မီ ချင်းလီ၏ဒေါသတကြီး ကျိန်ဆဲပြောဆိုသံများ ကြားလိုက်ရလေတော့သည်။

♣ ♣ ♣



## ကောက်ကျစ်သော ခြေလှမ်း

နောက်တစ်နေ့နံနက်...

ကျောက်တုံးသည် ထုံးစံအတိုင်း အိပ်ရာမှ တော်တော်နှင့် မထနိုင်ဘဲ ရှိနေ၏။

တစ်ညလုံး အတွေးများနှင့် ချာချာလည်ကာ အိပ်မပျော်နိုင်ဘဲ ရှိခဲ့သည် မဟုတ်ပါလား။

သို့သော် မိုးလင်းလာသည်နှင့် ကျောက်တုံး ကောင်းစွာ အိပ်စက်၍ မရတော့ပါ။

"ဒေါက်..ဒေါက်"

တံခါးခေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျောက်တုံး အိပ်ရာမှ လူးလိမ့်ထလိုက်သည်။

"လာပြီ..လာပြီ"

တံခါးသွားဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားလျှင် အပြင်ဘက်၌ ရပ်နေသော မုန်းလှျံကို တွေ့လိုက်ရလေသည်။

မုန်းလှျံ…

အမြဲတမ်း အေးတိအေးစက် ရှိနေသော မုန်းလှျံသည် မျက်နှာကြီးနီမြန်းကာ ဒေါသတကြီး ဖြစ်နေသည်ကို တွေ့ရလေသည်။

ကျောက်တုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မင်းကိုး‥"

"ဟုတ်တယ်၊ ရှင့်ကို ပြောစရာရှိလို့ လာခဲ့တာ၊ ရှင် အိပ်ရာက နိုးလာတဲ့အထိ ကျွန်မ မစောင့်နိုင်တော့ဘူးရှင့်"

ကျောက်တုံးက…

"ဘယ်လောက်တောင် အရေးကြီးနေလို့လဲဗျာ"

မုန်းလှျံက…

"ရှင် ဘာလုပ်ခဲ့တယ်ဆိုတာ ရှင်သိမှာပေါ့"

"ဟင်"

ကျောက်တုံး နားမလည်နိုင်အောင် ဖြစ်နေသည်။

"ကျုပ်က ဘာတွေများ လုပ်ခဲ့လို့လဲ ပြောပါဦး"

"ရှင်က ဖေးယွင်ကို ဒုက္ခပေးခဲ့တာလေ"

"ဘာ"

"ရှင့်ကြောင့် ဖေးယွင်က အချုပ်ခန်းထဲ ရောက်နေပြီရှင့်"

"ဟာ‥မဟုတ်တာ‥"

ကျောက်တုံး ခေါင်းခါယမ်းလိုက်လေသည်။



"ဖေးယွင် အချုပ်ခန်းထဲ ရောက်တာ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

"အဲဒါ ရှင့်လက်ချက်ပဲ မဟုတ်လား"

ကျောက်တုံး ဘာမှ မပြောဘဲ နေလိုက်လေသည်။

မုန်းလှျံက…

"ဖေးယွင်က ငွေတိုက်က လှျံငွေတစ်သိန်း ယူသွားတယ်၊ အရေးကြီးတဲ့ စာရွက်စာတန်းတွေက သူ့ရဲ့ အခန်းထဲမှာ တွေ့ရကယ်၊ ဒါနဲ့ ဆရာကြီးကြံ့ရှုဝမ်က သူ့ကို ဖမ်းဆီးလိုက်တယ်၊ ကဲ ရှင်ဘာပြောမလဲ"

"ကျုပ် မဟုတ်ဘူး"

ကျောက်တုံး ငြင်းလိုက်ပြန်သည်။

မုန်းလှျံက…

"ရှင်က ဖေးယွင်ကို ဒုက္ခရောက်စေချင်တာပဲ မဟုတ်လား၊ သူက နာမည်ပျက်ခဲ့ပြီး လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာ အားလုံး လက်ခံလာအောင် ကောင်းကောင်းနေပြချင်တာရှင့်"

သူမသည် ဖေးယွင်နှင့် ပတ်သက်ခဲ့သူ ဖြစ်သော်လည်း ဖေးယွင် အကျဉ်းချခံရပြီးသည့်နောက် သဘောထားပြောင်းလဲသွားသည့်သဘော ရှိသည်ကို ကျောက်တုံး သတိပြုမိထားပြီး ဖြစ်လေသည်။

မည်သို့ဆိုစေ…

သူမသည် ဖေးယွင်နှင့် ပတ်သက်လာလျှင် ကာကွယ်စောင့်ရှောက်ပေးလိုစိတ် ရှိနေသည်က ထင်ရှားသည်။

ကျောက်တုံးက...

"ဖေးယွင်ဟာ နာမည်ပျက်ခဲ့သလို သူ့ဘဝက လူရိုးလူကောင်းတွေ ကြားမှာ ပျက်စီးခဲ့ပါပြီ၊ ကျုပ်က သူ့ကို ဒုက္ခပေးဖို့ထက် ပြန်ကောင်းလာအောင် လုပ်ပေးချင်တဲ့လူပါ။ အခု သူ့ကို ဒုက္ခပေးသွားတဲ့လူကို ကျုပ်ရိုပ်မိပါတယ်"

"ဘာရှင့်.."

"သည်ကိစ္စကို ကျုပ်ဖြေရှင်းပေးမယ်ဆိုရင်ကော"

မုန်းလျှံ အံ့ဩသွားလေသည်။

"ရှင်က ဖေးယွင်ကို ကူညီမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ရှင် ဘယ်လို ကူညီမှာလဲ ပြောပါဦး"

ကျောက်တုံးက...

"ငွေတိုက်က ငွေတွေ ဖောက်ထွင်းယူပြီး ဖေးယွင်အပေါ် အပြစ်ပုံချခဲ့တဲ့ လူတွေကို ဖော်ထုတ်လိုက်ယင် ဖေးယွင် လွတ်မြောက်သွားမှာပဲ မဟုတ်လား"

မုန်းလျှံက...

"နေပါဦး ဘယ်သူက သူ့ကို ဒုက္ခပေးခဲ့တာလဲ ပြောစမ်းပါဦး"

ကျောက်တုံး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"တစ်ယောက်ယောက်ပေါ့ဗျာ"

"ရှင်တော့ မဟုတ်ပါဘူးနော်"



"ကျုပ်ကို ဘာကြောင့် အထင်လွဲနေရတယ်ဆိုတာ မင်းရှင်းပြရတော့မယ်"

မုန်းလျှံက...

"ရှင်ဟာ လူထူးဆန်းတစ်ယောက်၊ သည်မြို့မှာ ရှိတဲ့ လူတွေ အားလုံးထက် ပိုပြီး ကြောက်စရာကောင်းတဲ့လူ၊ တားဆီးလို့မရတဲ့လူ၊ အစ်ကိုကြီးကျန်းမာနဲ့ ပတ်သက်နေတဲ့လူလို့ လူတိုင်း သိထားကြတာပဲ"

"ဪ"

သူ့အကြောင်းကို မုန်းလျှံ ကြားသိသွားပြီ ဖြစ်ကြောင်း ကျောက်တုံး နားလည်လိုက်လေသည်။ မုန်းလျှံက...

"တစ်ချိန်က ဖေးယွင် ဒုက္ခရောက်ခဲ့တာ 'ကျန်းမာ'ကြောင့်ပဲ၊ သူဟာ လူကြီးလူကောင်း ဟန်ဆောင်ထားတဲ့ လူဆိုးကြီးတစ်ယောက်ဆိုတာ လူတိုင်း သိကြတာပဲ၊ ရှင်ကလည်း ကျန်းမာနဲ့ ပတ်သက်နေတာပဲ မဟုတ်လား"

"ကျုပ်က.."

"ရှင်က ကျန်းမာ ခိုင်းတဲ့ အလုပ်တွေ လုပ်ခဲ့ဖူးတယ်လို့ ကျွန်မ စုံစမ်းသိရှိထားပြီးပြီရှင့်"

ကျောက်တုံးက...

"ဒါဆိုယင် ဖေးယွင် ဒုက္ခရောက်အောင် လုပ်တဲ့လူဟာ ကျန်းမာဆိုတာ မင်းနားလည်သင့်တာပေါ့"

"ကျန်းမာက ဘာကြောင့် သူဒုက္ခရောက်အောင် လုပ်ရတာလဲရှင့်"

ကျောက်တုံး ရှင်းပြလိုက်လေသည်။

"တစ်ချိန်က ဖေးယွင်ဟာ ကျန်းမာရဲ့ မကောင်းမှုတွေကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့တာကြောင့် ကျန်းမာက လှည့်ကွက်ဆင်ပြီး ဒုက္ခပေးလိုက်တာ၊ ဖေးယွင် ဒုက္ခရောက်သွားတယ်၊ အခု သူပြန်ရောက်လာတော့ ကျန်းမာ မလုံမလဲ ဖြစ်နေပြီ၊ ဖေးယွင်က သူ့ကို ပြန်ပြီး ဒုက္ခပေးမှာကို စိုးရိမ်နေတယ်၊ လက်ဦးမှုယူပြီး ဒုက္ခပေးဖို့ ကြံစည်နေတာပဲ"

"ရှင်ကကော ကျန်းမာအတွက် အလုပ်လုပ်ပေးနေတာပဲ မဟုတ်လား"

"ကျုပ်က ဖေးယွင်ကို ကူညီရမလား၊ မကူညီရဘူးလား ပြောပါ"

မုန်းလျှံ ဘာမှ မပြောဘဲ နေလိုက်လေသည်။

ကျောက်တုံးက...

"မင်းမပြောလည်း ကျုပ်က သူ့ကို ကူညီရမှာပဲ"

ဟုပြတ်သားစွာ ပြောလိုက်လေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် ဖေးယွင်အား ကူညီရန် ဆုံးဖြတ်လိုက်၏။ ဖေးယွင်သည် ကျစ်ဆံမြီးနှင့် ဖြစ်သော်လည်း သူက ကူညီလိုစိတ် ဖြစ်ပေါ်နေသည်မှာ မုန်းလျှံကြောင့် ဖြစ်လေသည်။

ကျောက်တုံးက မုန်းလျှံတို့ အိမ်မှ ထွက်လာခဲ့သည်။



အစ်ကိုကြီးကျန်းမာနှင့် သွားရောက်တွေ့ဆုံဖို့ ဖြစ်သည်။

ကျောက်တုံးသည် မြင်းကို အသားကျ စီးနင်းရင်း တောလမ်းအတိုင်း ခရီးနှင်လာခဲ့ရာ သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော တစ်နေရာသို့ ရောက်လျှင် သူ၏နှာခေါင်းထဲ ထူးခြားသော အနံ့အသက်တစ်ခု ရှူရှိုက်မိလိုက်လေသည်။

မီးခိုးနံ့ ဖြစ်သည်။

ကျောက်တုံးက နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံလိုက်ပြီးလျှင် မြင်းကို ရပ်တန့်လိုက်သည်။

မြင်းပေါ်မှ ဆင်းကာ မြင်းကို သစ်ပင်တစ်ပင်၌ ချည်နှောင်ထားလိုက်လေသည်။ ထို့နောက် နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံကာ သစ်ပင်များကြားမှ လျှောက်သွားလိုက်လေသည်။

တောအုပ်ထဲ၌ မီးခိုးနံ့ ရလိုက်သဖြင့် လူရှိနေကြောင်း ထင်ရှားသည် မဟုတ်ပါလား။

ကျောက်တုံး ရှေ့ဆက်လျှောက်လာယင်း မွှေးကြိုင်သော အနံ့အသက်များကို ရှူရှိုက်မိလိုက်လေသည်။

ကြက်ကင်နံ့ ဖြစ်သည်။

ကျောက်တုံးက သစ်ပင်များကြားမှတဆင့် မြေကွက်လပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ထိုမြေကွက်လပ်တွင် လူနှစ်ယောက်နှင့် မီးပုံတစ်ပုံ ရှိနေသည်။ မီးပုံနံဘေး၌ လူနှစ်ယောက် အရက်ထိုင်သောက်နေကြ၏။

တစ်ယောက်က ပုပုကွကွ၊ ကျန်တစ်ယောက်က ဝိန်ဝိန်ရှည်ရှည် ဖြစ်လေသည်။

ထိုလူနှစ်ယောက်ကို ကျောက်တုံး သိထားပါသည်။

အမှောင်ဖောကဥ္စ 'ရန်သူ မိတ်ဆွေ' ဆိုသော ကြေးစား သိုင်းသမားနှစ်ယောက် ဖြစ်လေသည်။

တစ်ယောက်၏အမည်မှာ 'ဆားချို' ဖြစ်ပြီး ကျန်တစ် ယောက်၏အမည်မှာ 'အားယုံ' ဖြစ်လေသည်။

အလွန်ကြောက်စရာကောင်းသော ကြေးစားသိုင်းသမား များ ဖြစ်ကြသည်။

သူတို့နှစ်ယောက် ဘယ်တော့မှ မတည့်ဘဲ အမြဲတမ်း စကားများကြလေသည်။ ဘယ်အချိန် ဘယ်နေရာရောက်ရောက် ဘယ်တော့မှ မတည့်ကြချေ။

သို့သော်...

တိုက်ပွဲဝင်ပြီဆိုလျှင်ကား နှစ်ကိုယ့်တစ်စိတ်ဟု ဆိုရ လောက်အောင် လက်တွဲညီသည်။ စိတ်တူကိုယ်တူ ရှိကြလေသည်။

ယခု...

ရန်သူမိတ်ဆွေနှစ်ယောက်က အရက်သောက်ယင်း အချင်း များနေကြလေသည်။

"မင်းခွက်က အရက်ပိုများတယ်ကွ"

"ဘယ်မှာ များလို့လဲ"

"ကြည့်ပါလား"

"ဒါဖြင့် မင်းပိုထည့်လိုက်လေ"

"အေး ထည့်တယ်"

အားယုံက အရက်အိုးထဲမှ အရက်ကို ခွက်ထဲ လောင်းချ



လိုက်လေသည်။

သူ၏အရက်ခွက်တစ်ခုလုံး ပြည့်လျှံသွားတော့သည်။

ဆားချိုဆိုသူက...

"ဟ မင်းက ဘာကြောင့် သည်လောက်တောင် အများကြီး လောင်းထည့်လိုက်ရတာလဲ၊ အရက်က သိပ်ရှိတာ မဟုတ်ဘူးကွ"

အားယုံက...

"မင်းပဲ ပိုသောက်ဆို"

"ငါ့ရဲ့ အရက်ခွက်က များတယ်ဆိုယင် ညီမျှအောင် ပိုထည့် လိုက်ဖို့ ပြောတာကွ"

"ဟာ ငါ ဘယ်သိမလဲ၊ မင်းထည့်ဆိုလို့ ထည့်လိုက်တာ၊ ငါ့အပြစ် မဟုတ်ဘူး"

အားယုံက ပြည့်လျှံနေသော အရက်ခွက်ကိုယူကာ မော့ သောက်လိုက်လေတော့သည်။

"ဟေ့..ဟေ့ အကုန်မသောက်နဲ့"

ဆားချိုက တားဆီးလိုက်လေသည်။

အားယုံက ဆားချို တားနေသည့်ကြားမှပင် အရက်ခွက်ကို အတင်းမော့သောက်လိုက်လေသည်။

နှစ်ယောက်သား အရက်လုနေကြသည် ဖြစ်ရာ...

"ခွမ်း"

အားချို၏လက်ထဲမှ အရက်ခွက်မှာ မြေပေါ် လွတ်ကျကာ ကွဲသွားလေတော့သည်။

"ဟင်"

"ဟာ"

အားယုံနှင့် ဆားချိတို့ လူချင်းခွဲပြီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ အားယုံက...

"အရက်ခွက်ကွဲသွားတာ မင်းကြောင့်"

ဆားချိက...

"ဘာဆိုင်လို့လဲ"

"မင်းလုလိုက်တာကိုး"

"ငါ မလုယင် မင်းက အကုန်သောက်ပစ်တော့မှာပဲ မဟုတ်လား"

ကျောက်တုံးသည် ဘာမဟုတ်သည့် ကိစ္စဖြင့် စကားများနေကြသည့် ဆားချိတို့ကို ကြည့်ပြီး ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံကြောင့် ဆားချိတို့ လှည့်ကြည့်လာကြ၏။

ကျောက်တုံးက လှမ်းသွားလိုက်သည်။ ဆားချိက...

"မင်း ဘယ်သူလဲ ဘာကိစ္စ ရှိလို့လဲ"

ဟုမေးလာလေသည်။ ကျောက်တုံးက...

"ကျုပ်က ကျောက်တုံး"

"ဘာကွ"

ကျောက်တုံးဟူသော အမည်ကို အမှောင်လောကသားတိုင်း သိထားကြသည် မဟုတ်ပါလား။

ဆားချိနှင့် အားယုံတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

ဆားချိက ကျောက်တုံးဘက်သို့ ပြန်လှည့်လိုက်သည်။

"မင်းက ကျောက်တုံး ဟုတ်လား"



"ဟုတ်တယ်"

"ရှောင်စီးနယ်မှာ ကျောက်တုံးက တော်တော် နာမည်ကြီးတာပဲ"

ကျောက်တုံး ပြုံးလိုက်လေသည်။

"ရန်သူမိတ်ဆွေဆိုတဲ့ ခင်ဗျားတို့နှစ်ယောက်ကလည်း နာမည်ကြီးပါတယ်ဗျာ"

"ဪ မင်းက ငါတို့ကို သိနေတာကိုး"

"ဟုတ်ပါတယ်ဗျာ"

ကျောက်တုံးက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း မေးလိုက်လေသည်။

"ဒါထက် ခင်ဗျားတို့နှစ်ယောက် လူတစ်ယောက်ကို မတွေ့မိကြဘူးလား"

"ဘယ်သူလဲ"

"ချင်းလီ"

ဆားချိ ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ဘယ်သူ့ကိုမှ မတွေ့ဘူး"

ကျောက်တုံးက...

"ခင်ဗျားတို့ကို သူက ခေါ်လာတာ မဟုတ်ဘူးလား"

"မင်း ဘာတွေ လာပြောနေတာလဲ"

"ဒါဖြင့် ခင်ဗျားတို့က သည်နေရာကို ပျော်ပွဲစား ထွက်လာကြတာပေါ့ ဟုတ်လား"

"သည်နေရာက ဘာလုပ်ရမှာလဲကွ"

ကျောက်တုံးက မီးပုံနံဘေး၌ ဝင်ထိုင်လိုက်သည်။

အရက်အိုးကို မယူကာ မော့သောက်လိုက်သည်။

တဖန် ကြက်ကင်ကို ဖွဲ့ယူစားသောက်လိုက်၏။

သူက ဆားချိုတို့နှစ်ယောက်အား လုံးဝအမှုမထားဘဲ စားသောက်လိုက်ခြင်း ဖြစ်လေသည်။

ဆားချိုနှင့် အားယုံတို့ ဒေါသထွက်သွားကြလေတော့သည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"မင်းကို ဘယ်သူက ကျွေးလို့လဲကွ"

ကျောက်တုံးက လုံးဝဂရုမစိုက်ချေ။

"ခြွမ်း..ခြွမ်း"

အားယုံနှင့် ဆားချိုတို့က ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။ ကျောက်တုံးကို ချိန်ရွယ်ထားလိုက်ကြလေသည်။

ကျောက်တုံး မလှုပ်ချေ။ ဆားချိုက...

"ကျုပ်တို့ အရက်နဲ့ ကြက်ကင်က မင်းစားဖို့ မဟုတ်ဘူးကွ"

ကျောက်တုံးက...

"ကျုပ်က ပိုက်ဆံပေးမယ်ဆိုယင်ကော"

"ငါတို့က ရောင်းဖို့ မဟုတ်ဘူးကွ"

ဆားချိုက အော်လိုက်သည်။

အားယုံ မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းက ငွေစကားပြောတာ၊ မင်းမှာ ငွေအတော်များများ ပါလာတယ် ထင်တယ်"

ကျောက်တုံး ဘာမှ မပြောဘဲ နေလိုက်လေသည်။



အားယုံက...

"ကောင်းပြီ၊ မင်းပါလာတဲ့ ငွေတွေ အားလုံး ထုတ်လိုက်စမ်း"

"ခင်ဗျားက ဓားပြတိုက်နေတာလားဗျ"

"မင်းအေးအေးဆေးဆေး ထုတ်ပေးယင် ကောင်းလိမ့်မယ်"

ကျောက်တုံးက ကြက်ကင်တဖဲ့ အရက်တစ်ခွက် သောက်လိုက်ပြန်လေသည်။ ဆားချိုက...

"သည်ကောင်က ဓားနဲ့ ချိန်ထားတာတောင် အေးအေးဆေးဆေး စားသောက်နေနိုင်သေးပါလား၊ အာဂသတ္တိပဲ"

ကျောက်တုံး ပြုံးလိုက်သည်။ ဆားချိုက...

"ငါပြောနေတာ ကြားသလား၊ မင်းမှာ ပါလာတဲ့ငွေ အကုန် ထုတ်လိုက်စမ်း"

အားယုံက...

"မင်းထုတ်မပေးဘူးဆိုရင်တော့ မင်းကို သတ်ပြီး ယူရမှာပဲ"

ဆားချိုက...

"သူသေသွားမှ ယူရမယ်ဆိုရင်တော့ ဘာကြောင့် စောင့်နေရတော့မှာလဲ တစ်ခါတည်း သတ်ပြီး ယူလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"ဟုတ်သားပဲ"

နှစ်ယောက်သား ခြိမ်းခြောက်ပြောဆိုနေကြသော်လည်း

ကျောက်တုံးက အေးတိအေးစက် ရှိနေသည်။

ဆားချီနှင့် အားယုံတို့က တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ကျောက်တုံးက မလှုပ်မယှက် ရှိနေသည်။

"ဟေ့ကောင် မင်းသေရမှာ မကြောက်ဘူးလား"

ကျောက်တုံးက...

"လူတိုင်း သေကြရတာချည့်ပဲဗျာ၊ ဘာများဆန်းလို့လဲ"

"ဘာကွ"

"ကျုပ်လည်း သေရမယ်၊ ခင်ဗျားတို့လည်း တစ်နေ့ သေရမှာပဲ မဟုတ်လား"

"မင်း..."

ဆားချီနှင့် အားယုံတို့သည် ကျောက်တုံးကို အထူးအဆန်းဖြစ်နေကြသည်။ သူတို့သည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသော်လည်း တကယ်တမ်း တိုက်ခိုက်ခြင်း မပြုကြချေ။

တိုက်ခိုက်ဖို့ ဝန်လေးနေကြသည့်သဘော ရှိလေသည်။

ထိုစဉ်...

"သိပ်တော်တဲ့ လူတွေပဲ"

ဒေါသတကြီး ပြောဆိုလိုက်သော စကားသံ ထွက်ပေါ်လာလေသည်။

ကျောက်တုံး ကြည့်လိုက်သောအခါ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ သူတွေ့လိုနေသော ချင်းလီ ဖြစ်လေသည်။

♣ ♣ ♣



ချင်းလီ ရောက်ရှိလာပြီ ဖြစ်လေသည်။

အားယုံနှင့် ဆားချီတို့သည် ချင်းလီကို မြင်လျှင် ဝမ်းသာသွားကြလေသည်။

"ခင်ဗျား ပြောတာ သည်ကောင် မဟုတ်လား၊ သည်ကောင့်ကို ကျုပ်တို့ ဖမ်းထားလိုက်ကြပြီဗျ"

ချင်းလီ မဲ့ပြုံးပြုံးလိုက်သည်။

"ဖမ်းမိထားလိုက်ကြပြီ ဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းတို့က ဖမ်းထားတယ်သာ ပြောတယ်၊ သူက အရက်သောက်လိုက်၊ ကြက်ကင်စားလိုက်နဲ့ ဟန်ကျနေပါလားကွာ"

"ဒါက ကျုပ်တို့.."

"အလကား ဘာမှ အသုံးမကျတဲ့ကောင်တွေ"

ချင်းလီက ငေါက်လိုက်သဖြင့် အားယုံနှင့် ဆားချီတို့ မကျေမနပ် ဖြစ်သွားကြလေသည်။

ချင်းလီက ကျောက်တုံးကို ကြည့်လိုက်သည်။

"ကျောက်တုံး၊ ငါက မင်းနဲ့ လက်တွဲပြီး အလုပ်လုပ်ဖို့ လာခဲ့တာကွ၊ မင်းကမှ လက်မခံတာကိုး"

ကျောက်တုံးက...

"ကျုပ်က ဘာမဆို တစ်ကိုယ်တော် လုပ်ချင်တယ်၊ တစ်ချိန်က ခင်ဗျားနဲ့ ခဏတဖြုတ် လက်တွဲဖူးတာကို ထည့်ပြောနေလို့ အံဩပဲ"

ချင်းလီက...

"အေး... မင်းက လက်မတွဲချင်ရင်လည်း ရတယ်၊ ငါတစ်ယောက်ထဲ ဖြစ်အောင် လုပ်နိုင်တာပဲ"

"ဒါပေမယ့် ခင်ဗျားကြောင့် မဆီမဆိုင်တဲ့ လူတစ်ယောက် ဒုက္ခရောက်ရတော့မယ်"

"ဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ခင်ဗျားက ငွေတိုက်ကို ဖောက်ထွင်းပြီး ငွေယူသွားရင် ပြီးတာပဲ မဟုတ်လား၊ ဘာကြောင့် ဖေးယွင်ကို ဒုက္ခပေးချင်တာလဲ"

ချင်းလီ မျက်မှောင်ကုပ်သွားသည်။

"ဖေးယွင်၊ ဘယ်က ဖေးယွင်လည်း ကျုပ် ဘာမှ မသိရပါလား"

"ဟား...ဟား...ဟား"

ကျောက်တုံးက ဟားတိုက်ရယ်မောလိုက်လေသည်။

ချင်းလီက...

"ကျောက်တုံး၊ မင်းက ငါ့နောက်ကို လိုက်နေမယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် နောက်ကြောင်းအေးအောင် မင်းကို ရှင်းပစ်ရမှာပဲ"

ကျောက်တုံး ပြုံးလိုက်သည်။

"ဒါတွေ အားလုံး အစ်ကိုကြီးကျန်းမာ စီစဉ်ပေးတာပဲ မဟုတ်လား"

"ဘာကွ"

"အစ်ကိုကြီးကျန်းမာက ဖေးယွင်ကို ဒုက္ခရောက်စေချင်



တယ်လေ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်လိုက်တာပဲ မဟုတ်လား"

ချင်းလီက...

"အပိုတွေ ပြောမနေနဲ့၊ မင်းအတွက် အချိန်မရှိတော့ဘူးကွ"

ခါးမှ ဓားကို ခြွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။

အားယုံနှင့် ဆားချိုတို့လည်း အားတက်သွားကြလေသည်။

ကျောက်တုံးအား ရှင်းပစ်နိုင်လျှင် ဒုစရိုက်သမားများသည် သူတို့အား ရိုသေလေးစားသွားကြမည် မဟုတ်ပါလား။

သုံးယောက်သား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြစဉ်မှာပင် ကျောက်တုံးက လျှပ်တပြက် လှုပ်ရှားလိုက်လေသည်။

လက်ထဲကိုင်ထားသော အရက်ခွက်ဖြင့် ချင်းလီ၏မျက်နှာကို ပေါက်လိုက်သည်။

တဖန် ကြက်ကင်ဖြင့် အားယုံကို ပစ်လိုက်၏။

သူကိုယ်တိုင်က ဆားချိုကို ခုန်အုပ်တိုက်ခိုက်လိုက်လေသည်။

ကျောက်တုံး လှုပ်ရှားလိုက်သည်နှင့် ချင်းလီတို့သုံးယောက်အား တပြိုင်တည်း တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ချင်းလီ ကပျာကယာ ရှောင်တိမ်းလိုက်၏။

"အမယ်လေး"

ကြက်ကင်ဖြင့် ပစ်ပေါက်ခံလိုက်ရသော အားယုံက လန့်ဖြန့်ကာ လွှတ်ခနဲ အော်လိုက်လေသည်။

ဆားချိုကား ကျောက်တုံး၏လက်ထဲ ရောက်ရှိသွားလေတော့သည်။

"မလှုပ်နဲ့"

ကျောက်တုံးက အော်ငေါက်ကာ သွေးကြောထိုးပိတ်လိုက်လေသည်။

ဆားချို မလှုပ်မယှက် ဖြစ်သွားသည်။

ကျောက်တုံးက အားယုံကို ဆက်လက်တိုက်ခိုက်လိုက်လေသည်။

"သေစမ်း"

အားယုံက ဓားဝှေ့ယမ်းကာ ကျောက်တုံးအား ခုတ်ချလိုက်၏။

ကျောက်တုံးက ရှောင်တိမ်းပေးယင်း အားယုံ၏လက်ထဲမှ ဓားကို လုယူလိုက်သည်။ တဖန်...

"ရှောင်လိုက်စမ်း"

ချင်းလီကို ပစ်ပေါက်လိုက်လေသည်။

ဓားသည် မြားတစ်စင်းပမာ ပစ်လွင့်သွားပြီး ချင်းလီ၏ဓားကိုင်သော လက်ကို ထိမှန်သွားလေသည်။

"အား"

"ခြွမ်း"

ချင်းလီ၏လက်ထဲမှ ဓားလွတ်ကျသွားတော့သည်။

ကျောက်တုံးက် အားယုံကို သွေးကြောပိတ်ပြီး ချင်းလီရှေ့သို့ ရိပ်ခနဲ ရောက်သွား၏။



ချင်းလီ ထိတ်လန့်သွားလေသည်။

"ကျောက်တုံး ကျုပ်ကို မသတ်ပါနဲ့"

ကပျာကယာ တောင်းပန်လိုက်လေသည်။

ကျောက်တုံးက...

"ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံမယ်ဆိုရင် ကျုပ်က လက်ဖျားနဲ့တောင် တို့မှာ မဟုတ်ပါဘူးဗျာ"

ကျောက်တုံး အကြောင်း ကောင်းစွာ သိထားသော ချင်းလီ ခေါင်းညိတ်လိုက်လေသည်။

"ငါအဖမ်းခံပါ့မယ်ကွာ"

ကျောက်တုံးသည် ဖေးယွင်အား ကယ်တင်နိုင်တော့မည်ဟု ယုံကြည်လိုက်လေတော့သည်။

♣ ♣ ♣

## သူရဲကောင်း

"ဒေါက်..ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာခြင်းကြောင့် ကြုံးရှုဝမ် ဆတ်ခနဲ ခေါင်းထောင်လာလေသည်။

အချုပ်ခန်းအတွင်းရှိ ဖေးယွင်ကို ကြည့်လိုက်သည်။

ထို့နောက် တံခါးပေါက်ဆီသို့ လှမ်းသွားလိုက်သည်။

"ဘယ်သူလဲ"

မေးရင်း တံခါးဖွင့်ပေးလိုက်လေသည်။

တံခါးခေါက်သူမှာ ကျောက်တုံး ဖြစ်လေသည်။

"မင်းကိုး"

ကျောက်တုံး ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"



"ကိစ္စရှိလို့လား"

"ကျုပ်က တရားခံသုံးယောက်ကို လာပို့တာပါ"

ကြုံးရှုဝမ် မျက်မှောင်ကုပ်သွားလေသည်။

"တရားခံသုံးယောက် ဟုတ်လား"

"ဟုတ်ပါတယ်"

ကျောက်တုံးက လမ်းပေါ်သို့ ညွှန်ပြလိုက်၏။

လမ်းပေါ်၌ မြင်းသုံးကောင် ရှိနေသည်။

မြင်းပေါ်၌ ကြိုးတုပ်ဖမ်းဆီးခြင်း ခံနေရသူ သုံးယောက်ရှိနေပါသည်။

ဆားချို၊ အားယုံနှင့် ချင်းလီတို့ ဖြစ်လေသည်။

ကြုံးရှုဝမ်က ချင်းလီတို့ကို ကြည့်ပြီး ကျောက်တုံးဘက်သို့ ပြန်လှည့်လိုက်လေသည်။

"သူတို့က.."

"သူတို့က ငွေတိုက်ဖောက်ထွင်းသူတွေပါပဲ"

"ဩော်"

ကျောက်တုံးက အကျိုးအကြောင်း ပြောပြလိုက်သည်။

ကြုံးရှုဝမ်က သေသေချာချာ နားထောင်လိုက်လေသည်။

ကျောက်တုံး၏စကား ဆုံးသွားသောအခါ...

"လက်စသပ်တော့ တရားခံတွေက သူတို့ကိုး၊ ကောင်းတယ်၊ ဖေးယွင်ဟာ တရားခံ မဟုတ်ဘူးဆိုတာ ကျုပ်သိသားပဲ၊ သက်သေခံ၊ ငွေသားတွေနဲ့ဆိုတော့ သူတို့ကို အရေးယူရတော့မှာပေါ့"

ဟုပြောလေသည်။

ကျောက်တုံးက…

“ဖေးယွင်ကို လွှတ်ပေးမယ် မဟုတ်လားဗျာ”

ကြုံးရှုဝမ် ခေါင်းညိတ်လိုက်လေသည်။

“လွှတ်ပေးရမှာပေါ့၊ သူ့မှာ အပြစ်မှ မရှိတာ”

ကျောက်တုံး ဝမ်းသာသွားလေသည်။

ကြုံးရှုဝမ်က အံ့ဩသော လေသံဖြင့် ပြောလေသည်။

“ကျောက်တုံး၊ မင်းက ဖေးယွင်ကို ဒုက္ခပေးမယ် ထင်နေတာ၊ ခုတော့ မင်းက သူ့ကို ကူညီခဲ့တာကိုး”

ကျောက်တုံးက…

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကိုယ်ကျုပ်တောင် အံ့ဩမိပါသေးတယ်၊ ဘာပဲဖြစ်ဖြစ် သူ့မှာ အပြစ်မရှိလို့ သူလွတ်မြောက်သွားတာပဲ ဝမ်းသာစရာ ကောင်းလှပါပြီ၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး”

ကြုံးရှုဝမ်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် ကြုံးရှုဝမ်အား ကူညီနိုင်ခြင်းကြောင့် ဝမ်းသာသွားလေသည်။

ဖေးယွင်ကိုလည်း ကူညီနိုင်ခဲ့သည် မဟုတ်ပါလား။

ကျောက်တုံးက လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

ထိုစဉ်…



“မိတ်ဆွေ”

နောက်ကျောဘက်မှ ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောက်တုံး ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်လျှင် အပြေးတစ်ပိုင်း လိုက်လာသည့် ဖေးယွင်ကို တွေ့လိုက်ရလေသည်။

“ခင်ဗျားကိုး”

ဖေးယွင်သည် အနီးသို့ ရောက်လာပြီး လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

“မိတ်ဆွေ ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ”

ကျေးဇူးတင်စကားကို လှိုက်လှိုက်လှဲလှဲ ပြောလာလေသည်။ ကျောက်တုံး ပြုံးလိုက်သည်။

“ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ကျေးဇူးတင်ခံချင်လို့ ကူညီတာမဟုတ်ပါဘူး”

“ဘာပဲဖြစ်ဖြစ် မင်းမကူညီယင် ကျုပ်ဒုက္ခရောက်တော့မှာပါ”

ဖေးယွင်သည် ကျောက်တုံးအား အမှန်ပင် ကျေးဇူးတင်နေသည်။

“ကျုပ်ဟာ သည်မြို့မှာ တစ်ကြိမ် နာမည်ပျက်ခဲ့တယ်၊ ဒါကြောင့် ကျုပ်ဘဝကို ပြန်ပြီး အဖတ်ဆယ်ဖို့ ကြိုးစားနေတာ၊ ခုလည်း ငွေတိုက်မှာ အလုပ်ရတာက ဘာမှ မကြာသေးဘူး၊ ပြဿနာ ပေါ်လာတာ၊ မင်းသာ မကူညီဘူးဆိုယင် မတွေးဝံ့စရာပါပဲ”

ကျောက်တုံးက...

"ခင်ဗျားကို ဒုက္ခပေးချင်တဲ့ လူတွေ ရှိနေတယ်၊ ခင်ဗျား သတိထားမှ ဖြစ်မယ်"

ဖေးယွင်က...

"ကျုပ်သိပါတယ်၊ ဒါပေမယ့်.."

အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် ဖေးယွင်မှာ ဓားကိုင်ဆောင်ခွင့် မရတော့ချေ။

ဓားကိုင်ဆောင်ခြင်း၊ တိုက်ခိုက်ခြင်းများ ပြုလုပ်ပါက ချက်ခြင်း ဖမ်းဆီးအရေးယူခြင်း ခံရလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် ဖေးယွင်သည် အစ်ကိုကြီးကျန်းမာက သူ့အား ဒုက္ခပေးမည် ဖြစ်ကြောင်း သိရှိထားလေသည်။

သို့သော် ကျန်းမာကို ရင်ဆိုင်ဖို့ လောလောဆယ် သူကြိုးစားနိုင်မည် မဟုတ်ပါ။

ကျောက်တုံးက...

"ခင်ဗျား တကယ်တမ်း ကျေးဇူးတင်ချင်ရင် မုန်းလျှံကို ကျေးဇူးတင်ပါဗျာ၊ မုန်းလျှံက ခင်ဗျား ဒုက္ခရောက်အောင် ကျုပ်လုပ်ခဲ့တယ်လို့ ထင်နေတာဗျ"

ဖေးယွင်က...

"မင်း မလုပ်ဘူးဆိုတာ သူသိရအောင် လက်တွေ့ပြလိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

ကျောက်တုံး ဝန်ခံလိုက်သည်။



ဖေးယွင်က...

"မင်းက ကျစ်ဆံမြီးရှည် ရှိတဲ့လူဆိုရင် ကြည့်လို့ မရဘူးလို့ ငါသတင်းကြားမိတယ်"

"ဒါလည်း အမှန်ပဲဗျ"

"ဒါဖြင့် ကျုပ်ကိုကော ကြည့်လို့ မရဘူးပေါ့ ဟုတ်လား"

ကျောက်တုံး ဘာမှ မပြောဘဲ နေလိုက်လေသည်။

ဖေးယွင်၏မျက်နှာ တည်သွားလေသည်။

"သေချာတာကတော့ မုန်းလျှံက ကျုပ်ကို ကြည့်လို့ မရတော့ဘူး"

"ဟင်"

ကျောက်တုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဖေးယွင်က...

"ကျုပ် ပထမတစ်ကြိမ် အဖြစ်ဒဏ်ခံလိုက်ရကတည်းက မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ သူက ကျုပ်ကို သဘောမကျတော့ဘူး"

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တာဗျာ"

"ဟုတ်တယ်၊ သည်လိုဖြစ်မယ် ကျုပ်မထင်ခဲ့ဘူး။ ဟိုတစ်နေ့က ကျုပ်အလုပ်လုပ်မယ်၊ ငွေစုမယ်၊ ပြီးရင် သူ့ကို လက်ထပ်ခွင့် တောင်းမယ်လို့ ပြောလိုက်တော့ သူက လက်မခံတော့ဘူး"

"ဘာကြောင့်လဲဗျ"

"သူ ဘာကြောင့် စိတ်ထားပြောင်းလဲသွားတယ်ဆိုတာ

ကျုပ်လည်း မပြောတတ်ဘူး"

ဖေးယွင်က ကျောက်တုံးကို စိုက်ကြည့်ကာ ဆက်ပြောလိုက်လေသည်။

"မင်းက သူတို့အိမ်မှာ ရောက်နေတာကြောင့်လည်း ဖြစ်နိုင်တာပေါ့"

"ဟာ ဘာဆိုင်လို့လဲ"

"ကျောက်တုံး၊ မုန်းလျှံဟာ ဘယ်လို မိန်းကလေးလဲဆိုတာ မင်းသိသလား"

"သူက ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဟုတ်တယ်၊ အသည်းနှလုံး အေးစက်မာကျောတဲ့ မိန်းကလေးပဲ၊ သူ့မှာ အသည်းနှလုံးမရှိဘူး ထင်ရတယ်၊ ခံစားချက်ကင်းမဲ့တယ်၊ သွေးအေးတယ်"

ကျောက်တုံး ပြုံးလိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့နှစ်ယောက် ဘယ်လိုဖြစ်ပြီး ချစ်သူတွေဘဝ ရောက်ခဲ့ကြတာလဲ"

ဖေးယွင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ဟာ ချစ်သူတွေ မဟုတ်သေးပါဘူး"

"အားလုံးကတော့ သည်အတိုင်း ပြောကြတာပဲ မဟုတ်လား"

"ကျုပ်တို့နှစ်ယောက်က မြင်းတစ်ကောင်ကြောင့် ပတ်သက်မိကြပြီး ခင်မင်ရင်းနှီးသွားကြတာပါဗျာ"

"မြင်းရိုင်းတစ်ကောင်"



"ဟုတ်တယ်"

ဖေးယွင်က မုန်းလျှံနှင့် ခင်မင်ရင်းနှီးခဲ့ရပုံကို ပြောပြလိုက်လေသည်။

♣ ♣ ♣

ထိုစဉ်က ဖေးယွင်သည် ကျန်းမာထံ၌ အလုပ်လုပ်နေချိန်ဖြစ်လေသည်။

ဖေးယွင်သည် အားလပ်ရက်ဖြစ်၍ မြို့ပြင်သို့ ထွက်လာခဲ့သည်။

မြို့တောင်ဘက်၌ မြက်ခင်းများ ရှိပြီး မြင်းရိုင်းများ ရောက်လာတတ်သည်။

ဖေးယွင်က မြင်းရိုင်းတစ်ကောင်လောက် ဖမ်းဆီးမည်ဟု စိတ်ကူးထားလေသည်။

ဖေးယွင် ထွက်လာရင်း မြက်ခင်းပြင်အနီးသို့ ရောက်လျှင်..

"ဟီး...ဟီး...ဟီး"

မြင်းဟီသံများ ကြားလိုက်ရလေသည်။

"မြင်းရိုင်းတစ်ကောင်ပဲ"

ဖေးယွင် ဝမ်းသာသွားလေသည်။

မြင်းဟီသံ ထွက်ပေါ်လာရာဆီသို့ ပြေးလွှားသွားလိုက်သည်။

မြက်ပင်များကို ဖြတ်သန်းပြေးလွှားသွားရင်း တစ်နေရာ

သို့ အရှေ့ကတွင် ကဆုန်ပေါက် ပြေးလွှားနေသော မြင်းတစ်ကောင်ကို တွေ့လိုက်ရလေသည်။

မြင်းရိုင်းတစ်ကောင် ဖြစ်သည်။

မြင်းပေါ်၌ လူတစ်ယောက် ရှိနေသည်။

ထိုလူက မြင်းရိုင်းကို ဖမ်းဆီးနေခြင်း ဖြစ်သည်။

သို့သော် ထိုလူသည် မြင်းရိုင်းကို နိုင်အောင် မထိန်းနိုင်ဘဲ အခက်ကြုံနေလေတော့သည်။

"ဟင် မိန်းကလေးတစ်ယောက်ပါလား"

မြင်းရိုင်းဖမ်းဆီးသူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေပါသည်။

ထိုမိန်းကလေးသည် မြင်းရိုင်းကို ကြိုးကွင်းဖြင့် ပစ်ဖမ်းခဲ့သည်။

ကြိုးကွင်းစွပ်မိနေသော မြင်းရိုင်းကို ချုပ်ထိန်းနိုင်အောင် ခုန်တက်စီးနင်းပြီးမှ ထိန်းမနိုင် သိမ်းမရ ဖြစ်နေပုံ ရှိလေသည်။

"မိန်းကလေးတော့ ဒုက္ခပါပဲ"

ဖေးယွင်က ကူညီရန် ဆုံးဖြတ်ကာ ချက်ခြင်းပြေးသွားလိုက်လေသည်။

"မိန်းကလေး မြင်းပေါ်က မကျစေနဲ့ သတိထား"

သတိပေးယင်း မြင်းရိုင်းအနီးသို့ ချဉ်းကပ်ကာ ချုပ်ကိုင်လိုက်လေသည်။

ဖေးယွင်က မြင်းရိုင်းတို့၏သဘာဝကို ကောင်းစွာ သိရှိထားလေသည်။



ထို့ကြောင့် ခဏအတွင်းမှာပင် မြင်းရိုင်းကြီး ငြိမ်ကျသွားအောင် ချုပ်ထိန်းနိုင်ခဲ့လေတော့သည်။

မြင်းရိုင်းကြီး ငြိမ်ကျသွားတော့မှ မိန်းကလေးလည်း အောက်သို့ ခုန်ဆင်းလိုက်သည်။

မိန်းကလေးမှာ မုန်းလျှံ ဖြစ်လေသည်။

မုန်းလျှံ ထိတ်လန့်နေသည်။

"အတော်ကြမ်းတမ်းတာပဲရှင့်"

ဖေးယွင်က...

"သည်ကောင်ကြီးက လန့်သွားလို့ပါ။ ခုတော့ သူ့ကို ဖမ်းဆီးထားလိုက်ပြီဆိုတာ သူသိသွားပြီလေ၊ စိုးရိမ်စရာ မရှိတော့ပါဘူး"

မုန်းလျှံက...

"ကျွန်မကို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်"

ဖေးယွင်က...

"ရပါတယ်ဗျာ၊ ကျုပ်က ဖေးယွင်ပါ"

"ကျွန်မက မုန်းလျှံပါရှင်"

သို့ဖြင့် သူတို့နှစ်ယောက် ဆုံတွေ့မိကြပြီး မိတ်ဆွေများ ဖြစ်ခဲ့ကြလေတော့သည်။

♣ ♣ ♣

"ကျုပ်တို့ဟာ မိတ်ဆွေတွေပါ၊ ချစ်သူတွေ မဟုတ်ပါဘူး၊ အကြောင်းမသိတဲ့ လူတွေက ကျုပ်တို့ဟာ ရင်းရင်းနှီးနှီး နေထိုင်ကြတာကြောင့် ချစ်သူတွေလို့ ထင်နေကြတာပါ၊ ရှင်းရှင်းပြောရရင် ကျုပ်က သူ့ကို မေတ္တာရှိခဲ့တာပါ၊ သူက ကျုပ်အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ ခုထိ ကျုပ်ဝေခွဲလို့ မရသေးပါဘူး"

ကျောက်တုံးက...

"လူတိုင်းက ချစ်သူတွေလို့ ပြောနေကြပေမယ့် ခင်ဗျားတို့နှစ်ယောက်ဟာ ချစ်သူတွေမှ မဟုတ်ဘဲကိုး"

"ကျုပ်က သူ့ရဲ့မေတ္တာကို တောင်းခံခဲ့တယ်၊ သူက စဉ်းစားမယ်လို့ ပြောပါတယ်၊ ဒါပေမယ့် ဟိုတစ်နေ့ကတော့"

"ဘာဖြစ်သလဲဗျာ"

"သူ့ကို မမျှော်လင့်ပါနဲ့လို့ ပြတ်ပြတ်သားသားပဲ ပြောလိုက်ပါတယ်"

"ဩော်"

ဖေးယွင်သည် စိတ်ဓာတ်ကျဆင်းသွားချိန်မှာပင် ချင်းလီတို့ လက်ချက်ကြောင့် နောက်ထပ် ဒုက္ခရောက်ခဲ့ရကြောင်း ကျောက်တုံး နားလည်လိုက်လေသည်။

ကျောက်တုံး သက်ပြင်းချလိုက်လေသည်။

"သူက ခင်ဗျားကို လက်ခံမယ့်သဘော ရှိပြီးမှ ဘာကြောင့် ငြင်းလိုက်ရတာလဲဗျာ"

ဖေးယွင်က...

"အဲဒါကို ကျုပ်လည်း သိချင်နေတာပါပဲ၊ မင်းကို မေးမလို့"



"ကျုပ်ကို.."

"ဟုတ်တယ်"

"ကျုပ်က ဘာပြောနိုင်မှာမို့လဲဗျာ"

ဖေးယွင်က...

"မင်းက မုန်းလျှံတို့ အိမ်မှာ နေတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"မုန်းလျှံက သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး နေတာ မင်းတစ်ယောက်ပဲ ရှိသေးတယ်"

"ဩော်"

ကျောက်တုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကျုပ်တို့နှစ်ယောက် ရင်းနှီးတယ်ဆိုတာက သည်လောက် မဟုတ်ပါဘူးဗျာ၊ သူက ကျုပ်ကို သဘောကျတာ မဟုတ်ဘူးဆိုတာ ကျုပ်သိတာပေါ့"

ဖေးယွင် ခေါင်းခါယမ်းလိုက်သည်။

"သူက သဘောကျတယ်လို့ လူတွေ အထင်ခံရတဲ့လူဟာ တကယ်တမ်း သူသဘောမကျ ဖြစ်နေတာကို ဘယ်သူမှ မသိကြပါဘူး၊ သူ့သဘော မကျဘူး ထင်ရတဲ့လူကို သူက သဘောကျချင် ကျနေမှာပေါ့ဗျာ"

"ဒါက.."

"မုန်းလျှံဟာ ဘယ်လို ထူးဆန်းတဲ့ မိန်းကလေးဆိုတာ လူတိုင်း သိပါတယ်လေ"

မုန်းလျှံက သူ့အား သဘောကျနေသည်ဟု ဖေးယွင်က

ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျောက်တုံး ရယ်မောလိုက်လေသည်။

"သူက ကျုပ်ကို သဘောကျနေတယ်လို့ ခင်ဗျား ထင်နေတာကိုး"

"ဒါအမှန်ပဲ၊ ကျုပ်က မုန်းလှုံနဲ့ ရင်းနှီးခဲ့တာ အတော်ကြာပြီ၊ သူ့အကြောင်းကို ကောင်းကောင်း သိတာပေါ့ဗျာ"

ကျောက်တုံးက...

"အင်း ကျုပ်လို ခြေသလုံးအိမ်တိုင်၊ လူပေလူတေတစ်ယောက်ကို သဘောကျတယ်ဆိုရင် သူမှားသွားမှာပေါ့ဗျာ"

ဖေးယွင်က...

"မုန်းလှုံက ဘယ်သူနဲ့မှ မတူတဲ့ မိန်းကလေးတစ်ယောက်ပါဗျာ"

ကျောက်တုံးသည်လည်း မတုန်မလှုပ် လူစားမျိုး ဖြစ်သည်။

အေးတိအေးစက် မုန်းလှုံနှင့် လိုက်ဖက်ညီသည်ဟုပင် ဆိုနိုင်ပါတော့သည်။

ဖေးယွင်က...

"မင်းတို့နှစ်ယောက် အဆင်ပြေသွားမယ်ဆိုရင် ကျုပ်ဝမ်းသာမိမှာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျောက်တုံးက ကျေးဇူးတင်စကား ပြောလိုက်မိသည်။

ဖေးယွင် အမှန်ပင် ဝမ်းသာနိုင်ပါမည်လော။



မုန်းလှုံကို ရဖို့ မကြိုးစားတော့ဘဲ နောက်ဆုတ်လိုက်တော့မည်လော။

ကျောက်တုံး မစဉ်းစားပါ။

ထိုကိစ္စကို ဖေးယွင်ကသာ စဉ်းစားရမည်ဟု သဘောထားလိုက်လေတော့သည်။

♣ ♣ ♣

ကျောက်တုံးက လမ်းမကြီးအတိုင်း လျှောက်လာခဲ့လေသည်။

လမ်းတစ်လျှောက်တွင် လူအများက သူ့အား ပြုံးပြကြသည်။ ဦးညွှတ်အရိုအသေ ပြုကြသည်။

ကျောက်တုံး အံ့ဩမိလေသည်။

"သူတို့တစ်တွေဟာ ငါ့ကို လေးလေးစားစား ရှိနေကြပါလား"

သူက လူပေလူတေတစ်ယောက် ဖြစ်သည်။

ကျစ်ဆံမြီးရှည်နှင့်လူတစ်ယောက်ကြောင့် ဒုက္ခရောက်ခဲ့ရသလို ထွက်ပြေးရှောင်တိမ်းရင်း ဒူစရိုက်ကမ္ဘာထဲ ရောက်ခဲ့ရသည်။

သူ့အား လူဆိုးတစ်ယောက်ဟု သဘောထားကာ လူကောင်းများက သဘောမကျခဲ့ကြပေ။

ယခုတော့ ချိန်တူတစ်မြို့လုံးက လေးလေးစားစား ရှိနေကြပြီ ဖြစ်လေသည်။

"မောင်ရင်လေးက သူ့ရဲ့ကောင်းလေးပဲ"

မျက်နှာချင်းဆိုင်မှ လျှောက်လာသော အဘိုးအိုတစ်ယောက်သည် အနီးသို့ ရောက်လျှင် ချီးကျူးစကား ပြောလိုက်လေသည်။

"ကျွန်တော်က သည်လောက် မဟုတ်သေးပါဘူးဗျာ"

အခြားတစ်ယောက်ကလည်း...

"ငွေတိုက်ကို ဖောက်ထွင်းခဲ့တဲ့ လူဆိုးတွေကို ဖော်ထုတ်ဖမ်းဆီးပေးတာကြောင့် တစ်မြို့လုံးက မောင်ရင်လေးကို ကျေးဇူးတင်နေကြမှာပါ"

ဟုပြောပြန်သည်။

ကျောက်တုံး မျက်နှာပူလာလေသည်။

ထို့ကြောင့် အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ဆိုင်ထဲ၌ စားသောက်သူ ဆယ့်လေးငါးယောက် ရှိနေပါသည်။

ထိုလူများသည် ကျောက်တုံးကို မြင်လျှင် ဝိုင်းပြီး နှုတ်ဆက်ကြလေသည်။

"မောင်ရင်လေးအတွက် ကျုပ်တို့ ဒကာခံ ကျွေးမွေးပါရစေ"

ဟုပြောကာ စားသောက်ဖွယ်ရာများ မှာကြားပေးကြလေသည်။ ကျောက်တုံး အခက်ကြုံသွားတော့သည်။

"ဒုက္ခပဲ၊ ချင်းလီတို့ လူစုကို ဆုံးမလိုက်တာနဲ့၊ သည်မြို့က လူတွေဟာ ငါ့ကို သူ့ရဲ့ကောင်းတစ်ယောက်လို့ ထင်နေကြပြီ၊ သည်



အတိုင်းဆိုရင် လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားလို့ ရနိုင်တော့မယ် မထင်ဘူး"

ထိုစဉ် စားသောက်ဆိုင်ပိုင်ရှင်က အနီးသို့ ရောက်ရှိလာလေသည်။

"မိတ်ဆွေလေးအတွက် ကျသင့်ငွေကို ကျုပ် မယူပါဘူး၊ ကျုပ်ဆိုင်ကို ဘယ်အချိန်ပဲ လာစားစား ကျုပ် ငွေမယူဘဲ ကျွေးမွေးပါ့မယ်၊ ဒါဟာ မိတ်ဆွေလေးကို ဂုဏ်ပြုတာပါဗျာ"

ကျောက်တုံး ခေါင်းကုပ်လိုက်လေသည်။

"သူတို့က ငါ့ကို အနုနည်းနဲ့ သည်မြို့က မောင်းထုတ်နေကြတာ ထင်ပါရဲ့"

ဟုလည်း စိတ်ထဲ တွေးလိုက်လေသည်။

ကျောက်တုံးသည် အားတုန့်အားနာဖြင့် အနည်းငယ် စားသောက်ပြီးလျှင် အားလုံးကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ကျောက်တုံးသည် ဘယ်ကိုမှ မသွားတော့ဘဲ မုန်းလျှံ၏ အိမ်သို့ ပြန်လာခဲ့လေသည်။

မုန်းလျှံက အသင့်စောင့်ကြိုနေ၏။

အုံ့ဩစရာကောင်းအောင်ပင် သူမ၏မျက်လုံး ပြုံးရွှင်နေလေသည်။

"ရှင်ပြန်လာပြီလား"

ကျောက်တုံးက...

"ဟုတ်တယ်၊ ကျုပ်အနားယူဖို့ လိုနေပြီ ထင်တာပဲ"

မုန်းလျှံက...

"ဖေးယွင်အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်ရှင်"

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ကို အထင်မလွဲရင် ပြီးတာပါပဲ"

မုန်းလျှံက ကျောက်တုံးကို စိုက်ကြည့်လိုက်လေသည်။

"ကျွန်မအထင်လွဲတာကို သဘောမကျလို့ ရှင်က ဖေးယွင်ကို ကူညီလိုက်တာလား"

ကျောက်တုံး ဘာမှ မပြောဘဲ နေလိုက်လေသည်။

မုန်းလျှံက...

"ရှင်ဟာ အစ်ကိုကြီးကျန်းမာနဲ့ ပတ်သက်နေတဲ့ လူတစ်ယောက်ဆိုတာ ကျွန်မ သိပါတယ်"

ကျောက်တုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မုန်းလျှံက သူ့အား လူဆိုးတစ်ယောက်ဟု သတ်မှတ်လိုက်သည် မဟုတ်ပါလား။

သူက လူဆိုးတစ်ယောက် ဖြစ်ခဲ့ရသည်ကိုမူ မည်သူမျှ သိ



နိုင်ကြမည် မဟုတ်ပါချေ။

မုန်းလျှံက...

"အစ်ကိုကြီးကျန်းမာဟာ အသေရရ အရှင်ရရ ဆုငွေ ထုတ်ခံထားရတဲ့ လူဆိုးကြီးတစ်ယောက်ရှင့်၊ တစ်ချိန်က သူဒုက္ခပေးခဲ့လို့ ဖေးယွင် ဒုက္ခရောက်ခဲ့ရတယ်၊ ဖေးယွင် ပြန်ရောက်လာတော့ သူ့ကို ဒုက္ခပေးမှာ ကြောက်ပြီး ထပ်ဒုက္ခပေးဖို့ ကြံစည်နေတာပဲ"

ကျောက်တုံးက...

"မင်းက ဒါတွေ သိထားတာကိုး"

မုန်းလျှံက...

"ကျန်းမာ အကြောင်းကို လူတိုင်း သိကြတာပဲ၊ သူဟာ တောထဲတောင်ထဲမှာ ပုန်းလျှိုးကွယ်လျှိုးနေတယ်၊ တပည့်တပန်းတွေ အသုံးချပြီး မကောင်းမှုတွေ ကျူးလွန်နေတာ"

ကျောက်တုံး သက်ပြင်းချလိုက်သည်။

"အရင်က သူနဲ့ ပတ်သက်ခဲ့ဖူးတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ခုချိန်မှာ ပတ်သက်စရာအကြောင်း မရှိတော့ပါဘူးလေ"

မုန်းလျှံ ခေါင်းညိတ်လိုက်လေသည်။

"သည်လိုပဲ ဖြစ်ရမှာပေါ့၊ ရှင်က ဖေးယွင်ကို ကူညီခဲ့တယ်၊ ချင်းလီတို့လူစု အဖမ်းခံလိုက်ရတယ်၊ ဒါကြောင့် ကျန်းမာက ကျေနပ်မှာ မဟုတ်ဘူး"

ကျောက်တုံးသည် ဖေးယွင်အား ကူညီမိခဲ့ခြင်းကြောင့် ကျန်းမာနှင့် ရင်ဆိုင်ရနိုင်ကြောင်း တွေးမိထားလေသည်။

"ကျန်းမာက ရှင့်ကို ကျေနပ်မှာ မဟုတ်ဘူး၊ ရှင်တို့နှစ်

ယောက် ရင်ဆိုင်မိကြမှာကို တွေးပြီး မြို့က လူတွေ ဝမ်းသာနေကြတာ၊ ရှင်ကပဲ ကျွန်းမာကို ရင်ဆိုင်နိုင်လိမ့်မယ်လို့ ယုံကြည်ထားကြတယ်လေ"

"လက်စသပ်တော့ သည်လိုကိုး"

"ဖေးယွင်ကလည်း ကျန်းမာကို ရင်ဆိုင်မှာပဲရှင်"

"ဟင်"

ကျောက်တုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မုန်းလျှံက...

"ဖေးယွင်ဟာ သူ့ကို နောက်တစ်ကြိမ် ဒုက္ခရောက်အောင် လုပ်တာကို သဘောကျမှာ မဟုတ်ဘူး၊ ကျွန်မက သူ့ကို လက်မခံနိုင်တဲ့အကြောင်း ပြောလိုက်တော့ ပိုဆိုးသွားတယ်၊ သူ့ဘဝဟာ ဘာမှ မထူးတော့ဘူးလို့ တွေးလိုက်မှာပဲ"

မထူးတော့ဟု သဘောထားလိုက်သည်နှင့် ဖေးယွင်သည် ဘာမဆို လုပ်ဖို့ ဝန်လေးနေတော့မည် မဟုတ်ပါ။

သူသည် ကြောက်တတ်သော လူစားမျိုးလည်း မဟုတ်ခြင်းကြောင့် ကျန်းမာကို ရင်ဆိုင်နိုင်ပေသည်။

ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"သူမှားသွားလိမ့်မယ်"

"ဘာကြောင့်လဲရှင့်"

"ကျန်းမာက ကြောက်ရောကောင်းတယ်၊ တပည့်တပန်းတွေလည်း အများကြီး ရှိတယ်၊ ဖေးယွင်တစ်ယောက်ထဲနဲ့ တတ်နိုင်မှာ မဟုတ်ဘူး"



မုန်းလျှံက...

"ဖေးယွင်ကတော့ ဘာကိုမှ စဉ်းစားတော့မှာ မဟုတ်ဘူးရှင့်"

"သူက ကျန်းမာကို ရင်ဆိုင်မယ်ဆိုယင်တော့ ကျုပ်လည်း ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူးဗျာ"

ဟုပြောလိုက်လေသည်။

♣ ♣ ♣

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

အလင်းရောင် ကွယ်ပျောက်ကာ အမှောင်ထု လွှမ်းမိုးထားလိုက်သည်။

ကျောက်တုံးက သစ်ပင်ကြီးအောက်မှ ခုံတန်းလျားလေးပေါ်၌ တစ်ယောက်ထဲ ထိုင်နေသည်။

မုန်းလျှံနှင့် ဖေးယွင်တို့အကြောင်း တွေးတောစဉ်းစားနေခြင်း ဖြစ်လေသည်။

မုန်းလျှံသည် ဖေးယွင် နာမည်ပျက်သွားခြင်းကြောင့် လက်ထပ်ဖို့ ဝန်လေးသွားသည့်သဘော ရှိလေသည်။ သို့သော်...

သူမသည် ဖေးယွင်အတွက် အစစအရာရာ စိုးရိမ်ပူပန်နေပါသည်။

ဖေးယွင် တစ်စုံတစ်ခု ဖြစ်သွားမည်ကို မလိုလားပါချေ။

အဘယ်ကြောင့် စိုးရိမ်ပူပန်နေရပါသနည်း။

ဖေးယွင်အပေါ် သံယောဇဉ် ရှိနေခြင်းကြောင့်ပင် ဖြစ်ရမည် မဟုတ်ပါလား။

ဖေးယွင်ကလည်း မုန်းလျှံကို မေတ္တာသက်ဝင်ကာ လူကောင်းသူကောင်း ဘဝဖြင့် အလုပ်ကြိုးစား လုပ်ကိုင် နေထိုင်ဖြို့ကြံရွယ်ခဲ့သည်။

ကျန်းမာက ထပ်မံဒုက္ခပေးလာသောအခါ ဖေးယွင် စိတ်ပျက်ခဲ့ရလေသည်။

မုန်းလျှံက သူ၏မေတ္တာကို လက်မခံသောအခါ အဆိုးဝါးဆုံး ဖြစ်သွားရလေသည်။

သူ့အား ဒုက္ခပေးခဲ့သည့် ကျန်းမာနှင့် ပြတ်ပြတ်သားသားရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ရပေမည်။

မုန်းလျှံနှင့် ဖေးယွင်တို့သည် တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိနေကြသည်မှာ ထင်ရှားနေပါတော့သည်။

ကျောက်တုံး ပင့်သက်ရှိုက်မိသည်။

"ငါကကော ဘယ်လိုလဲ"

ကိုယ့်ကိုကိုယ် ဆန်းစစ်ကြည့်လိုက်လေသည်။

သူကလည်း မုန်းလျှံကို မေတ္တာသက်ဝင်မိခဲ့လေသည်။

ကျောက်တုံး အံ့သြမိသည်။

သူက ကျစ်ဆံမြီးနှင့် မိန်းကလေးဆိုလျှင် အလွန်မုန်းတီးမိခဲ့သည် မဟုတ်ပါလား။

ကျောက်တုံးသည် မုန်းလျှံနှင့် ဖေးယွင်တို့ အကြောင်းကို



တွေးရင်း သူက အဘယ်ကြောင့် ကျစ်ဆံမြီးရှည်ရှိသော လူအားမုန်းတီးရသည်ကို ပြန်လည်စဉ်းစားမိလေသည်။

သူ၏အတွေးများသည် အတိတ်ကာလတစ်ခုသို့ ရောက်ရှိသွားလေတော့သည်။

♣ ♣ ♣

## မိဘမဲ့

သင်္ချိုင်းမြေ...

ကျောက်တုံးသည် သင်္ချိုင်းမြေအတွင်းရှိ အုတ်ဂူနှစ်လုံးရှေ့၌ ဒူးထောက်လျက် ဂါရဝပြုနေ၏။

ယနေ့ဆိုလျှင် သူ၏မိဘနှစ်ပါး ကွယ်လွန်သွားခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်သွားပြီ ဖြစ်လေသည်။

မိဘများ မရှိတော့သည့် နောက်ပိုင်း ကျောက်တုံးမှာ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်ရလေသည်။

"ဖေဖေ မေမေ ကောင်းရာဘုံဘဝ ရောက်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ခင်ဗျာ"

ကျောက်တုံးက မိဘနှစ်ပါးအတွက် ဆုတောင်းပေးပြီးနောက် ဒူးထောက်ရာမှ ထလိုက်လေသည်။



သင်္ချိုင်းမြေထဲမှ ထွက်လာခဲ့သည်။

ထိုစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျောက်တုံး ကြည့်လိုက်သောအခါ မြင်းစီးသမားလေးယောက်သည် လူတစ်ယောက်အား ကြိုးဖြင့် ချည်နှောင်ကာ ဆွဲလာကြသည်ကို တွေ့ရလေသည်။

မြင်းများက ဒုန်းစိုင်းပြေးကြခြင်းကြောင့် ကြိုးချည်ခံထားရသူသည် မီအောင် ပြေးမလိုက်နိုင်တော့ဘဲ မြေပေါ်လဲကျသွားလေသည်။

မြင်းစီးသမားများက ဆက်၍ ဒုန်းစိုင်းစီးနင်းသွားကြသောအခါ ထိုလူ မြေပေါ် လျှောတိုက်ကာ ပါသွားလေတော့သည်။

မြေပေါ်၌ ခလုတ်ကန်သင်းများနှင့် တိုက်မိခြင်းကြောင့် ဒဏ်ရာဒဏ်ချက်များ ရရှိကာ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေတော့သည်။

ကျောက်တုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"တော်တော်ရက်စက်တဲ့ လူတွေပဲ"

သူ လက်ပိုက်ကြည့် မနေနိုင်ပါတော့ချေ။

"ရပ်လိုက်စမ်း"

အော်ငေါက်ကာ လမ်းပိတ်ဟန့်တားလိုက်လေသည်။

ကျောက်တုံး လမ်းပိတ်ထားလိုက်ခြင်းကြောင့် မြင်းစီးသမားများ မြင်းကိုငေါက်ကာ ကပျာကယာ ရပ်တန့်လိုက်ကြလေသည်။

မြင်းစီးသမားလေးယောက် မကျေမနပ် ဖြစ်နေကြလေသည်။

"မင်း ဘယ်သူလဲ"

"ဘာကြောင့် ကျုပ်တို့ကို ဟန့်တားရတာလဲ"

"သေချင်ပြီ ထင်တယ်"

တစ်ယောက်တစ်ပေါက် အော်ငေါက်မာန်မဲလိုက်ကြလေသည်။

ကျောက်တုံးက…

"ခင်ဗျားတို့ကကော ဘယ်သူတွေလဲ"

ကြိုးဖြင့် ဆွဲခေါ်လာခြင်း ခံရသူအား ညွှန်ပြကာ ပြောလိုက်လေသည်။

"ခင်ဗျားတို့ ဘာကြောင့် သည်လောက်တောင် ရက်စက်ရတာလဲဗျ"

မြင်းစီးသမားတစ်ယောက်က…

"ကျုပ်တို့ဟာ 'လဝန်း'ကို အလုပ်အကျွေး ပြုနေရသူတွေပဲ၊ သည်လူက လဝန်းကို နှောင့်ယှက်ခဲ့တယ်၊ ဒါကြောင့် သူ့ကို ဆုံးမရတာ"

"လဝန်း ဟုတ်လား"

"ဟုတ်တယ်၊ မင်းမကြားဖူးဘူးလား"



ကျောက်တုံး ခေါင်းခါယမ်းလိုက်သည်။

"မကြားဖူးဘူးဗျ"

"သည်လောက်တောင် နာမည်ကြီးတဲ့ လဝန်းကို မင်းမကြားဖူးဘူးဆိုတာ အံ့သြစရာပဲ၊ သိုင်းလောကသားတိုင်းက လဝန်းဆိုယင် ဖိန့်ဖိန့်တုန်အောင် ကြောက်သွားကြတယ်ဆိုတာ မှတ်ထား"

"ဟား..ဟား..ဟား"

ကျောက်တုံးက ရယ်မောလိုက်လေသည်။

"သူများတွေ ကြောက်ကြပေမယ့် ကျုပ်က မကြောက်ဘူးဆိုတာ မှတ်ထားပါ"

"ဘာကွ"

"လဝန်းမကလို့ ဘယ်သူပဲ ဖြစ်ဖြစ်၊ ကျုပ် ဂရုမစိုက်သေးဘူး၊ ခင်ဗျားတို့ မတရား ဖမ်းခေါ်လာတဲ့လူကို လွှတ်ပေးလိုက်ပါ"

ကျောက်တုံးက ပြောရင်း ကြိုးများဖြင့် ချည်နှောင်ထားခြင်း ခံရသူအနီးသို့ ချဉ်းကပ်သွားပြီး ကြိုးဖြည်ပေးလိုက်လေသည်။

ထိုလူ လွတ်မြောက်သွားသော်လည်း မြေပေါ်မှ မထနိုင်ပါချေ။ ရရှိထားသော ပြင်းထန်သည့် ဒဏ်ရာများကြောင့် သေဆုံးနေပြီ ဖြစ်လေသည်။

ကျောက်တုံး မကျေမနပ် ဖြစ်သွားသည်။

"သည်လောက်တောင် ရက်စက်တာ ခင်ဗျားတို့ကို ဆုံးမရမယ်"

ထိုလူလေးယောက်ကလည်း မြင်းပေါ်မှ အသီးသီးခုန်ဆင်းလိုက်ကြလေသည်။

“ကျုပ်တို့ကကော မင်းကို ချမ်းသာပေးမယ်များ မှတ်နေသလား”

လေးယောက်သား ကျောက်တုံးအား ဝိုင်းရံထားလိုက်ကြ၏။ ကျောက်တုံး မဲ့ပြုံးပြုံးလိုက်သည်။

“ကောင်းပြီလေ၊ ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်ကြသေးတာပေါ့”

အနီးဆုံးမှ လူအား စတင်တိုက်ခိုက်လိုက်လေသည်။

ထိုလူကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

“သည်ကောင့်ကို ဆုံးမလိုက်ကြစမ်း”

“သေပေတော့”

“ယား”

ကျန်သုံးယောက်ကလည်း ညာသံများပေးကာ ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

သချိုင်းမြေရှေ့၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

ကျောက်တုံးက လက်ဝါးနှစ်ဘက်ကို အသုံးပြုလိုက်ခြင်းဖြစ်ပါသည်။

သို့သော်...

ထိုလူလေးယောက်က လက်နက်များ ကိုင်ဆွဲလိုက်ကြသောအခါ ကျောက်တုံး အခက်ကြုံသွားလေသည်။

မတတ်သာတော့ဘဲ ခါးမှဓားကို ဆွဲထုတ်လိုက်ရလေသည်။

လက်နက်စွဲကိုင်ကာ တိုက်ခိုက်ရသည်မှာ အန္တရာယ် များ



လှပေသည်။

တစ်ချက်ကလေး မှားယွင်းလိုက်သည်နှင့် အသက်ဆုံးရှုံးသွားရမည် ဖြစ်ပါသည်။

ကျောက်တုံးက ဓားမကိုင်လိုပါ။

သူ၏ဓားသိုင်းသည် ရက်စက်ကြမ်းကြုတ်သည်ဟု အများက ပြောကြသည် မဟုတ်လား။

ကျောက်တုံးမှာ မတတ်သာသဖြင့် ဓားဆွဲကိုင်လိုက်ရခြင်းဖြစ်လေသည်။

သူ၏လက်ထဲ ဓားရောက်လာသည်နှင့်...

“ဝှစ်..ဝှစ်..ဝှစ်”

စူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ဓားရိပ်များသည် မြင်းစီးသမားလေးယောက်ထံသို့ တိုးဝင်သွားလေသည်။

“အား”

“အမယ်လေး”

“သေပါပြီဗျ”

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အနီရောင်ဝတ်ထားသူသုံးယောက် လဲကျသွား၏။

တစ်ယောက်က ဒဏ်ရာရပြီး နောက်ဆုတ်သွား၏။

ထိုလူက...

“မင်းသတိထားပါ၊ လဝန်းနဲ့ ပြဿနာ ဖြစ်မိတဲ့ လူတိုင်း

သက်ဆိုးမရှည်ကြဘူး၊ မကြာခင် မင်းဆီကို လဝန်းရဲ့ သေမိန့်ဖိတ်စာ ရောက်လာလိမ့်မယ်"

စကားဆုံးလျှင် မြင်းပေါ်ခုန်တက်ကာ ဒုန်းစိုင်းနှင်၍ ထွက်ပြေးသွားတော့သည်။

"ကြီးကျယ်လိုက်တာ ဟား…ဟား…ဟား"

ကျောက်တုံး လှောင်ပြောင်ရယ်မောလိုက်လေသည်။

သို့သော်…

အနီရောင်ဝတ်ထားသူလေးငယ်ကအား ဆုံးမပြီး မကြာမီ လဝန်း၏သတင်းကို သူကြားခဲ့ရလေသည်။

လဝန်းသည် အလွန်ကြောက်စရာကောင်းကြောင်း သူမ၏ သေမိန့်ဖိတ်စာကို ရရှိသူတိုင်းသည် သူမ ပေးထားသော ရက်ချိန်း ပြည့်လျှင် သေဆုံးသွားရတတ်ကြောင်း သိုင်းလောကသားများကပင် သူမအား ကြောက်ရွံ့ကြကြောင်း သတင်းများ ကြားရလေသည်။

ကျောက်တုံးလည်း လဝန်းနှင့် ပတ်သက်မိခဲ့သည်ကို နောင်တ ရစရာ ဖြစ်လာခဲ့လေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဇာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။